www.burmeseclassic.com

ရွှေစကား
၁၁၉၂

BURMESE CLASSIC .com



# ကြယ်စင်မျိုးဝေ

## ကမ္ဘာမြေရဲ့အချစ်

www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့ အနှစ်သာရဆိုတဲ့
ပျားလူးမြက်ခါးများနှင့်
ဓားအစင်းစင်းတွေ
တစ်ခုပြီးတစ်ခုမျိုချ
စကြာဝဠာကြီးကြေမွသွားခဲ့တယ်...



BURMESE CLASSIC .com



# အပိုင်း(က)

## အခန်း(၁)

"အား ကျွန်မကို ရွံ့ရေတွေစင်ကုန်ပြီ။ ကားစီးနိုင်တဲ့ လူတန်းစားတွေကလည်းနော် နည်းနည်းတော့ ညှာတာသင့်ပါတယ်"

ရန်တွေ့သံမမည်၊ ညည်းတွားသံမပီသည့် အသံလေးတစ်ခုကြောင့် ကိုယ့်အာရုံနှင့်ကိုယ် အိမ်နံပါတ်တွေ လျှောက်ရှာနေမိသည့် ရဲဘုန်းမှာ တွန့်ခနဲသတိနှင့် လှုကပ်သွားရသည်။ သူအသံလာရာကို ကြည့်လိုက်တော့ ခပ်နွမ်းနွမ်း ကောင်မလေးတစ်ယောက်ကို မြင်လိုက်ရပါ၏။ ရုပ်ရေလေး ကတော့သနားကမားရဲ့ ဟိုဖက်ကိုတော်တော် ကျော်ရသည်။ ပန်းပုထည်အကြမ်းလေးမို့သာ။

"ဆောရီးဗျာ··ခင်ဗျားတို့မြေလမ်းကလေးက ကျဉ်းရတဲ့ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



ဗွက်အိုင်လေးတွေကလည်းရှိသေး။ ကျွန်တော့် သူငယ်ချင်းအိမ်ကို လိုက်ရှာနေမိလို့ပါ။ ကျွန်တော်တောင်းပန်ပါတယ်နော်။ ခင်ဗျားအင်္ကျီကို ရွှံ့ရေတွေ စင်သွားတဲ့အတွက် ကျွန်တော်ဘယ်လိုများ ကူညီရပါ့မလဲ"

သနပ်ခါးဘဲကြားနှင့် ကောင်မလေးမှာ အလုပ်ကြမ်းသမလေး တစ်ယောက်လည်း ဖြစ်နိုင်ပါသည်။ စတီးချိုင့်တွေ မှိုလိုပေါက်နေသည့် ခေတ်ကြီးထဲမှာ ရေးခေတ်က ဒန်ချိုင့် အဟောင်းလေးဖြင့် ထမင်းထည့် လာပုံက သက်သေခံနေလို့ပါပင်။ ကိုယ်ကျပ်ရှပ်အတွက် ခပ်နွမ်းနွမ်းနှင့် စိန်မိုက်ကယ် နက်ပြာလုံချည်အောက်မှ ကိုယ်ခန္ဓာလေးကတော့ ဖွံ့ဖွံ့ ထွားထွား လှလှပပ . . .

အင်္ကျီအဖြူကွက်လေးခမျာ . . . ရွှံ့ရေတွေ တော်တော်များများ စင်သွားခဲ့ပြီမို့ သူကလေးကို ကိုယ်ဘယ်လို ကူညီပေးရမလဲ ဘယ်လို အကူအညီပေးသင့်သလဲ ရဲဘုန်း စဉ်းစားနေမိသည်။ လေလောဆယ် သူငယ်ချင်းအိမ်ရှာဖို့တောင် ခေတ္တမေ့သွားရ၏။ ရဲဘုန်းသည် စိတ်သဘောထား နူးညံ့သူ၊ လူတစ်ဖက်သားအပေါ် ကိုယ်ချင်းစာတတ်သူ ဖြစ်သည်မို့ ကောင်မလေး၏ အခက်အခဲအတွက် စိတ်မကောင်း ဖြစ်နေ မိပါ၏။

ရဲဘုန်းသူ့ကားကိုခေတ္တရပ်လိုက်ပြီး ကောင်မလေးထံလျှောက် သွားခဲ့သည်။ အနားရောက်သွားမှ ကောင်မလေးသည် တော်တော်ငယ်





သေးကြောင်း တွေ့ရသည့်အပြင် ငိုတော့မည့်ရုပ်ကလေးကလည်း အထင်း သား။

"ဒုက္ခပဲ ကျွန်မတော့ အလုပ်ပြုတ်တော့မှာပဲ ဒီလို မသပ်မရပ် ကြီးသွားလို့လည်းမဖြစ် အခုတောင်ရှစ်နာရီ ထိုးတော့မယ်"

"နေစမ်းပါဦး ညီမလေးရယ် မင်းအလုပ်က ဘယ်နေရာမှာရှိပြီး မင်းအိမ်က ဘယ်နေရာမှာမို့လဲ ကိုယ်ကူညီပါ့မယ် အခုမင်းအိမ်ပြန်ပြီး အဝတ်လဲနောက်အလုပ် ကိုကိုယ်လိုက်ပို့ရင်လည်း ရတာပဲမဟုတ်လား ကားတိုးစီးစရာမလိုတော့ . . . အချိန်မီလောက်ပါတယ်ကွာ"

သူ ကောင်မလေးကို နှစ်သိမ့်မိသည်။ ကိုယ့်အပြစ်တွေလည်း ကျေလိုကျေငြား ဖြစ်သည်။

"နေပါစေတော့ရှင် ကျွန်မဒီအတိုင်းပဲသွားတော့မယ်"

ပြောပြောဆိုဆိုဖြင့်မင် အပြေးတစ်ပိုင်း ထွက်ခွာသွားသော ကောင်မလေး၏ မျက်ဝန်းနှင့်ပါးပြင်မှာ မျက်ရည်တစ်ပွင့်က လက်ခနဲ လွင့်စင်တောက်ပကျန်ခဲ့သည်။

"အို . . ."

ရဲဘုန်းမှာ ကြောင်အန်းစွာ ရပ်ကျန်ခဲ့ရသည်။ ရင်ထဲမှာတော့ ပြက်ပြက်ထင်ထင် . . .

မျက်ဝန်းလှလှ၊ မျက်တောင်ခက်ခက်တွေဖြင့် ချစ်စဖွယ်



www.burmeseclassic.com

www.burmeseclassic.com



အညာကြာကောင်မလေး၏ ဘဝကသနားစဖွယ်။

နာမည့်တောင်မသိလိုက်ရသည့် ကောင်မလေးသည် သူ့ရင်ကို အတန်ကြာစိုးမိုးနေတော့မည်။





## အခန်း(၂)

"ဟား···ဟား···ဟား မိသက်ရယ် နင့်ပုံစံနဲ့ မဆလာသယ် မနေပါနဲ့တော့ ဗီဒီယိုမင်းသမီးသာလုပ်စား၊ ဒါမှမဟုတ်ရင်လည်း ပန်းရန်ဆရာကတော်လုပ်သိလား အမယ်မမ···ပန်းရန်ဆရာဆိုပြီးအထင် တော့ မသေးလိုက်ပါနဲ့နော် နင့်သဘော်သား ငါဘယ်ကြောက်လိမ့်မလဲ"

"တော်စမ်းပါ ကိုဘကြွားရယ် ကိုယ့်ရုပ်လည်း ကိုယ်ပြန်ကြည့် ပါဦးနော်···ဟင်း···သူ့ခွေးပေးလို့ဝက်မစား ရုပ်ကြီးနဲ့များ မိသက်ကို စိတ်ကူးယဉ်နေရသေးတယ်··"

ဆောက်လက်စတိုက်ဆီ ဖေဖေလွှတ်သဖြင့် ရဲဘုန်း[illegible]တာရ သော်လည်း စိတ်ကမပါ။ ဖေဖေလုပ်နေတာတွေ တရားရဲ့လား။ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဥစ္စာတွေသည် လူတစ်ယောက်၏အသက်နှင့် လဲလှယ်ခဲ့ရမှန်း သိခဲ့ရပြီးကတည်းက နေရတာရဲဘုန်းမပျော်တော့ပါ။

ယခုတော့ ဘွဲ့ရကလေကချေပေါ့။ ရဲဘုန်း···ဖေဖေ့လုပ်ငန်းတွေထဲလည်း ဝင်မပါချင်။ ကိုယ်တိုင်လည်း တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ချင်စိတ်မရှိ။ ဒီလိုပဲ ဖေဖေနှင့် မေမေခိုင်းသမျှ တောက်တိုမယ်ရ လုပ်ကိုင်ပေးနေမိခဲ့သည်။

ယခုလည်း စမ်းချောင်းထဲမှာရှိသည့် ဆောက်လက်စတိုက်ကလေးဆီ ဖေဖေလွှတ်သဖြင့် သူလာခဲ့ရခြင်းဖြစ်သည်။ ကားကို အပေါက်ဝတွင် ထားပစ်ခဲ့ပြီး လူကဆက်လျှောက်လာခဲ့စဉ် ပန်းရန် အလုပ်သမားတစ်စုဆီမှ ရယ်သံ၊ မောသံများ ကြားရသဖြင့် ရဲဘုန်း လှမ်းကြည့်မိ၏။

"ဟင်···"

ဟိုကောင်မလေး။ လွန်ခဲ့သည့် တစ်ပါတ်က သူ့ ကားဘီးမှ ရွှံ့ရေတို့စင်ခဲ့သည့်ကောင်မလေး။ သူဇက်လေး မနိုင့်တနိုင်ဖြင့် မဆလာ သယ်နေပုံက အသားမကျသေး။ ယခုမှ အသစ်ဝင်လုပ်တာ ဖြစ်ရမည်။ မူလက ဘာအလုပ် လုပ်သည်တော့မသိ။

သူတို့ကို ရဲဘုန်းခေတ္တရပ်ကြည့်မိသည်။ ပြီးမှ ကိုယ့်အလုပ်ပြီးစီးမှု အခြေအနေကို စစ်ဆေးရ၊ ညွှန်ကြားရပါသည်။





မြန်ခါနီးသောအခါ ရဲဘုန်း···မိသက်ဟုခေါ်သည့် ထိုကောင်မလေး၏အနားသို့ လျှောက်သွားခဲ့၏။ ကောင်မလေးမှာ သူ့ကိုမှတ်မိပုံမရ။ အေးလေ···ခဏလေးပဲ တွေ့ခဲ့ဖူးတာ မဟုတ်လား။

"မိသက်ဟုတ်လား မင်းနာမည်ဘယ်သူလဲ ဒီ အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ"

တိုက်ပိုင်သူဌေးသားက ကိုယ်တိုင်ရပ်မေးနေလျှင် အလုပ်သမလေးများအားလုံး ငေးကြောင်လန့်ဖျပ်သွားကြ၏။ မိသက်အလုပ်လုပ်တာ ထောင့်မကျိုးလို့များ ဆူမလို့လားဟု တွေးမိသူက တွေးမိသည်။

"ဟို···သူကအလုပ်တော့ ကြိုးစားပါတယ် သူဌေး။ သူများနည်းတူဖြစ်အောင် ကြိုးစားလုပ်ပါတယ်"

အလုပ်သမကြီးတစ်ယောက်က ဝင်၍လျှောက်လဲချက် ပေးနေမြန်သည်။ ရဲဘုန်းအားလုံးကို အပြုံးဖြင့် လက်ဝှေ့ရမ်းပြလိုက်တော့မှ ကျန်သူများက ကိုယ့်အလုပ်ကိုယ်ဆက် လုပ်နေကြတော့သည်။ မိသက်တစ်ယောက်ထဲ ရဲဘုန်းရှေ့မှာ ငေါင်စင်းစင်းကျန်ခဲ့၏။

"ကျွန်မနာမည် မေသက်လှယ်ပါ···"

"အားပါး···နာမည်ကတော့ အပျံစားပါလား"

လူငယ်စရိုက်မို့ ရဲဘုန်းခပ်ပေါ့ပေါ့ပြောမိလျှင် မေသက်လှယ်ကလည်း ဆတ်ခနဲပြန်လည်ချေပပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကျွန်မလည်း အဖေသာအသတ်မခံခဲ့ရဘူးဆိုရင် ဒေါက်တာမေသက်လှယ်တို့ ဆရာမဒေါ် မေသက်လှယ်တို့ ဖြစ်ချင်ဖြစ်သွားမှာပေါ့ရှင်"

မေသက်လှယ်၏စကားကြောင့် ရဲဘုန်း ဆတ်ခနဲ တုန်လှုပ်သွားခဲ့၏။ သူ့အဖေက အသတ်ခံခဲ့ရတယ်ဆိုပါလား။ ကိုယ့်အဖေကလည်း လူတစ်ယောက်ကိုသတ်ပြီး ကြီးပွားချမ်းသာ လာခဲ့သူလေ . . .

"နေစမ်းပါဦး မင်းအဖေက ဘာဖြစ်လို့အသတ် ခံရတာ လဲ ဘယ်တုန်းကလဲ . . . အခုရောမင်းဘယ်သူနဲ့ နေသလဲ . ."

ရင်မှာတုန်လှုပ်စိတ်က ပြင်းထန်လာသဖြင့် ရဲဘုန်း၏မေးခွန်းများက ရေဝဲခွန်နှယ်ဆက်တိုက် . . .

သူ့မေးခွန်းများကို မေသက်လှယ်က တစ်ရစ်ချင်း ဖြေဆိုလေသည်။

"ကျွန်မအဖေအသတ်ခံရတာ လွန်ခဲ့တဲ့ (၇)နှစ် ကပါ၊ ဒီလိုပဲ ရွာကလူတွေနဲ့အတူ ဖားကန့်ကိုကျောက်တူး ရအောင်လိုက်သွားတာ သူများတွေသာ ပြန်ရောက်လာတယ်။ အဖေကတော့ အသတ်ခံကျန်ခဲ့ရတယ်။ အဲဒီအဖေကိုသတ်တဲ့လူကို ဘယ်တော့မှမကျေဘူး . . ."

ခံပြင်းသော မေသက်လှယ်၏မျက်နှာလေးက မာန်ဗီနေသည့် မြွေဟောက်မလေးနှယ် . . .

"ဘာလို့အသတ်ခံရတာလဲ . . . အချင်းချင်းမှုပြီးတော့လား"





"မဟုတ်ဘူး . . . တစ်နေ့ အဖေကျောက်အောင်သတဲ့ အဲဒါ လုပ်ဖော်ကိုင်ဖက် သူ့မိတ်ဆွေတစ်ယောက်က မလိုမုန်းတပတ်နဲ့ခေါ်သွားပြီး အပြတ်ရှင်း၊ အပျောက်ရိုက်လိုက်တယ်ပြောတယ်။ အဲဒီအဖေ့ကိုသတ်တဲ့ လူနာမည်က ဒင်ကြီးတဲ့ သူ့ဟာန်ပန် အသွင်အပြင်ကိုလည်း ပြန်ပြောပြကြပါတယ် . . ."

အဖြစ်အပျက်တွေ ဆင်တူနေတော့ ရဲဘုန်း စိတ်မသိုးမသန့်ဖြစ်လာခဲ့သည်။ ဒီကောင်မလေးရဲ့အဖေနဲ့ သူ့အဖေဟာ ဆက်ဖပ်နေလေသလား။ ဒင်ကြီးဆိုတာ ဖေဖေလား . . .

"အဲဒါတွေထားပါဦး . . ကြားရတာ ကိုယ်တကယ် စိတ်မကောင်းဖြစ်မိပါတယ်။ ဒါနဲ့မင်းဘဝလေး ကမောက်ကမဖြစ်ရတော့တာပေါ့နော် အမေရောရှိသေးလား . . ."

"မရှိတော့ဘူး . . . အမေကတော့ မနှစ်ကဆုံးပါတယ်"

"ဒါဖြင့် မင်းအခုဘယ်လိုနေသလဲ ဘယ်သူနဲ့နေသလဲ"

"ရပ်ဆွေ၊ ရပ်မျိုး အဒေါ်ကြီးတစ်ဦးရဲ့ အိမ်မှာကပ်နေရတယ် ဒီလိုပဲ စားစရိတ်ထည့်ပေါ့နော် . . . ကျွန်မက ပညာမတတ်တော့ အလုပ်ကြမ်းတွေပဲ လုပ်ရတာပေါ့"

"ဘာလဲ စာကတစ်လုံးမှမတတ်ဘူးလား"

"၉ တန်းတော့အောင်ပါတယ် အောင်တဲ့နှစ်မှာပဲ အဖေကအသတ်ခံ အမေကစိတ်ကယောက်ကယက်ဖြစ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး၏ စကားအဆုံးမှာ နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်သွားကြတော့သည်။

ရဲဘုန်းရင်မှာ တစစ်စစ်နာကျင်နေမိပါ၏။ ဒီကောင်မလေးဟာ ဖေဖေ့ပယောဂနှင့် လွတ်သည်ပင်ဖြစ်စေ အဖြစ်ဆိုးလှသည့် သူကလေးအား . . . သူကူညီချင်စိတ်ပေါက်ခဲ့သည်။

ဒီလိုကူညီမိခဲ့လျှင်သူလည်း ဖြေသာရာရမည်။ ဖေဖေ့အပြစ်တွေလည်း ကျေတန်သလောက်ကျေမည်ထင် ၏။ အဲဒါ . . . ရဲဘုန်း၏စိတ္တဇ . . .

ကောင်မလေးကိုတော့ သေချာယနစွာ ဆက်မမေးရဲတော့ တော်ကြာဟုတ်နေလျှင် သူဘာဆက်လုပ်ရပါမည်နည်း။ နောက်မှပဲ ကိုယ်နည်းကိုယ့်ဟန်နှင့် စုံစမ်းတော့မည်။

"မင်းအကြောင်းကြားရတာ ကိုယ်စိတ်မကောင်းလိုက်တာနေပါဦး အလုပ်လုပ်တာကတော့ထားပါ ဒါပေမယ့် ဘာဖြစ်လို့ ဒီလောက်ပင်ပန်းဆင်းရဲတဲ့အလုပ်ကို ရွေးချယ်ရတာလဲ မေသက်လှယ်ရယ် ဘာလဲ ကိုယ့်ကိုယ် ကိုညှဉ်းဆဲတာလား . . ."

"မဟုတ်ပါဘူးရှင် . . . ကျွန်မအစက ကုန်စုံဆိုင်တစ်ဆိုင်မှာ အရောင်းစျေးသည်လုပ်ရပါတယ်. . . ဆိုင်ရှင်က ဇီဇာခပ်ကြောင်ကြောင်မှာ တစ်နေ့ ကျွန်မဆိုင်ကိုသွားတာ နောက်ကျသွားမိတယ်။ နောက်ပြီး ကျွန်မအင်္ကျီမှာလည်း ဂွံရေတွေစင်နေတော့ ဆိုင်ရှင်ကညစ်ညစ်ပတ်ပတ်





ကြီး လာရပါ့မလားဆိုပြီး အဲဒီနေ့ပဲ အလုပ်ဖြုတ်ပစ်လိုက်တယ်"

"မင်း အဲဒီကားသမားကို စိတ်မဆိုးဘူးလား"

ခပ်ပြုံးပြုံးဖြင့် ရဲဘုန်းမေးလျှင် မေသက်လှယ်မှာ ဇဝေဇဝါ အကြည့်ဖြင့် သူ့ကိုမော့ကြည့်နေခဲ့သည်။

"ဆိုးတော့မဆိုးပါဘူးရှင် ဒါပေမယ့် ကျွန်မအခုလို ပင်ပန်းတဲ့ အလုပ် လုပ်ရတဲ့အခါ . . ."

"ကဲ . . . ကဲ . . . ကိုယ်တောင်းပန်ပါတယ်နော်၊ အဲဒီနေ့က မင်းကိုရွှံ့ရေစင်စေခဲ့တဲ့ ကားသမားဟာ ကိုယ်ပါ၊ အဲဒီအတွက် ကိုယ် မေသက်လှယ်ကို သင့်တော်တဲ့အလုပ် တစ်ခုရှာပေးပြီး အဆင်ပြေအောင်ကူညီပါ့မယ် ကဲ . . . မင်း အခုအိမ်ပြန်ပေတော့ နောက်နေ့ မင်းအိမ်ကိုယ်လာခဲ့မယ် ဟိုတစ်ခါတွေ့တဲ့နေရာပဲလား . . ."

"ဟုတ် . . . ဒါပေမယ့် ဟိုအလုပ်မဆင်းရင် ဒီနေ့ ပိုက်ဆံမရရင် ဒေါ်ကြီးစိန် စိတ်ဆိုးလိမ့်မယ်"

မေသက်လှယ် စိုးရိမ်ပူပန်သံကြောင့် သူပြုံးမိသွားပြီး သူကလေး၏ နေ့တွက်ကိုရှင်းပေးလိုက်ရသည်။

အလုပ်သမားများမှာ သူတို့ကိုကြည့်ပြီး ငေးမော အံ့သြလျက်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

အဆောင်ညှော့ခန်းမှ ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ခေတ္တရပ်ကြည့်ပြီး မေသက်လှယ် မိမိကိုယ်ကို အံ့ဩနေမိသည်။ လူမှာအဝတ်ကောင်းမှာအကျပ်တဲ့ . . . သူမ ဟာနတ်ရေကန်ထဲ ပစ်ချခံလိုက်ရတာလား။

ခြောက်သွေ့သောကန္တာရမှာ ဆူးရစ်ခြုံပင်ကလေး နယ်ကုတ်ကပ်ရှင်သန်ခဲ့ရသမျှ . . .ယခုမှ သူမအမောပြေရလေသည်။

ရဲဘုန်းဆိုသည့် လူကြီး၏အကူအညီဖြင့် မေသက်လှယ် "အင်ကြင်းတစ်ခိုင်"ကုန်တိုက်မှာ အရောင်းစာရေးမ အလုပ်ရခဲ့သည်။ ယခုတော့ စားဖို့လည်းမပူရ။ ဝတ်ဖို့လည်း မပူရ။ သွားရေးလာရေးကဖယ်ရီအကြိုအပို့နှင့် လစာကအသားတင်။





သိပ်လှသည့် ပန်းပင်လေးတစ်ပင်ကို မှန်ပုံးထဲမှာ တယုတယထားပြီး ရေလောင်း၊ ပေါင်းသင်လိုက်သလို မေသက်လှယ်၏အလှတွေသည် ဖျတ်ခနဲဝင်းပလင်းစွင့်လာခဲ့သည်။

ယခုလည်း ကုန်တိုက်ယူနီဖောင်းဖြစ်သည့် ကိုယ်ကျပ်အဖြူလှလှနှင့် လုံချည်စကတ်ပန်းနုရောင်သည် မေသက်လှယ်၏ခန္ဓာကိုယ်ကောက်ကြောင်းလှလှလေးမှာ အံဖတ်ချပ်ရပ်နေခဲ့၏။ ရဲဘုန်း၏ကျေးဇူးတွေပါပင်။ လစာလည်းကောင်း၊ ယူနီဖောင်း ၄-၅စုံ လည်းပေး၊ နေရေး၊ စားရေးပါတာဝန်ယူသည့် အလုပ်မျိုးကို ရှာပေးလိုပေါ့။

"ကဲ မှန်ကြီးလည်းပေါက်ထွက်ပါဦးမယ်နော် သက်လှယ်ကလှပြီးသားပါ တို့တွေအလှည့်ပေးပါဦး"

တစ်ဆောင်ထဲနေ မမခက်၏စကားသံကြားမှ အတွေးလွန်နေမိသည့် မေသက်လှယ်မှာ ရှက်ပြုံးဖြင့် မှန်ရှေ့ကခွာလိုက်သည်။

"သက်လှယ် အတွေးလွန်နေလို့ပါမမခက်ရယ် လှူကမှန်ရှေ့မှာရှိပေမယ့် စိတ်ကတခြားရောက်နေတာပါ"

"ဟုတ်ပါပြီတော် ဟုတ်ပါပြီ မမခက်ကလည်း ဘာမှမပြောလိုပါဘူးနော်"

ရယ်ရယ်မောမောနှင့်ပင် မေသက်လှယ်ကလည်း အဆောင်ရှေ့သို့ ထွက်ခဲ့လျှင်ဖယ်ရီလည်း ရောက်ရှိလာလေ၏။

ဩော်ခုတော့လည်း ဘဝသည် သက်တောင့်သက်သာ တစ်ခွင်တုန်းကတော့လေ . . .



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ( ၁ )

## အခန်း ( ၁ )

"ဖွေနှစ်လုံးနဲ့ စုန်းမလင် နင့်လင်ဘယ်သွား ကျောက်ရှာသွား။ အလိုရှင်ကျွန်မလင် ကျောက်ရှာသွား အားဟာ · ·"

ဇာတ်မင်းသမီးတစ်ယောက်နယ် ပါးစပ်ဆိုင်းတီး၊ သီချင်းတွေဆိုရင်း အမေက ကွေးနေအောင်ကနေတော့ ရပ်ကွက်ထဲမှာ ကလေးတရုန်းရုန်း မေသက်လှယ်မရှက်နိုင်ပါ။ အမေ၏ လက်ငုတ်အလုပ်ဖြစ်သည့် ခေါက်မုန့်လုပ် ရောင်းရင်း အမေ့ကိုကလေးတစ်ယောက်နယ် ထိန်းကျောင်းခဲ့ရသည်။

အမေဟာ သူမရဲ့ ကလေးလေးပေါ့ · · ·

အမေပြုံးလျှင် သူမပြုံးပြီး · · ·

အမေငိုလျှင် သူမပါငိုခဲ့ရသည်အထိ အမေနှင့် မေသက်လှယ်





သည် စွယ်တော်ရွက်နယ် သားအမိနှစ်ဦးဖြစ်သည်။

တစ်လောကလုံးမှာ အမေနှင့်သမီးသာ နှစ်ယောက် ထဲကျန်ရှိတော့သည်မို့ အမေ့ကို လေမခ၊ နေမခရအောင်ထိပြုစု စောင့်ရှောက်လိုတာ မေသက်လှယ်၏ဆန္ဒဖြစ်သည်။

သို့သော်အခြေအနေတွေကမပေး။ သူတို့မှာ ငွေကြေးဥစ္စာ ထုပ်ထုပ်ထည်ထည်မရှိ။ ရှိသည့်ပစ္စည်းလေးများကို ထုခွဲရောင်းချပြီး ကျောက်တူးသွားသည့် အဖေ့ခမျာလည်း ယခုတော့ လောကကြီးနှင့် သူမတို့သားအမိကို စွန့်ခွာသွားရပါချေပြီကော။

"အမေရေ ကားတွေတိုးဦးမယ် · · · လမ်းမဖက်မထွက်နဲ့နော်"

ဒယ်အိုးကင်းနှစ်ခုဖြင့် ခေါက်မုန့်တွင်တွင်လုပ်ရင်း မေသက်လှယ် ဈေးရောင်းကောင်းနေစဉ် အမေက လမ်းကြားဘေးမှထွက်ဖို့ဦးစူး၏။

"အမေ့ · · · အမေရေ · · · ခဏ · · · ခဏနေကြပါဦးနော်"

ခေါက်မုန့်ဝယ်မည့်သူများကို တောင်းပန်ပြီး ဒယ်အိုးကင်းလေးများကို ဘေးသို့ခေတ္တချ အမေ့နောက်သို့ မေသက်လှယ် အားချင်းလိုက်ရသည်။ ရန်ကုန်မြို့လို မြို့ကျယ်ကြီးထဲမှာ အမေပျောက်သွားလို့ရှိလျှင် မေသက်လှယ် ဘယ်လိုရှာရမတဲ့လဲ ခေါက်မုန့်းမရောင်းရတာက အရေးမကြီး။ ထမင်းမစားရလို့လည်း အရေးမကြီးပါ။

ကမ္ဘာပေါ်မှာ တစ်ဦးတည်းသာ ကျန်ရှိတော့သည့် အမေ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မေသက်လှယ်အပျော်မခံနိုင်။

"အမေ. . ."

လုံချည်လေးကို ကျစ်ကျစ်ဝတ်ရင်း သူမ အမေ့ နောက်သို့ အပြေးလိုက်ရင်း မကြာမီ လက်ဖက်ရည်ဆိုင်များ ရှေ့မှာ မီသွားခဲ့လေ၏။ ဆိုင်ထဲမှ ပွဲကြည့်ပရိသတ်အပေါင်း မှာတော့ ပြုံးသူကပြုံး၊ လှောင်သူက လှောင် ဒို့လေ. . .ကမ္ဘာကြီးထဲမှာ သူတော်စင်ဆိုတာမရှိတော့ပါဘူး။

"သာအမေ. . .အိမ်ပြန်ကြမယ်. . .သမီးက မုန့်ရောင်းနေတာ အမေရဲ့ တော်ကြာမုန့်တွေသူများလစ်သွားလိမ့်မယ်"

မေသက်လှယ် အမေ့၏ပိန်လှီလှီခါးလေးကို ဆွဲဖက်ခေါ်လျှင် အမေကရုန်းလေ၏။

"အလိုတော် လူကိုများဆွဲလား လွဲလားနဲ့ ငါ့ဘာသာ ငါ့ယောက်ျားနောက်လိုက်မလို့ နင်မသိဘူးလား ကောင်မလေးရဲ့ ငါ့ယောက်ျားကိုသက်မင်းကို နင်မသိဘူးလား။ ဟိုလူပုံချောချော အရပ် ရှည်ရှည် အသားလတ်လတ်နဲ့လေ"

"အင်းပါအမေရယ်. . .အင်းပါ. . .အဖေကလူချောပါ"

လူအများ၏ အကြည့်အမျိုးမျိုးအောက်မှပင် မေသက် လှယ်အမေ့ကို ဆွဲခါ၊ ဖက်ခါ၊ ချော့ခါ၊ မော့ခါဖြင့် အိမ်သို့ပြန် ခေါ်လာခဲ့ရပါ၏။





အိမ်ဆိုပေမယ့် ဝါးအိမ်သေးသေးလေးပေါ့နော်။ ဒေါ်လေးစိန်တို့ ခြံကလေးထဲမှာ ကပ်ဆောက်ထားတဲ့ အိမ်ကလေးပေါ့။

အမေအိမ်ပေါ်ရောက်မှ မေသက်လှယ် မုန့်ဆက်လုပ်ရ၊ မုန့်ဆက်ရောင်းရသည်။ သနားလို့ပဲဖြစ်ဖြစ်၊ စား ကောင်းလို့ပဲဖြစ်ဖြစ် မေသက်လှယ်၏ ခေါက်မုန့်သည် ရောင်းလို့ကောင်းပါသည်။ ဘာပဲဖြစ်ဖြစ် သားအမိနှစ်ယောက် မငတ်အောင်နေလို့၊ စားလို့တော့ရ၏။

အခြားအလုပ်များရှိပေမယ့်လည်း မေသက်လှယ် မရွေးချယ်။ အမေ့ကို စောင့်ရှောက်လို့ရအောင် အိုးမကွာ၊ အိမ်မကွာ ခေါက်မုန့်လုပ် ရောင်းတာပဲ ကောင်းပါသည်။

နံနက် (၉)နာရီခန့်မှာ မေသက်လှယ်ရောင်းလို့ အားလုံး ကုန်သွားခဲ့ပေပြီ။ နောက်တစ်နေ့ရောင်းဖို့ ဆန်ကွဲ၊ ထန်းလျက်နှင့် ဈေးဝယ်ဖို့ သူမဈေးသွားရဦးမည်။ အမေ့ ကိုအိမ်မှာခဏထားခဲ့ရမှာပင် မေသက်လှယ်စိတ်မချ။ အမေ လမ်းထဲမှာနေလျှင် ကိစ္စမရှိ၊ လျှောက်သွား နေလျှင်ဖြင့် ပြီးပါလေရော။ လောလောဆယ် အမေ့ကို လှမ်းအကဲ ခတ်ကြည့်သောအခါ ဆေးလိပ်ကို ထောင်းထောင်းထအောင်ဖွာရင်း သူမကို မျက်စောင်းထိုးလိုက်တာ မြင်လိုက်ရပါ၏။

"ခစ်. . ."အမေဟာ ကလေးလေးလိုပဲ သူလုပ်ချင်တာ မလုပ်ရလို့ မေသက်လှယ်ကို မကျေနပ်ပုံလေးက ချစ်စရာ [illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖွေးနေအောင်လိမ်းထားသည့် အမေ့ကို သူမတစ်ခါလောက် ဖြစ်ဖြစ် မွှေးလိုက်ချင်ပါသည်။ သို့သော် အမေကမရ။ သူ့ယောက်ျား ပြန်လာမှ မွှေးဖို့တဲ့လေ။

"ကဲ . . . အမေ သမီးဈေးသွားမလို့ ဒီဆေးလိပ်ကြီး ခဏထားပါဦး . . . တော်ကြာမီးတွေလောင်ကုန်ပါ့မယ်"

သူ့ဆေးလိပ်ကို မေသက်လှယ် ခဏယူသိမ်းသော အခါ အမေနှုတ်ခမ်းစူရုံတင်မက၊ တပွစိစိပြောတော့သည်။

"ညည်းငါ့ကို သိပ်ဆရာကြီးလုပ်ပါလား နေစမ်းပါဦး ညည်းက ငါ့အမေလား ကဲအမေဆိုရင်လည်း ထမင်းလေးတော့ ကျွေးပါဦး ဆာပြီဟ"

"ခဏနေပါဦး အမေရဲ့ မနက်က ခေါက်မုန့်(၂) ချပ်ကြီး များတောင် အမေစားထားရတယ်လေ . . . ဈေးပြန် လာတော့မှ ချက်ကျွေးမယ်နော် . . . နော်အမေ"

"ဟင်ဟုတ်လား ငါမုန့်စားထားရသလား . . . မသိ ပါဘူးအေ ငါ့ကိုအငတ်ပျားထားသလားလို့ ကဲသွားပါဖြင့် ပြန်မြန်သွား ငါထမင်း ဆာလှပြီ"

အမေကပူဆာနေသောအခါ မေသက်လှယ်ဈေး ပြေးဖို့ မြင်ရပါသည်။ ဈေးနှင့်အိမ်က မဝေးလှပါ။





"ဒေါ်ကြီးစိန်ရေ အမေ့ကိုခဏလောက် ပြန်ကြည့်လိုက်ပါဦးနော် မိသက်ဈေးသွားမလို့ ဒေါ်ကြီးမှာချင်တာလေးတွေ လှည်းမှာလိုက်"

ဒေါ်ကြီးစိန်ထံ အမေ့ကိုအပ်ပြီး မေသက်လှယ် ဈေးပြေး ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးကအပြန် လမ်းထိပ်မှာ အမေ့ကို ကလေး တရုန်းရုန်းနှင့် တွေ့ရတော့ မေသက်လှယ် အမေ့ဆီ ပြေးသွားမိသည်။

"ဟင်…အမေ့နဖူးမှာ ကွဲလိုပါလား ဘာဖြစ်လို လဲအမေရယ် မှောက်လဲသလား…ချော်လဲသလား"

အမေ့အနားရောက်မှ နဖူးကွဲသွားတာ မြင်လိုက်ရသဖြင့် မေသက်လှယ်ရင်ထဲဆို့နင့်သွားခဲ့သည်။ ခပ်သွက်သွက်ကလေး တစ်ယောက်က သူမကိုဝင်ပြော၏။

"ချော်လဲတာမဟုတ်ဘူးအစ်မ၊ ဟိုအိမ်ထဲကကောင် ခဲနဲ့ ပစ်တာ"

"ဘာ…"

ဒေါသထွက်စွာဖြင့် မေသက်လှယ် လှမ်းကြည့်သောအခါ





လုံးချင်းတိုက်ပုလေးထဲမှ ဂျစ်ကန်ကန်ကလေး တစ်ယောက်ကိုတွေ့ရသည်။ သူမလှမ်းပြီး ရန်တွေ့သောအခါ ကောင်လေးကလည်း မိုက်ရိုင်းစွာ ပြန်ပြောခဲ့သည်။

"ဟေ့ကောင်လေး နင်ငါ့အမေကို ဘာလို့ ခဲနဲ့ ပစ်ပေါက်တာလဲ"

"ပေါက်တော့ဘာဖြစ်လဲ…နင့်အမေက အရူးမို့ပေါက်တာ"

"နင့်ကိုဘာလုပ်လိုလဲဟဲ့ …နင်တော့သေမယ် သိလား"

မေသက်လှယ်ပြောရုံရှိသေး ကောင်လေးက နောက်ထပ် ခဲတစ်လုံးနှင့်ပင် သူမကိုထပ်ပစ်သဖြင့် အမေ့ကိုလက်ဆွဲပြီး မေသက်လှယ်ရှောင်ထွက်ခဲ့ရ၏။

"အမေရယ်…ဖြစ်မှဖြစ်ရလေ…"

အမေ့အတွက် ရင်နာစွာညည်းတွားရင်း မေသက် လှယ်အမေ့ကိုဆေးထည့်ပေးရသည်။ ဘဝဟာ မငြိမ်းချမ်းပါလား။

နောက်တစ်နေ့မှာတော့ အနာရှိန်ဖြင့် အမေဖျားတော့သည်။ မျက်နှာများနီလျှက် ကိုယ်တွေခြစ်ခြစ်တောက် အောင်ပူနေသော အမေ့ကိုပြုစုရင်း မေသက်လှယ်ရင်ထဲ မှာပူလောင်နာကျင်နေလေ၏။ မျက်ရည်များက ဖြေမဆည်နိုင်။

ကြည့်စမ်း…ဆင်းရဲလိုက်တာ…အဖေသာရှိမယ် ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူမကိုဒီလောက်ကသိကအောက်မဖြစ်။

အမေပါရှိမည်ဆိုလျှင် ကမ္ဘာကြီးကို မေသက်လှယ် အံတုပစ်ရဲသည်။

ရက်စက်လိုက်တဲ့ လူသတ်သမားရယ် ပစ္စည်းယူ လူသတ်နှင်ကတော့ နှင်သတ်လိုက်တာ တစ်ယောက်ထဲ လိုထင်မယ်။ နှင့်ကြောင့် အမေသေဆုံးရသလို အမေလည်း ဘဝဆုံးခဲ့ရတယ် နှင့်ကိုငါ ဘယ်တော့မှ မကျေဘူး ဒင်ကြီး ဆိုသည့် အမေ့ကို သတ်သည့်လူသတ် သမားအား နာကျည်း၊ ကျိန်ဆဲရင်း မေသက်လှယ် အမေ့အနားမှာ ငိုကြွေးနေခဲ့ရသည်။

ဆင်းရဲမွဲတေလှသော ဘဝမှာ အမေမနေပျော်တော့ဘူး ထင်ပါသည်။ ထိုနေ့ညက အမေဆုံးခဲ့သည်။





## အခန်း(၂)

ဖယ်ရီပေါ်မှာ လူကရှိနေပေမယ့် မေသက်လှယ်၏စိတ်တို့သည် လွန်ခဲ့သောကာလများသို့ ပြန်ရောက်နေခဲ့သည်။ ဆုံးရှုံးသွားခဲ့ရသည့် မိဘနှစ်ပါးအကြောင်း တွေးမိလိုက်လျှင် သူမ၏ရင်တွေ နာကျင်ဆို့နင့်နေရစမြဲ။

ထိုအတူ ဦးလေးထွန်းပြောပြခဲ့သည့် ဒင်ကြီးဆိုသည့် လူသတ်သမားကိုလည်း ယခုပင် သွားရောက်ရှာဖွေပြီး ကလဲ့စားချေ ပစ်လိုက်ချင်မိသည်။

သူကလူတစ်ယောက်ပင် သတ်လိုက်သော်လည်း ဆက်သွားနေသည့် ဘဝတွေအားလုံးအား သတ်ပစ်လိုက်သည်မည်ပါ၏။ ဤလောက၊



www.burmeseclassic.com

လူ့ဘဝကြီးထဲမှာ တစ်ယောက်ထဲသူမဖြတ်သန်း ခြောက်သွေ့နေရတာ ဒင်ကြီးကြောင့်ပင်မဟုတ်ပါလား။

အတွေးဖြင့် နာကျင်၊ နာကျည်းနေမိဆဲ အင်ကြင်းတစ်နိုင် ကုန်တိုက်သို့ မေသက်လှယ် ရောက်ရှိလာခဲ့သည်။

တစ်ခါက နေပူကြဲကြဲမှာ မဆလာသယ်ခဲ့ရတာ၊ ခေါက်မုန့်ရောင်းခဲ့ရတာ၊ ငရုတ်သီး၊ ကြက်သွန်တွေကြားမှာ အသက်ရှုကျပ်ရတာတွေသည် ယခုတော့ ပျောက်ကွယ်ခဲ့ပြီ။

စမတ်ကျကျဝတ်ဆင်ရင်း ရုပ်ပါမားကတ်လို ကုန်တိုက်ကြီးမှာ မေသက်လှယ် အလုပ်လုပ်ခွင့်ရခဲ့ပြီပေါ့။ သို့သော် သူမသည်ဘဝမှာ မပျော်တတ်တော့ပြီ။ ဆုံးရှုံး သွားသည့်မိဘ နှစ်ပါးကိုသာ တမြည်မြည် တမ်းတရင်း... ဒင်ကြီးဆိုသူအား မေတ္တာပို့ရင်းဖြင့် ဘဝကိုကျော်ဖြတ်နေရသည်။

သူမတစ်ယောက်ထဲ ဘဝကို ရင်ဆိုင်နေရသည့် အခါ မိဘနှစ်ပါးကို သတိရတမ်းတမြဲ။ ဘဝဟာ ဘာမှ အဓိပ္ပါယ်မရှိတော့။ မိဘကိုလုပ်ကျွေးပြုစုခွင့်မရသည့်ဘဝ သည် အဆင်ပြေ နေတော့ရော ဘာအနှစ်သာရရှိမှာတဲ့လဲ။

ထိုအတူဒင်ကြီးကိုလည်း သူမမမေ့။ ဖေဖေ့ သူငယ်ချင်း။ ဖေဖေနှင့်ရွယ်တူမို့ အသက်ငါးဆယ်ခန့် လူကြီးများထဲမှ "ဒင်"နာမည်ပါသူများကို မေသက်လှယ် စိတ်ဝင်စားသည်။





အရပ် ၅ပေ ၆လက်မခန့်၊ တုတ်တုတ်ခိုင်ခိုင် အသားညိုညို အထင်ရှားဆုံးကတော့ ညာဖက်လက်ပြင်မှာ ကျပ်ပြားဝိုင်းခန့် အမည်းမှတ်တစ်ခုပါသတဲ့။

ထိုမျှအရပ်နှင့် ထိုပုံစံကို အလွယ်တကူမြင်သာသော် လည်း အမည်းမှတ်ကတော့ အတော်ခက်မည်။ အင်္ကျီချွတ် မှမြင်ရမည့် အနေအထားမို့ဖြစ်သည်။

သူမတာဝန်ယူရမည့်နေရာမှာ ရောင်းပေးနေရင်း အချိန်ကျတော့ မေသက်လှယ်တို့ နေ့လည်စာစားရသည်။

မေသက်လှယ် ဒီမှာအလုပ်ဝင်နေတာ တစ်လခန့် ရှိပေပြီ။ ရဲဘုန်းကို တစ်ခါမှမတွေ့ရသေး။ သူ့ဘာဖြစ်လို ပါလိမ့် ဘယ်များခရီးလွှန်နေပါလိမ့်ဟု သူမတွေးတော သတိရနေ ဖြစ်သည်။

မည်သို့ပင်ဆိုစေ ယခုအသက်အရွယ်နှစ်ဆယ့်နှစ် အထိ ဒုက္ခသုခများဖြင့် ထွေးလုံးရစ်ပတ်နေခဲ့ရရာမှ ယခု လိုအထိုက်အလျောက် သက်သာခွင့်ရခဲ့တာ သူ့ကျေးဇူး ကြောင့်မဟုတ်ပါလား။

သူသည် မေသက်လှယ်၏ နတ်ဒေဝတာ...

မိုးနှင့်မြေလို အင   တွ၊ ဘဝတွေကွာခြားသည် ပင်ဖြစ်စေ သူမ သူ့ကိုသတိရနေမြဲ ခင်မင်တွယ်တာနေမြဲ။

"ဟိတ်...ကောင်မလေး ငေးလှချည်လား... နှီးလုပ်သာပြုတ်ရင်တော့ မဆလာပြန်သယ်နေရပယ်နော်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ဖက် ကုန်တိုက်ထဲမှာ လူရှင်းသဖြင့် မေသက်လှယ် ကောင်တာပေါ်လက်ထောက်ပြီး ငေးမောနေမိတုန်း ဖြုန်းခနဲ ရဲဘုန်း ရောက်လာခဲ့သည်။ သူမအနည်းငယ် ပျော်သွားတာပေါ့။

တကယ်ပါပဲ သူဟာကျွန်မဘဝအတွက် နေရောင်ခြည်ကလေးပါ အလင်းပေးတယ် ရဲရင့်စေတယ်...

"သွားပါ...ဦးရဲဘုန်း မကောင်းဘူးသိလား။ သက်လှယ်ကို ပစ်ထားတယ်...ဘယ်ရည်းစားတွေနဲ့ လျှောက်လည်နေအယ်"

တကယ်က ဒီလိုတွေ။ ဒီအထိတွေ ပြောရလောက်အောင် သူနှင့်သူမသည် မရင်းနှီးသေးဘူးထင်သည်။ ပြီးတော့မေသက်လှယ် ဆိုတာ ခပ်ပေါ့ပေါ့ ရုပ်ရုပ်ကောင်မလေး တစ်ယောက်မဟုတ်။ တည်ကြည် ရဲရင့်သည့် မိန်းမပျိုတစ်ဦးသာဖြစ်သည်။

ကျွံသွားမိသည့် စကားတစ်ခွန်းအတွက် အရှက်သည်းရင်း သူမမျက်ရည်ဝဲနေတော့ ရဲဘုန်းက သူမမျက်နှာကိုသေချာစွာ ငုံကြည့်နေခဲ့သည်။

"မဟုတ်တာန်းတရားတွေ မစွပ်စွဲပါနဲ့ကွယ် ကိုယ် ဖေဖေခိုင်းလို့ မန္တလေးခဏသွားနေရတာပါ။ ဖေဖေက ဟိုမှာလည်း လုပ်ငန်းလေးဘာလေး တိုးချဲ့ထားတယ်လေ"

"ဟင်...ဒါဆို ဦးရဲဘုန်းတို့က သူဌေးတွေပေါ့ ကျွန်မ ကြောက်လိုက်တာ"





မေသက်လှယ်က ကိုယ်အတွေးနှင့်ကိုယ်ပြောလျှင် ရဲဘုန်းမှာ ကြင်နာစွာ ကြည့်နေရသည်။

"မငွေးပါဘူး ။ ဖေဖေက ဖေဖေ ကိုယ်ကကိုပဲ..ထားပါဦး အဲဒီကိစ္စ သူဌေးဖြစ်တာနှင့် မေသက်လှယ်က ဘာဆိုင်လို့ ကြောက်ရမှာလဲ.. သူဌေးလည်းလူ ကိုယ်လည်းလူပဲ ဘာဖြစ်လို့ အားငယ်စိတ် မွေးရတာလဲ လူဆိုတာ သူနေရာနဲ့သူ အသုံးဝင်တာချည်းပါပဲ စက်ယန္တရား တစ်ခုလိုပေါ့ သေးငယ်တဲ့ ဝက်အူလေးတွေ၊ မူလီလေးတွေလည်း အရေးကြီးတာပဲ.."

ရဲဘုန်းက စကားရှည်ကြီးပြောနေလျှင် မေသက်လှယ်မှာ သူ့ကို တမေ့တမော ငေးကြည့်နေစမြဲ။

အရပ်ရပ်မြင့်မြင့်၊ စမတ်ကျကျနဲ့ရှင်းသန့်နေသော ကိုလူချော သည် အသားညိုသော်လည်း စိုပြေလတ်ဆတ် နေပါ၏။ မေသက်လှယ်က မျက်တောင်ကော့သူမို့ သူ့မျက်တောင် ရှည်ရှည်စင်းစင်းလေးသည် ရင်ခုန်ယစ်မူးစဖွယ်

အို.. သူမ ဘာတွေလျှောက်တွေးနေမိပါလိမ့်...

"ဟိတ် ကိုယ်ပြောတာကြားလား ကိုယ်က သူဌေးတော့ မဟုတ်ပါဘူး ဒီလောက်ကြီးကျယ် ခမ်းနားတဲ့ခေတ်ကြီးထဲမှာ ကိုယ်ဟာ ဘာဆိုဘာမှမဟုတ် မေသက်လှယ်လည်း ဘာမဟုတ်"

"ကောင်းတယ် အကုန်ဘာမှ မဟုတ်တော့ဘူး ဒါဆိုဦးရဲဘုန်း



www.burmeseclassic.com

www.burmeseclassic.com



အခု ဘာလုပ်ရအောင်လာတာလဲ ဈေးဝယ်မလို့လား ရှော့ပင်ထွက်တာပေါ့ ဟုတ်လား ကဲဝယ်လေ"

ပြုံးရောင်သန်း နေသည့် မေသက်လှယ်ကို ရင်ခုန် အံ့ဩစွာ ရဲဘုန်း ကြည့်နေမိသည်။ ဒီကောင်မလေး ဘယ်နတ်ရေကန်ထဲသို့ ခုန်ချခဲ့လေသလဲ ပြောင်းလဲမှုကပဲ အတိုင်းအဆ မရှိလေသလား သို့မဟုတ် သူကလည်း ယခုမှသေချာစွာ ကြည့်မိလေသလား မပြောတတ်တော့၊ လှပသည့်အပြစ် ကင်းစင်သည့် မျက်နှာလေးက အခြယ်အသတွေ မလွှန်အကဲဘဲ ပြေပြေလေး လင်းလက်နေသည်မှာ ဒီကုန်တိုက်ကြီးထဲ ငွေလသာနေသည့်နှယ် တော်တော်အေးချမ်းတဲ့မျက်နှာလေးပါပဲ

"ပြောလေ . . . ဦးရဲဘုန်းရဲ့ . . . ဘာဝယ်မလို့လဲ"

အခေါ်အဝေါ်ကတော့ သူ့ရင်ကို အောင့်စေ၏။ ဘယ့်နှယ် သူနှင့်ကိုယ် လွှန်ကွာလည်း သုံးလေးနှစ်ပေါ့။ ဦးရဲဘုန်းဆိုတာကြီး သည် တကယ့်ကို နားဝင်မချို။

"ဘာမှ မဝယ်ပါဘူး သက်လှယ်ကို ဒီမှာ အလုပ် သွင်းပေးပြီး ကတည်းက တစ်ခေါက်မှ မရောက်လို့ လာ ကြည့်တာပါ . . . အဆင်ပြေတယ်မို့လား ဒါနဲ့ ကိုယ့်ကို ဦးရဲဘုန်းလို့ ခေါ်တာကြီးကတော့ မကောင်းဘူးထင်တယ် အဲလိုခေါ်မယ့်အစား ဦးလေးဖြင့်ဦးလေး အန်ကယ်ဖြင့် အန်ကယ် ခေါ်တာကမှ ကောင်းပါဦးမယ် . . ."





စတိုင်မျက်မှန် အမည်းလေးကို ပင့်မရင်း သူက ခပ်လှလှ ပြောတော့ မေသက်လှယ် ရင်ခုန်ရပြန်သည်။ ဘုရားရေ ဒုက္ခတော့ ရောက်တော့မည်ထင်သည်။

"ဟုတ် . . . ဒါဆိုလည်း ဦးလေးလို့ခေါ်မယ်နော်" သူမက တည်တည်ငြိမ်ငြိမ် ပြန်ပြောလျှင် ရဲဘုန်းကလည်းမခေ။

"အိုကေ . . . ကြိုက်သလိုခေါ်ပါ တူမကြီးရေ ပြော် ဒါထက် မေသက်လှယ် ရဲ့ရက်အားက ဘယ်ရက်လဲ တစ်ပတ်မှာ နှစ်ရက် နားရက်ပေးတယ် မဟုတ်လား . . ."

"ဟုတ်ကဲ့ . . ကြာသာပတေးနဲ့သောကြာ မှာ နားရပါတယ်"

"ဒါဆို မနက်ဖြန်ပေါ့ ကိုယ်လာခေါ်မယ် အိမ်မှာ ထမင်းစား မေမေနဲ့လည်း တွေ့ရတာပေါ့ . . ."

"ရှင်"

မေသက်လှယ် လန့်ဖြန့်သွားမှုမှာ ရင်ခုန်တာကလည်း တစ်ဝက် မကပါသွား၏။ အလိုသူ့စကားကြီးက ဘယ်လိုကြီးပါလိမ့်။ သို့သော် သူကပြုံးရွှင်စွာ ဦးညွှတ်ရင်း ယဉ်ကျေးစွာ အဖြေပေးသွားခဲ့သည်။

"ရှိးရှိးသားသားပါနော် ရှိးရှိးသားသား . . ."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

လုံးချင်းတိုက်ကလေး တစ်လုံးရှေ့မှာ ရဲဘုန်း၏ကားက ရပ်သည် မေသက်လှယ် ကိုယ့်ကို အံ့ဩနေမိပါ၏။ သူမ ဘာဖြစ်လို့များ လိုက်လာမိပါလိမ့်။ သူနှင့် သူမသည် ဘာမှလည်း မဟုတ်ဘဲနှင့်။

"ရောက်ပြီ. . .ဆင်းလေ. . ."

ရဲဘုန်းက ကားတံခါးဖွင့်ပေးပြီး ခပ်ပြုံးပြုံးပြောလျှင် မေသက်လှယ် မျက်စိမျက်နှာပျက်နေမိ၏။

"ကျွန်မ ကြောက်လိုက်တာ ဟိုလေ ကိုရဲ့မေမေက တစ်မျိုးမျိုးများ ထင်သွားမှဖြင့်. . ."

"ဩော်ဒါလား မထင်ပါဘူး ကိုယ့်မေမေကသဘောကောင်းပါ





တယ် မေမေက တောသူသဘောဖြူအူစင်းလေးပါ အခု သက်လှယ်ကို ကိုယ်တော်တော်ခင်တာရယ်နောက် မိသားစုမရှိဘာမရှိနဲ့ အထီးကျန်နေတာလေးကိုလည်း စိုစိုပြေပြေ ရှိပါစေတော့ရယ်လို့ ကိုရဲ ခေါ်လာတာပါ တောင်တွေးမြောက်တွေး တွေးမနေနဲ့တော့နော် သိပ်လေးနက်လွန်းရင်လည်း ဦးနှောက်တွေ ချောင်သွားဦးမယ် တူမကြီးရဲ့ ကဲ. . .ဆင်း"

ရဲဘုန်း ရှင်းပြတော့မှ မေသက်လှယ် ဘဝင်ကျသွားရ၏ ဟုတ်သားဘဲနော်ဘဝမှာ ရိုးရိုးသားသားလည်း ခင်မင်ကောင်းပါတယ်။

"ဒီနေ့ သက်လှယ် ဝတ်ထားတဲ့ ပန်းရောင်ဝတ်စုံလေးက သက်လှယ်နဲ့လိုက်တယ်နော်. . ."

"နောက်နေတာလား သက်လှယ်မှာ ဝတ်စရာမရှိလို့ ဆိုင်ယူနီဖောင်းနဲ့ အင်္ကျီပန်းရောင် ကိုယ်ကျပ်လေးတစ်ထည် ဝယ်ပြီး စပ်ဝတ်လာရတာ. . ."

သူမက ရိုးသားစွာ ဖြောင့်ချက်ပေးလျှင် ရဲဘုန်း ပြုံးမိသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ကြွားနေရတာလဲ ဘာဘဲဖြစ်ဖြစ် သက်လှယ် လှနေပါတယ်လေ. . ."

ပြည့်စုံလှသည့် ဧည့်ခန်းထဲသို့ သူမတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်သောအခါ ဧည့်ခန်းထဲမှာ လူကြီးသုံးယောက် စကားပြောနေသည်ကို တွေ့ရသည်။ ရဲဘုန်းက သူမကိုမီးဖိုဖက်ထိတောက်လျှောက် ဆက်ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ သက်လှယ် မေမေ့ဆီသွားစို့ မေမေ ကိုယ်တို့အတွက် အုန်းနို့ခေါက်ဆွဲ ချက်ပြီးစောင့်နေတယ် . ."

သူဆွဲခေါ်ရာ နောက်သို့ မေသက်လှယ် တွန့်ဆုပ်စွာဖြင့် ပါလာခဲ့၏။ မကြာမီ မီးဖိုထဲသို့ သူမတို့ ရောက်ရှိသွားကြသည် သန့်ရပ် ခေတ်မှီသည့် ထမင်းစားခန်းနှင့် မီးဖိုသည် ရင်အေးဖွယ်ကောင်းနေ၏။

"ဟော...သားတို့ရောက်လာပြီလား...လာ သမီး ထိုင်ဒေါ်ဒေါ် က သားပြောကတည်းက သမီးဘဝလေး ကိုသနားစာနာနေမိတာလာ လာ . . .သမီးနောက်လည်း အလုပ်နားရက်တွေမှာလာပြီး စားပါ သောက်ပါကွယ်"

ရဲဘုန်းမေမေ၏ ဆီးကြိုနှုတ်ဆက်သံက ရင်အေး ကြည်နူးစဖွယ်။ သူဌေးကတော်ဆိုပေမယ့် ဝဝဖီးဖီးမရှိဘဲ သာမန်အိမ်ရှင်မ တစ်ယောက် သဖွယ် ပိန်ပိန်ပါးပါး သက်တောင့်သက်သာရှိလှသည်။ ဝတ်ဆင်ထားပုံ ကအစ ခပ်ရိုးရိုး။ သို့သော်ယခုထိ ချောမောလှပနေလေဆဲ။

ရဲဘုန်းဦးဆောင်ပြီး မေသက်လှယ်ပါ ထမင်းစားပွဲမှာဝင်ထိုင် လိုက်ကြသည်။ ရဲဘုန်းမေမေက ဟင်းရည်ချိုင့် ဖွင့်လိုက်လျှင် တစ်ခန်းလုံး ကြိုင်သင်းသွားခဲ့၏။

"သက်လှယ်...ဒါကိုယ့်မေမေ ဒေါ်ပုလဲပါ... မေမေကခုချိန်ထိ ချောတုန်းနော်. . .ကိုရဲက မေမေ့ကိုတူတယ် ဟဲဟဲ"

ကိုယ့်မအေကိုယ် ချောတယ်ပြောပြီး မျက်စိတစ်ဖက်မှိတ်ပြ





လိုက်သဖြင့် ဒေါ်ပုလဲက သူ့သားကိုချစ်စနိုး မျက်စောင်းလေးထိုးပါ၏။

"ကဲသားရေ စားမှာသာစားစမ်း . . .စကားတွေ များမနေနဲ့ သမီးလေးလည်းစားနော်...ဒီနေ့တစ်နေ့လုံး ဒေါ်ဒေါ်တို့အိမ်မှာ စားသောက် အေးအေးဆေးဆေး နေပြီးမှပြန် . . .ဘာမှအားနာစရာမရှိဘူး . . . သားကတော့ သူ့ဖအေနိုင်းတာတွေ လျှောက်လုပ်နေပစေ . . ."

"ဟုတ်...ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ် ဒါပေမယ့် သက်လှယ် တော်ကြာပြန်မှဖြစ်မှာပါ . . .အဝတ်လျှော်ဖို့၊ ခေါင်းလျှော်ဖို့တွေ . . ."

မေသက်လှယ်၏ စကားမဆုံးခင် ရဲဘုန်းက လျှင်မြန်စွာ စကားဖြတ်ပြောခဲ့သည်။

"ဟာကွာ . . .သက်လှယ်ကလည်း အဝတ်လျှော်တာ ခေါင်း လျှော်တာ ဘယ်အချိန်လုပ်လုပ်ရတာပဲ... ဒီနေ့ဒီမှာပဲ မေမေနဲ့အတူ နေလိုက် ဒါပဲ . . .မိသားစုပုံစံ လေးနေစေချင်လို့ပါ သက်လှယ်ရယ် မင်းကိုကိုယ်ပျော်စေ ရွှင်လန်းစေချင်တယ်"

ရဲဘုန်းကစိတ်အားထက်သန်နေသဖြင့် မေသက်လှယ် စိတ်ညစ် သွားမိသည်။ သူကစေတနာနဲ့ပေမယ့် သူမ အနေကျပ်နေရတာက ခက်သည်။

"စား . . .သမီးရတယ် . . .မင်းတို့ပြီးရင် ညှိခန်းထဲမှာသွားနေ မေမေဒီမှာစီမံလိုက်ဦးမယ် . . .သားဖေဖေနဲ့လည်းမိတ်ဆက်ပေး လိုက်ပါဦးကွယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်···ကျွန်မမီးဖိုထဲမှာပဲနေပြီး ဒေါ်ဒေါ်ကို ကူမယ်လေ"

"နေ···နေ···သမီးရတယ် ခဏလေးပါ··· ညှော်ခန်းက သွားစောင့် ဒေါ်ဒေါ်ထွက်ခဲ့မယ်···စကားလေး ဘာလေးအေးအေးဆေးဆေး ပြောရတာပေါ့ ···"

မစားဖြစ်တာကြာပြီဖြစ်သည့် အုန်းနို့ခေါက်ဆွဲက ဒေါ်ပုလဲ၏ စေတနာတို့ကြောင့် ပို၍စားကောင်းနေသလား မသိ။ မေသက်လှယ် အံ့ဩနေမိသည်။ သူတို့မိသားစုဟာ သူဌေးတွေ ဖြစ်သော်လည်း ဖော်ရွေသဘောကောင်းနေလို့ပါပင်။

"သက်လှယ် စားလိုကောင်းရင် ထပ်ထည့်ဦးလေ၊ ကိုယ်တော့ တော်ပြီ···ကိုယ်ကအုန်းနို့ခေါက်ဆွဲ သိပ်မကြိုက်ဘူး"

ရဲဘုန်းလက်စသတ်ချိန်မှာ သူမလည်း စားလို့ပြီး သွားခဲ့ကြ၏။ မေသက်လှယ်မှာ ခမ်းနားသောအဆင်အပြင်များကိုကြည့်ပြီး အရာရာ စိုးရွံ့သိမ်ငယ်နေမိသည်။ သူ့အဖေကြီးကရော သဘောကောင်းရဲ့လား။ အိုလေ···သဘောမကောင်းတော့လည်း နောက်ဒီအိမ်ကိုမလာရုံပဲပေါ့။

"လာ···သက်လှယ်···ထိုင်"

ဆိုဖာတစ်ခုစီမှာ သူမတို့ထိုင်ကြရ၏။ ညှော်ခန်းထဲ မှာသူ့ဖခင်နှင့် နောက်ထပ်လူတစ်ယောက်သာ ကျန်ရှိတော့ တာတွေ့ရသည်။ တစ်ယောက်ကပြန်သွားလေသလားမသိ။ ကျန်ခဲ့သည့် လူမှာထူးထူးခြားခြား။ မျက်နှာမှာအမည်းမှတ်ကြီးနှင့် ···





"ဖေဖေ ဒီနေ့သားကို ဘာခိုင်းစရာရှိသေးလဲ"

"ရှိတာပေါ့ကွ···မင်းလည်းမငယ်တော့ဘူး··· ဒီလိုပဲ ငါခိုင်းတာလုပ်ရင်း လုပ်ငန်းသဘောလေးတွေ နားလည်သွားအောင် နိုင်းနေရတာ ဒါနဲ့ဒီသူငယ်မက"

သူ့ဖေဖေ၏အမေးမှာ မေသက်လှယ်ခြေဖျားလက်ဖျားများ အေးစက်သွားရ၏။ တုတ်တုတ်ခိုင်ခိုင်နှင့် သူဌေးပုံပေါက်နေသည့် သူ့ဖေဖေသည် ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းလည်း ရှိပုံရသည်။

"ဒါသားမိတ်ဆွေပါ ဖေဖေ။ သူ့နာမည်က မေသက်လှယ်တဲ့ သက်လှယ်···ဒါကိုယ့်ဖေဖေဦးမင်းလွင်"

"သားနဲ့ကျောင်းနေဖက်လား···"

သူ့ဖေဖေအသံက မလိုတမာအသံဟု သူမထင်မိသည်။ အရွယ် မတူမှန်းသိရဲ့နှင့်။

"မဟုတ်ပါဘူးဖေဖေ···ဟို···ဒီလိုပဲခင်သွားခဲ့တာပါ။ သူ့ဘဝလေးက သနားစရာ၊ စိတ်ဝင်စားစရာ ကောင်းပါတယ်ဖေဖေ"

ကြုံရာလူကို ကိုယ့်အကြောင်းမပြောစေချင်သဖြင့် မေသက် လှယ်ကို မျက်လုံးအပြူးသားဖြင့် ကြည့်သော်လည်း သူကတော့ ဆက်ပြောနေခဲ့သည်။

"သူ့ဖေဖေကလည်း ဖေဖေတို့လိုပဲ ဖားကန့်မှာ ကျောက်သွား တူးရင်း ကျောက်အောင်တော့ အချင်းချင်း သတ်လို့သေရတာပဲဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ရဲဘုန်း၏ဖေဖေက သူ့သားစကားကို မထူးဆန်းဟန်ဖြင့် ခပ်သာသာကြည့်နေပြီး စီးကရက်တစ်လိပ်ကိုပင် မီးညှိနေလိုက်သေး၏။ ပြီးမှသူ့စကားကို ဝေဖန်ချက်ပေးသည်။

"ဒါမထူးဆန်းပါဘူး သားရယ် ဒီလောကမှာ ဒီလို ပဲဖြစ်လေ့ ရှိကြတာပဲ‥သားကသာငယ်သေးတော့ မကြားဖူး၊ မမြင်ဖူးဖြစ်နေတာပါ"

"သားမကြားဘူးလို့ မဟုတ်ပါဘူး ဖေဖေ၊ ကိုယ့် အကြောင်းနဲ့ ဆင်တူဆင်ကွဲလားဆိုပြီး . . ."

"တော်စမ်း . . . သား . . . စကားပြောတာကြည့်ပြောကွာ . . . ကဲ မင်းကိုဒီနေ့နိုင်းစရာတွေရှိတယ် . . . ဘဏ်ကို လည်းသွားရမယ် မင်း သူငယ်ချင်းကို ပုလဲလက်သာအပ်ပစ်ခဲ့ . . ."

သူ့ငွေးပိပိ သူ့ဖေဖေက တင်စီးပြောဆိုလျှင် မေသက်လှယ် မခံမရပ်နိုင်စိတ်ကို ကြိတ်မျို၍နေရပါ၏။ တော်ပြီနောက် သူ့အိမ်ကို ဘယ်တော့မှ လိုက်မလည်တော့ဘူး။ မိသားစုများနှင့် နွေးထွေးစွာ နေရတာထက် စိမ်းကားစွာ ဆက်ဆံခံရခြင်းက ရင်ကိုနာကျင်စေတော့မည်။

"ရပါတယ် . . . အန်ကယ် . . . ကျွန်မအခုပြန်မှာပါ"

"အို . . . အို . . . မဟုတ်ဘူးလေ . . . ဒီအိမ်မှာ ဘာမှ အားနာစရာမရှိပါဘူး‥အန်ကယ်က စောစောကကိစ္စတစ်ခု အတွက် စိတ်တိုနေတာနဲ့ စကားပြောမှားသွားမိတာပါ‥အေးအေးဆေးဆေးနေပါ





ကလေးမ‥မင်းဖေဖေနာမည် ကဘယ်သူ အန်ကယ်များသိမလားလို့ပါ ဖားကန့်ကတော့ အကျယ်ကြီးပဲဟေ့ . . ."

"ဖေဖေနာမည် ဦးသက်မင်းပါ‥အရပ်ရှည်ရှည် အသားဖြူဖြူ မေးစေ့မှာမှဲ့ရှင်တစ်လုံးရှိတယ် ရှေးခေတ်က မင်းသားကြီး ဦးကျော်ဆွေနဲ့ ရုပ်ဆင်တယ် . . ."

မေသက်လှယ်က ဖခင်၏ရုပ်သွင်ကိုမြင်ယောင်လျက် ခွေးခွေး မြည်မြည် ပြောနေလျှင် ဦးမင်းလွင်နှင့် ကျန်လူကြီး တစ်ယောက်မှာ မျက်ဝန်းများပြူးကျယ်အောင်ပင် စိတ်ဝင်စား နေပုံရှိကြသည်။

"ကြာပြီလား . . . မင်းအဖေ အသတ်ခံရတာ . . ."

"ဟုတ်ကဲ့ . . . (၇)နှစ်ကျော်ပါပြီ . . . ကျွန်မ (၁၄)နှစ် သမီးလောက်ကပေါ့ . . . မေမေလည်း အင်းလေ ကျွန်မအကြောင်း တွေပြောရတာ ဦးတို့စိတ်မချမ်းမသာစရာတွေ ချည်းပါပဲ . . . ကဲ ဒီနေ့စားခဲ့ရတဲ့ အုန်းနို့ခေါက်ဆွဲအတွက် အားလုံးကို ကျေးဇူးတင်ပါတယ် ကျွန်မကိုခွင့်ပြုကြပါဦးနော်"

စကားပြောနေရာမှ မေသက်လှယ် ထရပ်လိုက်လျှင် ရဲဘုန်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"မတားပါနဲ့တော့ရှင် ကျွန်မကစိတ်လွတ်လပ်မှုကို ပိုပြီးနှစ်သက် ခုံမင်ပါတယ်‥အားလပ်ရက်မှာ ကျွန်မ စိတ်ချမ်းချမ်းသာသာ နေချင်ပါစေ ကိုရဲအတန်တန်ခေါ်လို့ ကျွန်မလိုက်ခဲ့ပြီပဲနော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကိုတောင် နှုတ်မဆက်တော့ဘူးလား သက်လှယ်ရယ် သက်လှယ်တကယ်ပြန်မယ်ဆိုလည်း ကိုယ်လိုက်ပို့ရတော့မှာပေါ့"

မေသက်လှယ် ဧည့်ခန်းမှထွက်ခဲ့လျှင် နောက်မှ ရဲဘုန်းလည်း ထပ်ချပ်လိုက်ပါလာခဲ့၏။

ဧည့်ခန်းထဲမှ ဦးမင်းလွင်နှင့် အခြားတစ်ယောက်မှာ ကြောင်ငေး ကြည့်ကျန်ခဲ့ကြသည်။





## အခန်း(၄)

ရန်ကုန်မြို့ကြီးက ခိုအိမ်တွေလို မွန်းကျပ်လှသော်လည်း အပန်းဖြေစရာနေရာတွေ ပေါများလှသဖြင့် တော်သေးသည်ဟု ဆိုရမည်ပင်။

တစ်ခါကတက္ကသိုလ်နောက်ခံ အချစ်ဝတ္ထုများမှာ အင်းလျားကန်ကြီးပါသည်။ သစ်ပုတ်ပင်နှင့် ဂျပ်ဆင်ပါခဲ့သည်။

မေသက်လှယ်မှာ ဖေဖေဆုံးပါးသွားပြီဆိုတာကို သိမှ ရန်ကုန်ကိုတက်လာပြီး ဒေါ်ကြီးစိန်တို့ခြံကလေးမှာ ကပ်ရပ်နေခဲ့ရသည်မို့ ထိုအင်းလျားကန်၊ သစ်ပုတ်ပင်နှင့် ဂျပ်ဆင်တို့သည် တစ်နေရာစီလား၊ တစ်နေရာထဲလား ချိုသလား၊ ခါးသလားဆိုတာပင် မသိခဲ့ပါ . . .



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ . . . ထိုနေရာများနှင့် မေသက်လှယ်၏ဘဝသည် တစ်ခြားစီ။ သူမကနေ့တခု စားဝတ်နေရေး အတွက်ပဲ လှုပ်ရှားရုန်းကန်နေရသူ . . .

သို့သော်လည်း သူမ၏နလုံးသားထဲမှာ ထိုအရာများရှိနေဆဲ မင်းမူနေဆဲ . . .

ယခုတော့ ရဲဘုန်းအကူအညီဖြင့် တစ်ခုသော နံနက်ဦးမှာ အင်းလျားကန်ပေါင်ရိုးကြီးပေါ် သူမလမ်း လျှောက်ခွင့်ရခဲ့ပေပြီ။

"ကိုရဲကို ကျွန်မကျေးဇူးတင်တယ်၊ ခုလိုကျွန်မဆီ လာလာ တွေ့ဖော်ရတာရော . . . ကျွန်မသွားချင်တဲ့နေရာလေးတွေ ပို့ပေးဖော်ရ ကိုရောပေါ့ . . ."

"အပမ်းမကြီးပါဘူး . . . သက်လှယ်ရယ် . . . ဒါပေမယ့် အင်းလျားကန်ကြီးဟာ အချစ်ဇာတ်လမ်းပေါင်းများစွာကို ဖူးပွင့် ပေါက်ပွားစေခဲ့တဲ့ တကယ့်အဓိပတိနေရာကြီး နော်သတိထား"

ဆောင်းလေအေးက နှင်းငွေများကြားမှာ တသုန်သုန် ဖျန်းပက် နေသဖြင့် ပိုမိုတင်းကြပ်စွာ ရစ်ပတ်နေမိ၏။ သူမက တစ်ကိုယ်လုံးဝါနေပြီး၊ ရဲဘုန်းကတော့ ဘောင်းဘီ အညိုရင့်နှင့် သိုးမွေးခေါင်းစွပ်အပြာ . . .

"မနောက်ပါနဲ့ရှင် . . . ကျွန်မကရောင့်ရဲတတ်ပါတယ်၊ ဘယ် အရာမဆို တစ်ခါလောက်ရဖူးရင် ကျေနပ်ပါတယ်၊ နောက်ကိုရဲကို





အင်းလျားပို့ဖို့ မပူဆာတော့ပါဘူး။ ကျွန်မမှာအချိန်လည်းမရှိဘူးလေ၊ ဘဝကိုရုန်းကန်ရင်ဆိုင်ရတဲ့ နေရာမှာ စိတ်ကူးယဉ်တတ်တာလည်း ဒုက္ခတစ်မျိုးနော်"

မေသက်လှယ်၏အသံလေးက ညည်းညည်းညူညူ ရဲဘုန်း ကရုဏာသက်မိရပြန်သည်။

"ဒုက္ခလို့မသတ်မှတ်ပါနဲ့ သက်လှယ်ရယ် လူသားဟာကြမ်းတမ်း တဲ့ဘဝကို ရင်ဆိုင်ဖြတ်သန်းရတဲ့အခါ အဲဒီလို ကဗျာဆန်မှု၊ စိတ်ကူးယဉ်မှုလေးတွေသာ မရှိခဲ့ရင် . . . ဘဝဆိုတာဘာအဓိပ္ပါယ် ရှိဦးမှာတဲ့လဲ . . . တကယ့်ကန္တာရကြီးပဲ ဖြစ်နေတော့မှာပေါ့ . . . ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ သက်လှယ်နဲ့အတူ ဒီအင်းလျားကန်ပေါင်ရိုးမှာ ရာသက်ပန် အတူလျှောက်လှမ်းနေချင်မိတယ် . . ."

"ရှင်"

ရဲဘုန်း၏စကားကြောင့် မေသက်လှယ်ကြောင်အစွာ မော့်ကြည့် မိလျှင် သူကသူမ၏လက်ကလေးကို ဆွဲယူပြီး အနီးရှိခုံတန်းတစ်ခုမှာ ထိုင်လေ၏။ သူမတို့နှစ်ဦးမှာ ကိုယ် ချင်းထိစပ်နေအောင် နီးကပ်နေသဖြင့် မေသက်လှယ်နေရာ ရွှေ့လိုသော်လည်း သူကခွင့်မပြုချေ။

ကန်ပေါင်ရိုးမှာ လမ်းလျှောက်နေသူများမှာလည်း ပွဲတော်[illegible] တမျှ။ သို့သော် သူ့အာရုံနှင့်သူ . . .



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ပါဦး သက်လှယ်ရယ်···ကိုယ်လေ အစကတော့ သက်လှယ်ကို သနားခဲ့တယ်၊ အခုတော့ သက်လှယ်ရဲ့ တစ်ကောင်ကြွက်ဘဝလေး အထီးကျန်ဘဝလေးကို သာယာစိုပြေစေချင်တဲ့ စိတ်တွေကနေ မခွဲနိုင် တော့တဲ့အဆိ ချစ်မိသွားခဲ့ပြီထင်ပါတယ်···"

ရဲဘုန်း၏စကားကြောင့် မေသက်လှယ်ပြုံးယောင် သန်းသွားခဲ့၏။ ထင်ပါတယ်တဲ့လား ကိုရဲရယ်။ မသေချာတဲ့သဘောပေါ့နော် သို့သော် သူမမိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်ပါသည်။ မိုးကောင်းကင်ကလည်းအပြာ၊ သူကလည်းအပြာ ကောင်းကင်နှင့်မြေလွှာဟာ ဘယ်အခါ ပေါင်းစပ်ခွင့်ရှိဖူးသတဲ့လဲ···

"ဘာဖြစ်လို့ပြုံးရတာလဲ သက်လှယ်···ကိုယ်ပြောတာကို မင်းမယုံဘူးလား···"

လူယဉ်ကျေးလေး စိတ်တိုလာလျှင် မေသက်လှယ် အပြုံးရပ်ရပါ၏။ သူ့ကိုနားလည်အောင် ရှင်းပြရမည်။ အဘယ်ကြောင့်ဆို သူသည် သူမ၏အကောင်းဆုံးမိတ်ဆွေလေးမို့ပါ။

"ဘာပဲဖြစ်ဖြစ် ကိုရဲလိုပုံစံမျိုးကသာ ရည်းစားစကား ပြောရင် မည်သည့်ကောင်မလေးမဆို လက်ခံကြမှာပဲနော်"

"ဘာလဲ···မင်းကကိုယ့်ကို လှောင်နေတာလား သက်လှယ်"

ရဲဘုန်း ကွဲမြီးတိုနေပုံက ရယ်ချင်စဖွယ်။ သို့သော် သူမမရယ်နိုင်





ခဲ့။ နှလုံးသားနှင့် ဦးနှောက်ပြိုင်ပွဲ ဝင်ကြရတိုင်း နှလုံးသားသည် နာကျင်ကြေမြည့်ရစမြဲ။

"မလှောင်ပါဘူးရှင်···ကိုရဲဟာ သက်လှယ်ရဲ့ ကျေးဇူးရှင်ပါ စုတ်ပြတ်သတ်နေတဲ့ ငှက်ကလေးတစ်ကောင်ကို သင့်တင့်လျောက်ပတ်တဲ့ အသိုက်ကလေးတစ်ခုမှာ နားခိုရာရစေခဲ့တယ် သက်လှယ် ကိုရဲကို ခင်ပါတယ်၊ ကျွန်မတို့တွေခဲ့ကြတာ နှစ်လလောက်ပဲ ရှိဦးမယ်နော်"

"စကားတွေကလိုရင်းကို မရောက်တော့ဘူး၊ သက်လှယ် ကိုယ့်ကိုမချစ်နိုင်လို့ တောင်ပြောမြောက်ပြော လျှောက်ပြောနေတာလား"

အရေးကြီးသည့် စကားလုံးတွေပြောပြရတော့မည်မို့ မေသက်လှယ်အားယူနေမိသည်။ အရှေ့ဖက်ကန်ရေပြင်မှာလည်း နေလုံးကြီးက ထွက်ပြူစပြုနေခဲ့ပေပြီ။

"အချစ်ဆိုတာ ကိုရဲတော့ ဘယ်လိုခံယူတယ်မသိဘူး၊ သက်လှယ်ကတော့ အချစ်ဆိုတာ ကြောက်စရာ၊ လန့်စရာကြီးလို့ပဲ မြင်ခဲ့တယ်"

သူမ၏ပဟေဠိစကားကြောင့် ရဲဘုန်းမျက်လုံးပြူးသွား၏။

"ဘယ်လိုသက်လှယ် မင်းစိတ်တော့ ကောင်းပါတယ်နော်"

"နားထောင်ပါဦး ကိုရဲရယ် ဟိုးကမ္ဘာဦးအစကနေပြီး ဒီကနေ့ အထိ အလွှာတွေ ဘဝတွေ···"

"တော်···တော်···သက်လှယ် မင်းဘာစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့မယ်ဆိုတာ ကိုယ်သိတယ် · · ·ဒီမှာသက်လှယ်ရဲ့ ကိုရဲတို့ မိသားစုဟာလည်း မွေးကတည်းက ရွှေဇွန်းကိုက်ပြီး မွေးလာခဲ့ကြတဲ့ မိသားစုမဟုတ်ပါဘူး · · ·လွန်ခဲ့တဲ့ ၇နှစ် ၈နှစ်လောက်ကမှ ဖေဖေ ကျောက်တူးရာက ကျောက်အောင်လာခဲ့ပြီးအခုလို ကြီးပွားသွားခဲ့တာပါ။ ဖေဖေကစီးပွားရေး လုပ်တတ်တာရယ် အရင်းအနှီးရခဲ့တာရယ် နှစ်ခု ပေါင်းဆုံသွားခဲ့လို့ ခုလိုအထိုက်အလျောက်ဖြစ်လာခဲ့ရတာပါ · ·”

“ဘာပဲဖြစ်ဖြစ် ကိုရဲတို့ချမ်းသာတာက ချမ်းသာတာပါပဲ သူဌေးသားနဲ့ ဆင်းရဲသူမဇာတ်လမ်းက ဝတ္ထုထဲမှာတောင် ဖတ်လို့ မကောင်းပါဘူးရှင် · · ·အဓိပ္ပါယ်မရှိဘူး · · · သက်လှယ်စိတ်ချမ်းချမ်း သာသာပဲနေပါရစေ ကိုရဲ ကိုလည်း မိတ်ဆွေအဖြစ်က မစွန့်လွှတ်ချင်ဘူး”

ကန်ရေပြင်မှ နေလုံးနီနီ ဘွားခနဲထွက်ပေါ်လာခဲ့သည်။ ထို့အတူသူမတို့ ရင်ထဲမှာလည်း နေလုံးနီနီ။

“သက်လှယ်ရဲ့စကားတွေ အဓိပ္ပါယ်မရှိဘူး ဒါဖြင့် ရှင်ဘုရင်နဲ့ ညားတော့ မိဖုရားတို့ ရွှေပင်နားတော့ ရွှေကျေး တို့ ဆိုတဲ့စကားတွေရော ဘယ်သွားထားမလဲ။ ရွှေချင်းထပ်မှ မြတ်တာမဟုတ်ပါဘူး သက်လှယ်ရဲ့ သက်လှယ်ရဲ့ ပင်ကိုယ် အရည်အသွေးကို ကိုယ်ကြိုက်တယ် · · · အကြမ်းခံတယ် · · · အနစ်နာအပင်ပန်းအဆင်းရဲလည်း ခံနိုင်တယ်၊ ပြီးတော့တည်ကြည်တယ် · · ·”





“ဒါပေမယ့် ပညာ၊ ဥစ္စာ · · ·ဇလာ · · ·”

“ထားစမ်းပါကွာ၊ ဒါအလုပ်အင်တာဗျူးခေါ်နေတာ မဟုတ်ပါဘူး၊ အိမ်ရှင်မတစ်ယောက်ဟာ အသင့်အတင့် ပညာတတ်ရင် တော်ပြီပေါ၊ နိုင်ငံတကာနဲ့ ဆက်ဆံရအောင် ကိုယ်ကလည်းအရာရှိ၊ အရာခံ မဟုတ်ဘူး။ ကုမ္ပဏီ အလုပ်တွေ ဘာတွေကတော့ထားပါ၊ မေမေဆိုလည်း ဖေဖေ့ကို ကူနိုင်တာမှတ်လို့။ အဲဒါ ကိုယ်တို့အလုပ်ပါ၊ သက်လှယ်က အိမ်မှာပဲစီမံခန့်ခွဲ ကလေးတွေဘာတွေမွေး အဲ · · ·”

မချိုမချဉ်ပြုံးဖြင့် ရဲဘုန်းက သူမကိုစေ့စေ့ကြည့်လျှင် မေသက်လှယ် အရှက်သည်းနေရ၏။ သို့သော် သူ့ကို အလျှော့မပေးနိုင်ပါ။ ဘဝဟူသည် စကားရည်လုပွဲမဟုတ် ထို့အတူ အချစ်ဆိုတာလည်း စကားစစ်ထိုးပွဲတစ်ခုမဟုတ်ပါ။

“ကိုရဲ ဘယ်လိုပဲဆင့်ခြေတက်တက်· · ·သက်လှယ် လက်မခံ နိုင်ပါဘူး၊ ပြီးတော့ ကိုရဲရဲ့မိဘတွေကလည်း ကိုယ့် သားကို ထိုက်ထိုက် တန်တန်ဖြစ်စေချင်မှာပါပဲ · · ·ကိုရဲဖေဖေတို့ဆို · · ·”

“ဖေဖေနဲ့မေမေ သဘောတူ · · ·မတူက နောက်ကထားပါ သက်လှယ်ရယ် · · ·သူတို့သဘောတူမှကိုယ်က ချစ်ရမှာလား ကိုရဲကို ကြည့်စမ်းပါသက်ရယ် · · ·ကိုယ် မိန်းမတစ်ယောက်ကို လုံးဝတာဝန် ယူနိုင်ပါတယ် · · ·မသိဘူးကွာ ဆင်ခြေတွေထူမနေနဲ့ နလုံးသားကိုစွပဲ



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်လေးစဉ်းစား ကျန်တာတွေ ကိုယ့်တာဝန် ထားလိုက်"

သူကပြောပြောဆိုဆိုဖြင့်ပင် မေသက်လှယ်၏ လက်ကလေးတစ်ဖက်ကို ကောက်ကိုင်ပြီး သူ့ရင်မှာ အပ်ထားလိုက်သည်။ မေသက်လှယ်မှာ ခေါင်းခါနေစမြဲ . . .

"ကိုရဲဒါတော့ ကလေးဆန်တာ ဘဝဆိုတာပြီး စလွယ်စဉ်းစားလို့မရဘူး . . .ပြီးတော့ သက်လှယ်တို့က မိန်းမသားပါ"

"ဘာလဲ ဆူးပေါ်ဖက်ကျ ဖက်ပေါ်ဆူးကျလို့ ရွတ်ပြဦးမလို့လား သေချာစဉ်းစားကြည့်လေအမိရဲ့ အခုအမိ ကိုချစ်ရေးဆိုနေတဲ့သူဟာ ဆိုးသွမ်းသူလား။ လေးနက်သူ လား။ လမ်းပေါ်က ကလေကချေတစ်ကောင်လား။ လူကြီး လူကောင်းတစ်ယောက်လား။ အဲဒါတွေပါ ထည့်တွက်လေ ကိုယ့်ကိုယုံပါသက်လှယ်ရယ် ဟူး . . .မောလိုက်တာကွာ ဒီတစ်ခါ ရည်းစားစကားပြောရတာ အသက်ထွက်မတတ်ပဲ . . ."

"ဟင် . . .ကိုရဲက ဘယ်နှစ်ခါတောင် ပြောဖူးလို့လဲ"

"ကောင်မလေးကွာ နောက်လို့နောက်မှန်းတောင် မသိဘူး တစ်သက်မှာတစ်ချစ် . . .တစ်ချစ်မှာတစ်ယောက် ပေတစ်သီး . . . ကျီးတစ်သား . . ."

"ဘာတွေလဲ . . ."

"ကြားဖူးတာတွေ ရွတ်ပြနေတာပါ . . .ယုံတော့ ကောင်မလေး





ရယ် မင်းဘယ်တော့မှ ကိုယ့်ကြောင့် နောင်တ မရစေရဘူး၊ ပဲတွေလည်း သိပ်များမနေနဲ့ မနက်ဖြန်ကိုယ် မန္တလေးသွားရဦးမယ် . . ."

"ဟင် . . ."

"ဘာလဲ . . .လွမ်းသွားပြီမဟုတ်လား ချစ်ရဲ့သားနဲ့ မူမနေပါနဲ့ သက်ရယ် ကိုယ်အလွန်ဆုံးတစ်လလောက်ပဲ ကြာမှာပါ စိတ်ချသွားမယ်နော် ကိုယ်မရှိတုန်း နောက်တစ် ယောက်လည်း စဉ်းစားမနေနဲ့ဦး"

ရဲဘုန်းပျော်ရွှင်နေပုံကို ကြည့်ပြီးမေသက်လှယ်မှာ ယောင်ချာချာ။

သူက မေသက်လှယ်ကို သူ့ရည်းစားလို့ပဲ အပိုင်သဘောထားလိုက်ပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"အင်ကြင်းတစ်ခိုင်"ရုံးခန်းထဲမှာ မေသက်လှယ် မျက်ရည်ကျနေရတာ ရဲဘုန်းသိမည်မထင်။ သူကမန္တလေးမှာရှိနေမှာပဲလေ။

"ကျွန်မ . . .ကျွန်မမှာ ဘာအပြစ်ရှိလို့ပါလဲရှင်"

အလုပ်ဖြုတ်ခံရသည်မို့ အရှက်တရားတို့ကလည်း သူမရင်မှာ တရှိန်ရှိန်။ မဟုတ်သေးပါဘူး...သူမ ဘာအပြစ် တွေကျူးလွန်မိလို့တဲ့လဲ။

"ဘာအပြစ်မှမရှိပါဘူး မေသက်လှယ် ဒါပေမယ့် အန်တီတို့ အင်ကြင်းတစ်ခိုင်ရဲ့ အစုရှယ်ယာဝင်တစ်ယောက်ကကန့်ကွက်လို့ပါ အန်တီတို့က ရှယ်ယာဝင်တွေကို လေးစားရမယ်လေ...အရောင်းစာရေးကတော့ ဘယ်သူခန့်ခန့် ရပါတယ် ကဲ . . .အဲဒီမှာ နစ်နာကြေးနဲ့





ကြိုတင်လစာ . . ."

ငွေတစ်ထပ်ကို လှမ်းပေးရင်း "ကြွပေတော့" ဟူသည့် ပုံစံပြနေသည့် သူဌေးမကြီး ဒေါ်ခင်မူယာအိမ်၏ရှေ့မှ မေသက်လှယ်ထွက်ခွာခဲ့ရသည်။

ငိုပြနေလို့လည်းအပိုပါပဲ . . .

ကမ္ဘာပေါ်မှာ နလုံးသားမဲ့သူတွေ များများလာပါ သလား။ သို့သော် ကမ္ဘာကြီးသည် မေသက်လှယ်အပေါ်မှာ အကြင်နာ မိုးတွေ ရွာသွန်းမပေးခဲ့။

ဒီအလုပ်ပြုတ်ပြီဆိုမှတော့ ဒီအလုပ်နှင့်ပတ်သက်သည့်နေစရာ၊ စားစရာတွေပါ ပြုတ်ပြီပေါ့။

ဆောင်းနေကလည်း ပူပြင်းလှပါသည်။ နေလည် (၁၂)နာရီ အချိန်ကြီးပေမယ့် အချိန်နာရီတွေ သူမ၏အသိသညာထဲမှာမရှိတော့။

ပလက်ဖောင်းတလျှောက် သိမှတ်မဲ့စွာ လျှောက်သွားရင်း လောလောဆယ်နေစရာတစ်ခုခုကို အရင်စဉ်းစား ရသည်။ အလုပ်ကတော့ပြီးမှ ရှာရမှာပဲ...ငယ်ငယ်တုန်း ကလို ခေါက်မုန့်လုပ်ရောင်းရလျှင်ကောင်းမလား... ဒေါ်ကြီးစိန်၏ အဖီလေးကို မေသက်လှယ်သတိရမိပြန်သည်။ သို့သော် သူမမပြန်လိုတော့ပါ။ နောက်ကြောင်းကို ပြန်မလှည့်လိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာတော့ ငွေလေးနည်းနည်းပါရှိသေးသည်။ ဒီတော့ ရုပ်မပျက်၊ ဟန်မပျက် ပုဂ္ဂလိက အဆောင်တစ် ခုခုမှာ ငှားနေပြီးဒီလိုပဲ အလုပ်တစ်ခုခု ရှာရမည်။ ဒီလိုတွေး မိတာ တောင် မေသက်လှယ် အပူမသက်သာသေး။ အလုပ်အကိုင် ကောင်းကောင်းမွန်မွန်ကလည်း ရှားသည်မဟုတ်ပါလား။

သူမပလက်ဖောင်းအောက်သို့ဆင်းပြီး လမ်းကူးဖို့ ကြည့်လိုက်သည်။ လမ်းတစ်ဖက်မှာမှတ်တိုင်···လှည်းတန်းဖက်မှာ အဆောင်တွေ ရှိတာတဲ့ပါရဲ့။ လျှောက်ရှာကြည့်ဖို့ မေသက်လှယ်ဆုံးဖြတ်မိဆဲ ကားတစ်စီးက သူမကို ပွတ်ဆွဲလုလု၊ အနားမှဦးလေးကြီးတစ်ယောက်သာ လျှင်မြန်စွာမဆွဲလိုက်လျှင် သူမအနည်းဆုံးဆေးရုံသို့ရောက်နေရော့မည်။

ဆူညံသံများကြားမှာ သူမကိုပွတ်ဆွဲသွားသည့် ကားလေးက တရှိန်ထိုးဆက်မောင်းပြေးခဲ့၏။

"ဟင်···"

မေသက်လှယ် ကားမောင်းသူကို ကမန်းကတန်း ကြည့်မိတော့ ဒရိုင်ဘာသည် ရဲဘုန်းတို့အိမ်မှာတွေ့ခဲ့ဖူးသည့်မျက်နှာမှာ အမည်းမှတ်ရှိသည့်သူ ဖြစ်နေလေတော့သည်။





## အခန်း(၆)

"ဘဝသည် နေရဲသူတို့အတွက်ဖြစ်သည်"

ကျဉ်းမြောင်းလှသည့် အဆောင်အိပ်ခန်းလေးတစ်ခုမှာ ထိုစာတမ်းလေးသာမပါရှိပါက မေသက်လှယ် နေလို့ရပါမလားမပင် မသိတော့။

လောကစံကြီးက ခါးသီးလိုက်တာနော်···

အသိုက်မဲ့ငှက်ကလေးတစ်ကောင်အတွက် မုန်တိုင်း များက နေရာတိုင်းမှာ တိုက်ခတ်နေကြသည်။

သူမကို အဘယ်သူတွေက လိုက်လံနှောက်ယှက် နေကြမလဲ။ တစ်ခါမက နှစ်ခါမကတော့ပြီမို့ မေသက်လှယ် နားလည်ခဲ့ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ တိုက်ဆိုင်မှုမဟုတ်တော့။ သာမာန်မဟုတ်တော့။

သူမစဉ်းစားကြည့်သည်။ အလုပ်ကလေးတစ်ခုရလိုက်၊ ကြံဖန်ပြီးပြုတ်သွားလိုက်မို့ မေသက်လှယ်၏ စိတ်ခွန်အားတွေ ပဲ့ကြွေလုလု၊ ကုမ္ပဏီတွေ၊ ကုန်တိုက်တွေ အများနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းတွေမှာ သူမ အလုပ်မလုပ်ချင်တော့။

ဘာလုပ်ရလျှင်ကောင်းမည်လဲ။ ကိုရဲနှင့်မတွေ့ကြရတော့တာလည်း ၅လလောက်ရှိပြီထင်သည်။ ရန်ကုန်မြို့ ကြီးကပဲ ကျဉ်းသလား၊ နလုံးသားတွေကပဲ ကျဉ်းသလားမသိ။ သူမ ရဲဘုန်းကိုမတွေ့ရတာ ရာသီတစ်ခုပင် ကျော်လွန်ခဲ့လေပြီ။ ယခုနွေရာသီသို့ပင် ရောက်ရှိပြီဖြစ်၏။

လွမ်းစရာတော့လည်းမကောင်းပါ။ ဒါ · · ·ဒဏ္ဍာရီတစ်ပုဒ် မဟုတ်လား· · ·သူဌေးသားနှင့် အညတြကောင် မလေးတစ်ယောက်။

"ဟင်"

ဒါဆို သူဖေဖေကများ မေသက်လှယ်ဆိုတဲ့ ကောင်မလေးကိုဒုက္ခပေး၊ အပျောက်ရိုက်နေတာများလား၊ အံ့သြစရာကောင်းလိုက်တာ ကိုယ့်သားကိုယ်မနိုင်တာနှင့် သူတစ်ပါးကို ဒုက္ခပေးရသတဲ့ မိန်းမငယ်လေးတစ်ယောက်ကို ချောင်ပိတ်ပြီး အလဲထိုးချင်သည့် စိတ်ဓာတ်များကို သူမတော် တော်ရွံမုန်းမိခဲ့သည်။

ချောင်ကျလှသည့် ဒီအဆောင်လေးထဲမှာ ခပ်ကုတ် ကုတ်နေ





ရင်း တစ်နေ့· · ·တစ်နေ့ အလုပ်ရှာထွက်နေရတာလည်း ငြီးငွေ့လှလှ၊ ဒီနေ့လည်း မေသက်လှယ် အလုပ်ရှာထွက်ရပါဦးမည်။

ရန်ကုန်မြို့ကြီးဆိုတာလည်း တောကြီးမျက်မည်းပါပဲလား သားကောင်ကိုမျက်စိလည် လမ်းမှားစေကြတယ်။

ပလက်ဖောင်းပေါ်မှာ စလင်းဘက်အညိုလေးကို လွယ်လျက် ခပ်တည်တည်လမ်းလျှောက်ရင်း ဘယ်စကိုးဆိုင်၊ ဘယ်ထမင်းဆိုင်တွေမှာများ အလုပ်လိုမည်လဲ စဉ်းစားနေမိခိုက် သူမအနားပလက်ဖောင်းဘေးမှ ကားလေးတစ်စီး ထိုးရပ်သွားခဲ့သည်။

"အမေ့ · · ·"

ခဲမှန်ဖူးသည့် စာသူငယ်မို့ မေသက်လှယ်ထိတ် လန့်ရပါ၏။ ကားထဲမှထွက်လာသူကား သူကိုရဲ· · ·

"မေသက်လှယ်· · ·"

ကားတံခါးလေးတစ်ချပ်ပွင့်လာပြီး သူမကိုဆွဲခေါ် သွားခဲ့သည်။ ဘယ်ကိုလဲ· · · ဘယ်အရပ်ကိုလဲ မှန်တိုင်းတွေ ကင်းစင်သည့်အရပ်ကိုလား (သို့မဟုတ်) လေနီကြမ်းတွေ ပြင်းထန်သည့်အရပ်သို့လား · · ·

ကားလေးထဲမှာ သူမ၏ရှိုက်သံများသာ ကြေကွဲ ဖွယ်ပျံ့လွင့်ကြွင်း ပြန့်လျှက်ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက အင်းလျားကန်ပေါင်ရိုးမှာပင် မေသက်လှယ် ငိုရှိုက်နေမိပါ၏။ ဘဝဆိုတာ ဒုက္ခတွင်းအိုကြီးပါပဲ သည်ဒုက္ခတွင်းအိုကြီးကို ဖန်ဆင်းသူသည် သူလား··· သူမလား။

"ဖေဖေက အလုပ်တွေတစ်ခုပြီးတစ်ခု ဆက်နိုင်းနေတာနဲ့ မန္တလေးမှာ ကိုယ်နစ်လလောက်ကြာသွားတယ်၊ ပြန်ရောက်လာလို့ သက်လှယ်ဆီလည်းသွားရော အင်ကြင်းတစ်ခိုင်မှာလည်းမတွေ့ အဆောင်မှာလည်းမတွေ့ ကိုယ့်အရမ်းရင်မောခဲ့ရပါတယ်··· ကောင်မလေးရယ်"

သူ့အသံက ဆွေးဆွေးမြည်မြည်။ သူ့ရုပ်ကလည်း ညှိုးနွမ်းဖျော့တော့လျက်။ အချစ်သည် လူ၏စိတ်ကို ပြုပြင်ပြောင်းလဲနိုင်စေသတဲ့လား···





"ဘာလို့အဲဒီအလုပ်ကို ထွက်ပစ်လိုက်တာလဲဟင် အခုဒီထက်ကောင်းတဲ့အလုပ်ကို ရနေပြီလား။ ကိုယ့်ကို ခြေရာဖျောက်ပြေးခဲ့တာ။ ကိုယ်ဘယ်လိုမှ သဘောမပေါက် ဘူး···ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲဟင်"

အလို သူ့ကို လူတွေကဘယ်လို လီဆည်လိုက်ကြပါလိမ့်··

"ကျွန်မက တစ်စုံတစ်ယောက် ဒါမှမဟုတ် အုပ်စုတစ်စုရဲ့ ပယောဂကြောင့် လွှင့်စင်ထွက်ပြေးခဲ့ရသူပါရှင် ခုထိကျွန်မဘဝလေး ဗရမ်းဗတာဖြစ်ဆဲပါ···အလုပ်တစ်ခုရလိုက် မကြာခင်ပြုတ်သွားလိုက်နဲ့ ကျွန်မမှာ လမ်းပေါ်ကသူတောင်းစားဖြစ်လုလု···"

သူ့ကိုမကြည့်ဘဲ ကန်ရေပြင်စိမ်းလဲ့လဲ့ကိုသာ သူမ မျက်စိတစ်ဆုံးငေးကြည့်နေမိသည်။ သူမ···မည်သူ့ကိုမျှ မယုံကြည်ချင်တော့။

မေသက်လှယ်၏စကားကြောင့် ရဲဘုန်းမှာ အလွန်အမင်း အံ့ဩထိတ်လန့်လျက်···

"ဟင်···သက်လှယ်ကို ဘယ်သူတွေက မကောင်းကြံစရာရှိမလဲကွယ် ဘာမှအပြစ်မရှိတဲ့ ကောင်မလေးတစ်ယောက်ကို ဘယ်သူတွေက လိုက်နှောင့်ယှက်စရာရှိမလဲ၊ သက်လှယ်အထင်မှားတာဖြစ်မှာပါ"

"ကျွန်မအထင်မမှားပါဘူးရှင် အလုပ်တွေခဏ၊ ခဏ ပြုတ်ရရုံတင်မက ကားနဲ့အတိုက်ခံရမလိုတောင် ဖြစ်ခဲ့ပါသေးတယ်။ ကျွန်မထင်တာကတော့ ကိုရဲနဲ့ ကျွန်မလုံးဝမပတ်သက်စေချင်လို့ပဲ ယူဆတယ်"

"ဘာလို့ဒီလိုစွပ်စွဲနိုင်တာလဲ သက်လှယ်···"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုကားနဲ့တိုက်တဲ့သူဟာ ကိုရဲတို့အိမ်မှာ တစ်ခါတွေ့ဖူးတဲ့ မျက်နှာအမည်းမှတ်နဲ့ သူမို့ပဲ . . ."

"ဟင် . . ."

ရဲဘုန်းမှာ အံ့ဩပြီးရင်း အံ့ဩနေရ၏။ ထိုလူကို သူကောင်းကောင်းသိတာပေါ့။ အဲဒါ . . .ဖေဖေ့စီးပွားဖက် တစ်ယောက်ဖြစ်သည့် ဦးစိမ်းအောင်မဟုတ်ပါလား. . . ရဲဘုန်းခေတ္တတွေဝေ စဉ်းစားနေမိသည်။ နောက် သက်ပြင်း ရှည်ကြီးတစ်ချက်ကို သိသာစွာထုတ်ပစ်မိပြန်၏။

"ဘာပဲဖြစ်ဖြစ်ကွာ သက်လှယ်နဲ့ကိုယ်အဆက်အသွယ် မပြတ်ချင်ဘူး . . .ကိုယ်အလုပ်တစ်ခုခုရှာပေးမယ်၊ ဒါမှမဟုတ် ကိုယ့်ကို လက်ထပ်ပါတော့လား သက်လှယ်ရယ်"

သူတောင်းပန်ခယစကားကို မေသက်လှယ်ငြင်း ပယ်လိုက်ပါသည်။

လက်ထပ်ခြင်းဟူသည်မှာ ယောကျ်ားတို့အတွက် ဘဝစခြင်း ဖြစ်ပြီး မိန်းမသားအတွက်တော့ ဘဝဆုံးခြင်းသာ ဖြစ်သည်မဟုတ်ပါလား။

သူမ ကိုယ့်ခြေထောက်ပေါ်ကိုယ် မြဲမြဲနင့်ရဲရဲ ရပ်တည်လိုသေးသည်။

"သက်လှယ်ကိုအလုပ်တစ်ခုခုသာ ရှာပေးပါ ကိုရဲ လက်ထပ်ဖို့က ဘေးချိတ်ထားစမ်းပါဦး. . .အခြေအနေတွေ ရှုပ်ထွေးနေတယ်လေ"

"ကောင်းပြီသက်လှယ် လောလောဆယ် ဒီငွေ ယူထားလိုက်။ အလုပ်ရှာရတော့ ကိုယ်လာပြောမယ် . . . ဘာပဲဖြစ်ဖြစ် သက်လှယ်





ဟာကိုယ့်ချစ်သူဆိုတာတော့ မည်သည့်အခါမှ မမေ့ပါနဲ့၊ အခက်အခဲရှိရင် ကိုယ့်ကိုဆက်သွယ်မှပေါ့ ... သက်လှယ်ကတော့ လိပ်စာအတည်တကျမရှိဘူးလေ။ ရော့ . . .ကိုရဲလိပ်စာကဒ်ထပ်ယူထား . . .ဒီခေတ်ကြီးထဲမှာ ချစ်သူနှစ်ယောက်ကမ္ဘာခြားနေရတာ ရင်နာစရာပါပဲ"

ရဲဘုန်းပေးသည့် ငွေတစ်ထပ်ကို စိတ်မသန့်စွာဖြင့် မေသက်လှယ် ငေးမောကြည့်နေရင်းမှ . . .သူမ၏သွေးတွေ ဖျင်းခနဲနိုးကြားလာခဲ့သည်။ မေသက်လှယ်ဆိုတာ ထာဝရ တိုက်ပွဲဝင်နေမည့် သူတစ်ပါး၏အထောက်အပံ့ကို ဘယ်တော့မှ မခံယူခဲ့သူ . . .

"ကိုရဲပိုက်ဆံတွေ ပြန်ယူသွားပါ. . .ကျွန်မအတွက် အလုပ်တစ်ခုခုသာရှာပေး. . .သမ္မာအာဇီဝအလုပ်သာဖြစ်ပါစေ. . . ကျွန်မလည်း အလုပ်ရှာမယ်. . .ကဲသွားကြစို့ ဘဝဆိုတာမိန်းမူး လွှမ်းမောဖွယ်မဟုတ်ဘူး"

"ခက်အောင်လုပ်နေတာက သက်လှယ်ပါ ကိုယ်နဲ့ လက်ထပ်လိုက်ရင် ကိုယ့်ကိုအားကိုးလိုက်ရင် ချောမွေ့သွားမယ့်လမ်းကြောင်း တစ်ခုကို ခက်ခဲပင်ပန်းအောင် သက်သက်လုပ်နေတာပဲ"

ရဲဘုန်းမချင့်မရဲပြောလျှင် မေသက်လှယ်မျက်ခုံးမြင့်သွားကာ ဖြစ်ခဲ့သည်။

"ထားပါတော့လေ ကိုရဲ့ရုံဘဝကေ မုန့်တိုင်းကိုမှ မမြင်ဖူးသေးဘဲကို ကျွန်မက ရေသာခိုအချောင်မလိုက်ချင်ဘူး"

"ဘုရားရေ ဒါဖြင့်ယောကျ်ားယူကြတဲ့ မိန်းမတွေ အားလုံး။ အိမ်ထောင်ရှင်မအားလုံးဟာ ရေသာခိုအချောင် သမားချည်းပေါ့ဟုတ်လား ဒေါ်မေသက်လှယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ကျွန်မကို မိန်းမသားထုကြီးဟာစ်ရပ်လုံးနဲ့ ရန်တိုက်မပေးပါနဲ့ သူတို့အခြေအနေနဲ့ ကျွန်မရဲ့အခြေအနေက လုံးဝမတူဘူးလေ။ ဘာတစ်ခုမှ မရေရာသေးဘဲနဲ့ ကိုရဲကိုကျွန်မ လက်မထပ်ရဲပါဘူး . . . မတူညီတဲ့ဘဝနှစ်ခုကို ဇွတ်အတင်းညှိနှိုင်း လက်ထပ်ပစ်လိုက်ရင် မိန်းမသားဖက်က ပဲဆုံးရှုံးနစ်နာပါလိမ့်မယ် ကျွန်မမကြေကွဲချင်ဘူး"

မေသက်လှယ်၏ ဘဝဆန်သည့်စကားတွေက မှန်နေသည်မို့ ရဲဘုန်းသက်ပြင်းချရသည်။ အဖြေမရှိသေး သည့်ပုစ္ဆာနှစ်ပုဒ်ကို အတင်းအဖြေညှိလို့လည်းမဖြစ်။ သည်အခါ သူ ကလေးလျှောက်လှမ်း သည့်လမ်းမှာ ဖြူစင်စွာ လက်တွဲဖေးကူရမည်က သူ့တာဝန်သာဖြစ်သည်။

"ဒီပိုက်ဆံလေးကတော့ ယူထားလိုက်ပါ။ ချေးတယ်လို့ သဘောထားချင်လည်းထားသွားကြစို့"

နှစ်ယောက်သား အင်းလျားကန်ရေပြင်ကို ကျောခိုင်းပြီးပြန်ခဲ့ကြရသည်။ ရင်ထဲမှာတော့ သောကကိုယ်စီ။





## အခန်း(၇)

"ဖေဖေ . . . ဒါလုံးဝမတာရားဘူး။ ဒီတစ်ခါ ဖေဖေ့ အပြုအမူတွေကို သားရှုံချတယ် . . . ဖေဖေတို့ဇာတ်လမ်းတွေ ကိုကျွန်တော်မသိပါဘူး . . ဖေဖေနဲ့မေသက်လှယ်ဟာ ဆက်စပ်ချင်လည်း ဆက်စပ်မယ် . . မဆက်စပ်ချင်လည်း မဆက်စပ်ဘူး . . . ဒါပေမယ့်ဖေဖေ မိန်းမငယ်လေး တစ်ယောက်ကို ရပ်တည်ရာမရအောင် . . သူ့ဘဝလေးတည်ငြိမ်မှုမဲ့အောင် ထိုးဆွမွှေနှောက်နေတာကိုတော့ ကျွန်တော်တားဆီးရလိမ့်မယ်"

ဦးမင်းလွင်၏ရှေ့မှာ ရဲဘုန်းပေါက်ကွဲနေတော့ မီးဖိုထဲမှာစီမံနေသည့် ဒေါ်ပုလဲခမျာ သားနှင့်လင်၏အကြားသို့ အပြေးလေး ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ…မင်းကငါ့ကိုစော်ကားတာလား…ငါက ဘာဖြစ်လို့ မင်းကောင်မလေးကို လိုက်ဖွေနေရမှာလဲ ဒီမှာ ရဲဘုန်း မှန်မနေနဲ့ကွာ မင်းအဖေဟာ ဒီလောက်သေးသိမ်တဲ့ အောက်တန်းကျတဲ့အလုပ်မျိုးကို ဘယ်တော့မှမလုပ်ဘူး၊ အဲဒါ မင်းမြဲမြဲမှတ်ထား…"

ဦးမင်းလွင်ကလည်း ဒေါသကြီးပါ၏။ ရှိတ်စပီးယား ပြဇာတ်များထဲမှ မက်ကဗက်ဘုရင်ကြီးသည် သူ့လက်မှာ သွေးစွန်းမိကတည်းက လောကကြီးသည် သူ့ကိုအစဉ်အမြဲ ခြောက်လှန့်နေလေသလားမသိ။ သူ့နှလုံးသားသည် ဘယ်သောအခါမှ ဆောက်တည်ရာမရခဲ့။

"ဩ…ဖေဖေကပြောရဲလိုက်တာ…စင်းလုံးချောကြီးကိုး"

"ဘာကွ"

"ခွပ်"

အနာပေါ်တုတ်ကျသည်ဟုပဲဆိုဆို၊ ယမ်းပုံမီးကျသည်လို့ပြောပြော…ရဲဘုန်းအပေါ် ဦးမင်းလွင်နာကျည်းသွား၏။ ကြည့်စမ်း ကိုယ်ကတော့၊ ဖအေကတော့ ဒီသားအတွက်ပဲ မကောင်းမှုတွေ တန်းစီ ကျူးလွန်မိခဲ့သည်။ ဒါကို သင်းကလှောင်ရယ်သည်။

"အို…ကိုမင်းလွင် လွန်မယ်…လွန်မယ် သား သားလေး မင်းအဖေစိတ်လည်း မင်းအသိသားနဲ့ ခဏ ရှောင်နေလိုက်ပါသားရယ် လာ…လာ…သားအခန်း ကိုမေမေလိုက်ပို့မယ်နော်"





ဒေါ်ပုလဲမှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေရ သည်။ သူကသားကိုသခင်၊ လင်ကိုဘုရားဟူသည့် မိန်းမမျိုးမို့ ယောကျ်ားကိုလည်း စောဒကမတက်ရဲ…ထို့အတူ နှုတ်ခမ်းကွဲသွားသည့် သားအတွက်လည်း ရင်ထဲမချိ။

"ထိုးပါစေမေမေ…ဖေဖေစိတ်ချမ်းသာမယ်ဆိုရင် သားကို သတ်ပစ်ချင်လည်း…သားခံလိုက်ပါမယ်…ခုတော့ ဖေဖေက ဘာမှအပြစ်မရှိတဲ့ မေသက်လှယ်ကိုမှ မေမေရယ် သူ့ခမျာ အဖမဲ့အမိမဲ့ တစ်ကောင်ကြွက်ကလေးပါ…ကိုယ့်ဘဝကိုယ် မြဲမြဲနိုင်နိုင်ရပ်တည်ရင်း သူ့ဘဝလေးနဲ့ သူ မနည်းနေရရှာတာပါ"

"ဟေ့ကောင် မင်းစကားတွေ ငါနားမလည်ဘူး၊ မေသက်လှယ် ကိုငါက ဘာလိုက်လုပ်နေလို့လဲ…အဲဒီ မေသက်လှယ်ကရော မင်းနဲ့ဘာဆိုင်လို့ မင်းကဒီလောက် နာနေရတာလဲ…"

ညှော်ခန်းထဲမှာ သားအဖနှစ်ယောက်၏ပေါက်ကွဲခန်း အကြား ဒေါ်ပုလဲခမျာ ယောင်ချာချာသားကိုပဲဆွဲရတော့ မလိုလို ယောကျ်ားကိုပဲ တောင်းပန်ရတော့မလိုလို… သည်လင်နှင့်သည် သားသည် ဒေါ်ပုလဲကို အမြဲစိတ်မချမ်း သာအောင်ပြုလုပ်နေသည့်နယ်…

"သက်လှယ်ဟာ ကျွန်တော့်ချစ်သူဖြစ်သွားပြီ ဖေဖေ"

"ဘာကွ…ဒီလောက်ယုတ်စရာရှားလို့ ဒီလောက် စုတ်ပြတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ကောင်မလေးကိုမှ ချစ်ရမှာလား မင်းတော်တော်ပြာပုံတိုး ချင်တဲ့ကောင်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သူ့ကိုချစ်တယ်ဖေဖေ၊ ကျွန်တော်သူ့ကို လေးစားတယ်...အဲဒီတော့ ဖေဖေရဲ့ အဖျက်လုပ်ငန်းတွေကို ရပ်တန်းက ရပ်ပါလို့ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်ဖေဖေ"

ရဲဘုန်းပြောလျှင် ဦးမင်းလွင်ဒေါသူပုန်ထလေ၏။

"ငါ...မင်းတို့ကို သဘောမတူနိုင်ဘူး။ အေး သဘောတူတာ၊ မတူတာထက် မင်းသက်လုယ်ကို ငါ့ဘာမှ လည်းအနှောက်အယှက် မပေးရပါလား...ကားကွာ... နှောင့်ယှက်တာ မနှောင့်ယှက်တာထား မင်းသူ့ကိုလက်ထပ်ဖို့ထိ ရည်စူးသလား..."

ဦးမင်းလွင်၏အမေးကို ဒေါ်ပုလဲကလည်း စိတ်ဝင်စားစွာ နားစွင့်နေ၏။

"ဟုတ်ကဲ့ လက်ထပ်ဖို့ထိရည်စူးပါတယ်ဖေဖေ အဲဒါ ဘယ်သူ တွေဖျက်ဖျက် ...မပျက်တော့မယ့်သားရဲ့ ရည်ရွယ်ချက်ပဲဖေဖေ သက်လုယ်ကို မနှောက်ယှက်ဘူး ဆိုတာတော့ ကျွန်တော်မယုံဘူး ဖေဖေ"

"ဘာလဲ မင်းကောင်မလေးက ငါလိုက်နှောင့်ယှက်နေပါတယ်လို့ ပြောလို့လား..."

"ဒီလိုတော့ မပြောပါဘူး...ဒါပေမယ့် သူ့ကို ကားနဲ့တိုက်မိ





မလိုဖြစ်တုန်းက ဦးစိမ်းအောင်ရဲ့ကားနဲ့ အဲဒါ ဖေဖေ့တပည့်ပဲ။ ဖေဖေ့ လက်ထောက်လေ။ သူက ဖေဖေ သေဆိုသေ...ရှင်ဆိုရှင်တဲ့သူပဲ..."

"ဒါပေမယ့် ဒါဟာမတော်တဆဖြစ်ရတာပါ... စိမ်းအောင် အဲဒီအကြောင်းငါ့ကို ပြန်ပြောပြပါတယ်... နောက်ကော..."

ဦးမင်းလွင်၏အသွင်က အေးအေးဆေးဆေး။ သို့သော် ရဲဘုန်း ဖေဖေ့ကို မယုံကြည်နိုင်။ ဖေဖေသည် သူလုပ်ချင်သည့် အလုပ် တစ်ခုကို သွေးအေးအေးဖြင့် အကွက်ချဆောင် ရွက်တတ်သူ။

"ဖေဖေလုပ်တဲ့အလုပ်တွေ ဖေဖေသိပါတယ်... သူ့ခမျာ ဘယ်အလုပ်ဝင်ဝင်...အလုပ်ကမမြဲဘူး...ခဏခဏအဖြုတ်ခံရ တယ်လေ...ဖေဖေဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး...သားချင်းသမီးချင်း နည်းနည်းတော့ စာနာသင့်ပါတယ်"

"ဟေ့ကောင် အဲဒီအလုပ်တွေ ငါမလုပ်ဘူးကွ၊ ဒီလောက်အသေး အဖွဲ့ကိစ္စတွေ ငါလျှောက်မလုပ်ဘူး။ မင်းပြောချင်တာ ဒါပဲမဟုတ်လား သွား...သွားတော့ တစ်ခုတော့ ကြိုပြောလိုက်မယ် ရဲဘုန်း... အဲဒီကောင်မလေး နဲ့ငါလုံးဝသဘော မတူနိုင်ဘူး...ငါပေးစားတဲ့သူပဲ မင်းယူရမယ်...မဟုတ် လို့ကတော့ မင်းအမွေတစ်ပြားတစ်ချပ်မှ မရဘူးမှတ်... အားလုံးကိုလှူပစ်ခဲ့မယ်..."

"အို...ကိုမင်းလွင်...စကားကိုလွန်လွန်ကျွံကျွံ မပြောပါနဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအသာနေစမ်းပါ မိန်းမရာ…ဒီလိုကောင်မျိုးကို အလိုလိုက်နေလို့မရဘူးကွ…ဟော့ကောင်ငါပြောတာ ကြားတယ်နော် ဖြစ်လာရင် ငါ့အလွန်မဟုတ်ဘူး… အလကားကလေကချေစိတ်ဓာတ် အောက်တန်းစားစိတ်ဓာတ်"

ဦးမင်းလွင်မှာဒေါသတွေ တနန့်နန့်ထွက်နေဆဲ လောလောဆယ်သူဌေးစာရင်းဝင် ဖြစ်နေသော်လည်း အောက်ခြေကလာသူမို့ သူ့စရိုက်က ခပ်ကြမ်းကြမ်း။

ရဲဘုန်း…ဖေဖေနှင့် မေမေ့ရှေ့မှ ထွက်ခွာလာခဲ့သည်။

ဖေဖေစွန်းခဲ့တဲ့ သွေးတွေကို သူဘယ်လိုဆေး ကြောပေးရမလဲ ဖေဖေဘယ်လိုပဲငြင်း…ငြင်း ဖေဖေနှင့် မေသက်လှယ်သည် ပတ်ကို ပတ်သက်ရမည်ဟု ရဲဘုန်းရင်ထဲ ပိုမိုယုံကြည်နေမိသည်။

ဖေဖေအပြစ်တွေ ပြေပျောက်ဖို့ သူ့မှာတာဝန်ရှိသည်ဟု ရဲဘုန်းခံယူထားမိလေသည်။





## အခန်း(၈)

"ကျွန်မတော့ မဆလာပြန်သယ်မှပါပဲ ကိုရဲရယ် ဒါမှမဟုတ်လည်း ခေါက်မုန့်သာလုပ်ရောင်းလိုက်ချင်တော့တယ်"

အဆောင်ညည်ခန်းထဲမှာ စကားပြောရတာ မွန်းကျပ် သဖြင့် လမ်းမပလက်ဖောင်းပေါ် လမ်းထွက်လျှောက်ကြလျှင် မေသက်လှယ်က ခိုမလေးနယ် ညည်းတွားခဲ့သည်။

သူမ၏မျက်နှာကြည်ကြည်လေးကိုတွေ့လိုက်ရလျှင် ရဲဘုန်းရင်အေးသွားရစမြဲ။ ထိုမျက်နှာလေး ထာဝစဉ် လန်းဆန်း တင့်တယ်နေစေလိုတာ သူ့ဆန္ဒပင်ဖြစ်သည်။

"ပညာခေတ်ကြီးထဲမှာ ပညာကလည်း သိပ်စကား ပြောတာပဲနော်…ပညာရဲ့တန်ဖိုးကို အစောကြီးကတည်းက သက်လှယ်သိနားလည်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်···ကျွန်မရဲ့ဘဝပေး ကုသိုလ် ပေါ့လေ···သားတွေ၊ သမီးတွေ လက်ထက်ကျမှ ပညာ ကုန်အောင်၊ အတန်းကုန်အောင် သင်ပေးလိုက်မယ်···"

"ယောက်ျားယူဖို့သာ တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့ သားသမီးကျတော့ ခုထဲက လိုချင်နေပြီလား အမိရဲ့ မေမေ ကလည်းမြေးချီချင်နေတာနဲ့ အတော်ပါပဲကွယ်···"

"အရေမရ···အဖတ်မရတွေ ထားစမ်းပါဦး ကိုရဲရယ် အလုပ်ဟူသမျှ ဂုဏ်ရှိစွ···တဲ့။ ဟိုတစ်နေက လှည်းတန်းဈေးထဲမှာ ငါးပိဒိုင်ကလူလိုတယ်တဲ့ ···အဲဒါ"

"တော်···တော် ဒီစကားဒီမှာတင်ရပ်···ကိုယ့် ချစ်သူကို ငါးပိစော်နံနေမှာကြီးတော့ လုံးဝမကြိုက်··· ဘယ့်နယ်ဗျာ ဘယ်လိုပဲ ရေချိုးချိုး···ဒီငါးပိနံ့ကြီးက ပျောက်မှာမဟုတ်ဘဲ အိပ်ယာထဲထိ··· ဟိုဒင်း···"

ရဲဘုန်းမှာ မျောက်အိုကြီးငါးပိရှူမိသည့်နယ် ရှုံ့တွ နေတော့ စိတ်ညစ်သည့်ကြားမှပင် မေသက်လှယ်ပြုံးရ၏။ တော်တော် ငါးပိကြောက်တဲ့လူပဲ မြန်မာမဟုတ်တဲ့အတိုင်း။

"တော်ပါတော့နော်···တော်ပါတော့ ပေါက်ကရ တွေလျှောက်ပြောမနေပါနဲ့တော့ ···ဒါဆိုကျွန်မက ဘာလုပ်ရမလဲ···ဒီအချိန်မှာ





ရေခဲရည်ရောင်းတာ အကောင်း ဆုံးပဲ ဟုတ်တယ်···သက်လှယ်လည်း ကိုရဲနဲ့ပေါင်းလို့ ရေသာခိုတဲ့ စိတ်ဓာတ်ရနေပြီ···ကိုယ်ဘာသာတစ်ယောက် ထဲဆို···အလုပ်တစ်ခုခုတော့ ကောက်လုပ်နေရမှာပဲ မဟုတ်လား·· ခုတော့ သူဌေးသားနဲ့ပေါင်းပြီး အလကား ထိုင်စားနေမိတယ်···"

"ကဲ···တော်ပါတော့ကွာ···ချစ်သူချင်းခဏ လာတွေ့ပါတယ် ငါးပိကိစ္စရောက် ···ရေခဲရည်ကိစ္စရောက် မင်းဒီလောက်အလုပ် လိုချင်နေရင် ကိုယ်နဲ့အတူနေမှ ··· ထမင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်း···"

ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေကြရာမှ သစ်ရိပ်တစ်ခုမှာ သူမတို့ ထိုင်ဖြစ်ကြသည်။ သူများတကာ စုံတွဲတွေလို စားသောက်ဆိုင်တွေ၊ ဘာတွေသို့ မေသက်လှယ် ကိုခေါ်လို့မရ။ ရဲဘုန်းမှာ ဘယ်လိုဒေတီမလေးကို ကြိုက်နေမိရပါလိမ့်ဟု အံ့ဩရစမြဲ။

"တစ်နေ့ ···တစ်နေ့ အလုပ်မလုပ်ရလို့ တဂျီဂျီ ဂျီကျနေတာ အံ့ဩတယ်သိလား···နိုင်ငံတော်ကို တင်ပြဦးမှပါပဲ ···နိုင်ငံထဲမှာ ဒီလောက်အလုပ်လုပ်ချင်တဲ့ ကောင်မလေးတစ်ယောက်ရှိနေတာ ဂုဏ်ယူစရာပဲ ကဲပါအိမ်ကအကြောင်း။ ကိုယ့်အကြောင်းတွေလည်း ပြောပါရစေဦး မနေ့က ကိုယ်ဖေဖေ့ကိုပေါ်တင် မေးချလိုက်တယ် သိလား·

"ဟင်··,အားနာစရာကြီး···ကိုရဲရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အားနာရမလဲ . . . ကိုယ့်အဖေကိုယ်မေးတာပဲ ဖေဖေကတော့ သူမလုပ်ဘူး...သူမဟုတ်ဘူး လို့ငြင်းတယ် နောက်ပြီး"

ဖေဖေ့စကားတွေကို သူ့အကုန်ပြန်ပြောလို့မရသဖြင့် ရဲဘုန်း စကားရပ်သွားရ၏။ မေသက်လှယ်ကလည်း သတိထားမိပုံ မရလိုက်။ သူ့အတွေးနှင့်သူ မှိန်းမောလျှက်။

"ဘဝဆိုတာကြီးကို ကျွန်မတစ်ခါ...တစ်ခါ သိပ် အံ့သြမိတာပဲ မိသားစုဆိုတဲ့ ကြိုးကလေးတွေမရှိတော့ပဲ ဒီလိုတစ်ယောက်ထဲ အထီးကျန် နေရတာမျိုးလည်း ရှိပါ လားလို့ တွေးလိုက်မိရင် ကျွန်မကြေကွဲရတယ်။ ဖေဖေသာရှိရင် သိပ်ကောင်းမှာပဲ... ဖေဖေလုပ်စာကို ထိုင်စားချင်လို့ မဟုတ်ပါဘူး။ ဖေဖေနဲ့မေမေကို အိမ်ဦးခန်းမှာ တင်ပြီး ကျွန်မလုပ်ကျွေး မှာပေါ့ အဲလိုတွေးမိရင် ကျွန်မ ဒင်ကြီးကိုသိပ်မုန်းတယ်သိလား . . ."

မေသက်လှယ်တမြည့်မြည့် ခံစားနေရလျှင် သူမ စိတ်သက် သာရအောင် ရဲဘုန်းလုပ်ဆောင်ပေးရ၏။

"အဲဒါတွေ ထားစမ်းပါဦးကွာ၊ ဒီလိုပဲလောကကြီးထဲမှာ နေကြရမှာပါပဲ...လူဆိုတာ အတိတ်ကိုချည်းပဲ ပြန်လည့်လွမ်းမောနေလို့ ဘယ်ဖြစ်မလဲကွယ် . . . ပစ္စုပ္ပန် ကိုလည်းရှေ့ရှုဦးမှပေါ့၊ ဒါ့ထက် သက်လှယ်ဈေးရောင်းနိုင်ပါ့မလား သိရိမင်္ဂလာဈေးထဲမှာ ဆိုင်ခန်းတစ်ခန်း ပြန်ရောင်းချင်သို့တဲ့၊ သက်လှယ်ရောင်းနိုင်မယ်ဆိုရင် ကိုယ်ဝယ်လိုက်မယ်။





အထည်တန်းထဲမှာပါပဲ . . . အထည်ရောင်းရမှာပေါ့ ဘယ့်နှယ့်လဲ"

အလုပ်သံကြားရလျှင် သူမ၏မျက်နှာလေးက ရွှင်လန်း တက်ကြွသွား၏။ သူမကရေသာခိုချင်သူမဟုတ်။

"ရောင်းမှာပေါ့ ဒီလိုလုပ်လေ၊ ကိုရဲက အလုပ်ရှင် ကြီးလုပ်ပေါ့ သက်လှယ်ကိုလခနဲ့ငှား ဒီအလုပ်ကတော့ ကျွန်မ ထွက်မပြေးရ လောက်ပါဘူးနော်"

"မပြေးရပါဘူး"

"အလုပ်ရှင် အလုပ်သမားကိစ္စက ထားပါဦးသက်လှယ် အဆင်ပြေဖို့သာအဓိကပါ၊ မဟုတ်ရင် သူ့ဆီလာတိုင်း တဂျီဂျီနဲ့နားကို ညည်းလို့ ကိုယ်နဲ့အတူနေရင်တော့ ဂျီမကျရဘူးနော် . . . ကိုယ့်မှာ စိတ်မချမ်းသာတတ်တဲ့ ရောဂါရှိတယ် . . . စိတ်ချမ်းသာအောင် မနည်း နေနေရတာ"

ရဲဘုန်းနောက်နေလျှင် သူမကအတည်မှတ်လေ၏။ အလုပ်ကိစ္စ အဆင်ပြေတော့မည်မို့ မေသက်လှယ်စိတ်ထဲ ရှင်းနေတာလည်းအမှန်။

"ကြံ့ကြံ့ဖန်ဖန် ကိုရဲရယ်...စိတ်မချမ်းသာတဲ့ ရောဂါ ရယ်လို့ပဲ စိတ်ချပါ . . . ကိုရဲဖက်ကသာ အဆင်ပြေပါစေ၊ ကျွန်မကြောင့်တော့ ကိုရဲဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကတိနော်…ကတိ…မင်းစကား မင်းမြဲမြဲသာ မှတ်ထား တစ်ချိန်ချိန်မှာ ကိုယ့်ကိုစိတ်ဆင်းရဲအောင် လုပ်ရင်တော့အသိပဲ။ ဒီနေ့နေ့စွဲနဲ့ ဒီနေ့စကားလေးကို ကိုယ်အပြီး မှတ်ထားလိုက်မယ်…"

"မှတ်…မှတ်…အသည်းထဲမှာ စွဲနေအောင်မှတ် ထပ်ပြော မယ်နော်…ကျွန်မကြောင့်ကိုရဲ ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး သိလား…"

သို့သော်…ထိုကတိစကားသည် တစ်ချိန်မှာ လုံးဝ မှားယွင်း သွားမည်ဆိုသည့်အကြောင်း မေသက်လှယ်သတိ မထားမိခဲ့ပါ။

လူ့လောကဇာတ်ခုံဆိုသည်ကလည်း ဇာတ်ကွက် အမျိုးမျိုး၊ အလှည့်အပြောင်းအမျိုးမျိုးနှင့် မဟုတ်ပါလားလေ။





## အခန်း(၉)

"ရဲဘုန်း…မင်းခြေလှမ်းတွေရပ်တန့်ကရပ်ရင် ကောင်းမယ်၊ ငါ့ကို…လူကြီးလူကောင်းရယ်လို့ လျှော့တွက်ရင်မှားမယ်နော်… ငါဟာခုထိ ငယ်စိတ်ပျောက်သေးတာမဟုတ်ဘူး…"

နံနက်လက်ဖက်ရည်ဝိုင်းမှာ ဖေဖေနှင့်ဆုံတော့ ရဲဘုန်းကို ဖေဖေက ကြိမ်းမောင်းနေခဲ့သည်။ မေမေကတော့ ထုံးစံအတိုင်း ပါးစပ် အဟောင်းသား။ သူကအိမ်ကိစ္စအပြင် အခြားကိစ္စတွေကို ဘာမှသိသူ မဟုတ်။

"ဖေဖေဘာတွေပြောနေတာလဲ…ကျွန်တော် ဘယ်တွေ လှမ်းနေလို့လဲ တစ်နေ့တစ်နေ့ ဖေဖေ့အလုပ်တွေ လျှောက်လုပ်ပေးနေ ရတာနဲ့ ဂျင်ဂျင်လည်နေရတာကို"



www.burmeseclassic.com

www.burmeseclassic.com



ရဲဘုန်းက မျက်နှာမှုင်သေသေဖြင့် ဖေဖေ့ကို အရှုံးလုပ်ဖို့ ကြိုးစားလိုက်၏။ ကေ့ခ္က ဆိုင်ခန်းဝယ်ပေးသည့်ကိစ္စ ဖြစ်မှာပဲ။ ဖေဖေ့ကို အဘယ်သူတွေကများ ကိုယ့်ထမင်း ကိုယ်စားပြီး ကတုံးကတိုက်တွေ လုပ်နေပါလိမ့်။ ဦးစိမ်းအောင်မှဟုတ်ရဲ့လား။

"ဟော့ကောင် . . .ငါ့ကိုဖြောင်မလိမ်နဲ့ ဒီအိုက်တင်တွေ ငါကဖြစ်လာတာပါကွ…မင်းဘာပြင်းချင်သေးလဲ။ မင်းပြီးခဲ့တဲ့ တစ်ပါတ်က မင်းကောင်မလေးကို ဆိုင်ခန်းဝယ် ပေးခဲ့တာလေ"

ဒီလောက်အတိအကျ သိနေမှတော့ ရဲဘုန်းဖေဖေ့ ကိုငြင်းချက် မထုတ်တော့။ ဖြောင့်ကွယ်ပဲကွယ်ရတော့မည်။

"ဟား…ဖေဖေက တယ်သိပါလား။ ကေ့ခ္က ဖေဖေ့မှာစီအိုင်ဒီလို အဖွဲ့တစ်ဖွဲ့ရှိပြီနဲ့တူတယ် . . .ဆက်စုံစမ်းခိုင်းလိုက်ပါဦး ဖေဖေ . . . အဲဒီဆိုင်ခန်းက သားနဲ့သူငယ်ချင်းတစ်ယောက်နဲ့ စပ်ဝယ်လိုက်တာပါ။ ပြီး…ယုံကြည်စိတ်ချရမယ့် သက်လုယ်ကို အရောင်းစာရေးမခန့်လိုက် တယ်လေ…ငွေဆိုတာ ဒီလိုပဲပွားကြရမယ်မဟုတ်လား၊ သားရထားတာ လေးတွေနဲ့ လုပ်ငန်းလေးတစ်ခု လုပ်ကြည့်လိုက်တာပါဖေဖေ . . ."

"တော်…တော်…တိတ်စမ်းရဲဘုန်း…ငါထကန်မိလိမ့်မယ် မင်းကိုယ်မင်း သိပ်လည်လှပြီပေါ့လေဟုတ်လား မင်းကောင်မလေးက မင်းကိုချူစားနေတာကွ သိလား၊ အိညက်အိညက်လုပ်တာနဲ့ အဟုတ်ကြီး ထင်မနေနဲ့"





ကျော့တို့သားအဖ၏ စကားဝိုင်းက တဖြည်းဖြည်း မီးတောင်လို ပေါက်ကွဲမြင့်တက်လာတော့ ဒေါ်ပုလဲမှာခြေ မကိုင်မိ၊ လက်မကိုင်မိ။

"ကိုမင်းလွင်ရယ်…စကားကိုဖြည်းဖြည်းသာသာ ပြောလည်း ရပါတယ် . . .သားနားဝင်အောင်ပြောမှပေါ့ ကိုယ့်မှာဒီသားလေး တစ်ယောက်ထဲ . . ."

"တော် . . .တိတ်စမ်း . . .ပုလဲ မင်းဘာသိလို့လဲ။ ငါများ သေခဲ့ရင်လေ . . .မင်းသားကမင်းကိုရောင်းစားတောင် ဘာမှမသိလိုက် မယ့်မိန်းမ . . .အလကား . . .သူများနဲ့စရာ အစရာမကျန်အောင် အတဲ့မိန်းမ"

မေမေ့ကို အသားလွတ်ကြီး မာန်မဲ၊ နှိမ့်ချနေတာ တော့ ရဲဘုန်းမခံနိုင်ပြန်။ မေမေက စီးပွားရေးတွေ ဘာတွေ နားမလည်ပေမယ့် စီးတဲ့ရေ ဆည်တဲ့ကန်သင်းပိပိ ဖေဖေ နောက်ဆံမတင်းရအောင် နောက်ကြောင်းလုံသည့် အိမ်ရှင်မကောင်း၊ မယားကောင်း၊ မိခင်ကောင်း တစ်ဦး မဟုတ်ပါလား . . .

"မေမေနဲ့သားကို ရန်တိုက်မပေးပါနဲ့ ဖေဖေ ကျွန်တော်ဟာ ဖေဖေနဲ့မေမေကို ဘုရားနဲ့တစ်ဂိုဏ်းထဲထားပြီး ကိုးကွယ်ရမှန်းသိ တဲ့ကောင်ပါ။ မိကောင်းဖခင်သားသမီးပါ၊ မျိုးစေ့မမှန်ရင်တော့ မတတ် နိုင်ဘူးပေါ့ဖေဖေ"

"ဘာကွ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေအနာဂပေါ်တုတ်ကျသွားသလားတော့မသိ။ လက်ဖက်ရည်ဝိုင်းက ပျော်ရွှင်ဖွယ်မကောင်းတော့။

"သားရယ် ကိုယ့်ဖေဖေမကြိုက်တာ မပြောပါနဲ့ကွယ် ဘာပဲပြောပြော မေမေတို့မှာ ဒီသားလေးတစ်ယောက်ထဲပဲ ရှိတာပါ မင်းဖေဖေပြောတာရောဟုတ်လား သား သက်လှယ်ကို သားဆိုင်ခန်း ဝယ်ပေးရသလား ဒီကလေးမလေး ပုံစံကြည့်ရတာ ဖြူဖြူစင်စင်လေးပါ"

မေမေက ဖေးဖေးမမပြောလျှင် ဖေဖေ့ဒေါသက မေမေ့အပေါ် စုပြုံကျပြန်သည်။

"အေး . . . အဲဒီလိုသာ လူတိုင်းအပေါ်မှာအကောင်း မြင်နေ မင်းတို့သားအမိနှစ်ယောက်စလုံး ကုန်းကောက် စရာမရှိအောင်ကို သူများကလုပ်စားသွားမှာပဲ သတိသာထား ရဲဘုန်းမင်းအကြောင်းတွေ ငါကုန်သိပြီးသားနော်၊ ကဲပြောစမ်း မင်းပါးစပ်ကဝန်ခံတာ ငါကြားချင်တယ်"

ဖေဖေ တကယ်စစ်ဆေးနေတော့ ရဲဘုန်းဖြူရသည်။ ကိုယ်က မိဘစကားကို ဘယ်တုန်းကမှ မဆန့်ကျင်ဘူးခဲ့သူမို့။ သို့သော်မှသားမပါ လက်ကမချော နည်းနည်းပါးပါးတော့ ညာရမှာပေါ့လေ။

"ဖေဖေကလည်း ဖေဖေသိတယ်ဆိုရင် ဘာလို့မေးနေမလဲ"

"ဟော့ကောင် . . . ဆင်ဝှေ့ရန်ရှောင်တွေလုပ်မနေနဲ့ ပြော"

"ကျွန်တော်ပြောခဲ့တဲ့အတိုင်း သူငယ်ချင်းနဲ့ စပ်တူ လုပ်တာပါ ဖေဖေ ဆိုင်ခန်းဝယ်၊ ကုန်ဝယ်ပြီး သက်လှယ် ကိုအရောင်းစာရေး





ခန့်လိုက်တယ်လေ သက်လှယ်ကလည်း ဈေးအကျိုးပေးပါတယ် တစ်ပါတ်အတွင်း တော်တော်ရောင်းရတယ် . . . သူကတိတိပပရှိပါတယ်ဖေဖေ နေ့တိုင်း ရောင်းရငွေကို စာရင်းနဲ့တကွအပ်တယ် . . ."

"တကယ်လား. . . မင်းစကားဟုတ်. . . မဟုတ် ငါစုံစမ်းဦးမယ် ငါသိထားတာက မင်း. . . မင်းကောင်မလေးကို ပိုးကြေးပန်းကြေးအဖြစ် လုပ်ငန်းထူထောင်ပေးတယ်လို့ပဲသိတာ ကောင်မလေးက ခပ်ရှုပ်ရှုပ်တဲ့ အလုပ်ခဏခဏပြုတ်ဖူးတယ်တဲ့"

"ဟာ. . . ဖေဖေ အဲဒီကိစ္စ. . . အလုပ်ပြုတ်တဲ့ကိစ္စ ကဖေဖေ အဲ. . . တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့်ပါ ဖေဖေနားလည်မှုလွဲနေပြီ သက်လှယ်ဟာ အင်မတန် အပြစ်ကင်းစင် ရိုးသားခိုင်ကျည် . . ."

"တော် . . . တော် . . . ဒီနေ့ . . . မင်းကိုငါနိုင်းစရာရှိတယ် ညကားနဲ့ မန္တလေးကိုလိုက်ရမယ် . . . အထည်ဆိုင်မသွားနဲ့တော့ ဒါပဲ"

ဖေဖေ့တစ်ချက်လွှတ်အမိန့်ကြောင့် ရဲဘုန်း စိတ်ဓာတ်ကျသွားရပါ၏။ ဖုန်းတောင်မဆက်ရတော့ဘူးတဲ့လား၊ ဖေဖေရယ်. . . ကိုယ်ချင်း စာနာပါဦးနော်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

ကိုယ်ကမျက်စိဖွင့်၊ နားစွင့်ထားသည့်အပြင် ဆိုင်နီးချင်းများနှင့်လည်း အဆင်ပြေအောင်နေသဖြင့် တစ်ပါတ်အတွင်း ရောင်းဝယ်ရေးလုပ်ငန်းကို သဘောပေါက်၍လာခဲ့သည်။

ဈေးသည်ဆိုတာ ဆက်ဆံရေးပြေပြစ်ချိုသာခြင်း သာမက မှန်မှန်ကန်ကန်ရှိဖို့လည်း လိုအပ်ပေသည်။ ဒါ့ကြောင့်လည်း ပစ္စည်းမှန်၊ ဈေးမှန်သည့် တစ်ခွန်းဆိုင်တွေ ကြီးပွားတာမဟုတ်ပါလား . . . အပေါ်ယံချိုသာပြီး အတွင်းကမမှန်လျှင် ဘယ်သောအခါမှ ကြီးပွားမည်မဟုတ်ပေ။

မေသက်လှယ်၏ "ဘုန်းသက်လှယ်"အထည်ဆိုင်မှာလည်း မှန်ကန်ခြင်းနှင့် ချိုသာခြင်းကို အရင်းတည်ထားသဖြင့် မိုးလင်းကတည်း





က လူပြတ်သည်မရှိ။ တဖွဲဖွဲ ရောင်းနေရသည်မှာ ချွေးပင်စို့လုလု။ သို့သော် မေသက်လှယ်ပျော်ပါသည်။ ရောင်းရသည့်ပစ္စည်းနှင့် ရောင်းရငွေတို့ကို စာရင်းအတိအကျမှတ်ရင်း . . .ညနေကျ ကိုရဲကို ငွေအပ်ရင်း မျက်နှာချင်းဆုံကြရသည်မှာ မည်မျှကြည်နူးစရာ ကောင်းလိုက်ပါသလဲ။

သူမကိုဘဝတိုက်ပွဲထဲ ရဲရဲရင့်ရင့် ဖြတ်သန်းတိုက် ခိုက်နိုင်စေဖို့ ဖေးမကူညီခဲ့သည့် ကိုရဲကို သူမကျေးဇူးတွေ ဟစိမ့်စိမ့်တင်နေမိဆဲ . .

ယခုနေ့လည်တော့ ဈေးဝယ်သူများ အနည်းငယ် ကျဲပါးလျှက်ရှိသဖြင့် မေသက်လှယ် ထမင်းစားဖို့ ပြင်လိုက်သည်။ မနက်ကတည်းက ထည့်ယူလာခဲ့သည့် စတီးနှစ်ဆင့် ခွဲချိုင့်လေးကို သူမဖြုတ်လိုက်သည်။ ထမင်းတစ်ချိုင့်၊ ဟင်းတစ်ချိုင့်နှင့် ငံပြာရည်ကြော်ကတစ်ချိုင့်။ ဟင်းကတော့ ဘဲဥ ကုလားဟင်း. . .ကဲကြည့်စမ်း ဘယ်လောက်စိတ်ချမ်းသာ စရာကောင်းလိုက်သလဲ။ သရက်သီးစိမ်းခြမ်းလေးကိုတို့ မြုပ်ရင်း ကိုယ်ဝမ်းစာကိုယ်သန့်စင်စွာ ရှာဖွေစားရတာ ကြောင့်ကြမဲ့လိုက်ပါဘိ။

သူမထမင်းစားနေတုန်း ချစ်စရာနှုတ်ခမ်းနီမလေး သုံးဦး ဆိုင်ပေါက်မှာ ရပ်လိုက်ကြသဖြင့် မေသက်လှယ် ဖိတ်မန္တက ပြုရသည်။ စားလက်စထမင်းကို ခေတ္တရပ်ထားရ၏။

"လာပါ ညီမတို့ ဘာလိုချင်လို့ပါလိမ့်ကွယ်"

"ဇာ . . .ဇာလိုချင်လို့ပါ ခုနောက်ဆုံးဝင်တဲ့ ဇာလှလှလေးတွေလေ ရှိလား အစ်မဆိုင်မှာ. . ."

"ရှိပါတယ်ကွယ်. . .ကြည့်ပါ. . .ကြည့်ပါ. . . ဝမ်းဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်ချုပ်ဖို့လား"

မေသက်လှယ် သူမတို့လိုချင်သည့် ဇာများကို ဆွဲထုတ်ပြရသည်။ ကောင်မလေးသုံးယောက်အနက် တစ် ယောက်မှာတော်တော်လှပပါ၏။ သုံးယောက်စလုံး ဘောင်း ဘီရှည်···အောက်နားခွဲထားကြပြီး အင်္ကျီချက်ဖော်တွေနှင့်။ လှပေမယ့် မျက်စိရှက်စရာ ရှုတ်ရက်ခတ်သည့် နားဆွဲတွေ၊ လက်ကောက်တွေကလည်း အရောင်စုံ···

မေသက်လှယ်လည်း ခေတ်လူငယ်ဖြစ်ပေမယ့် ထိုကဲ့သို့ သရုပ်လွန်၊ ခေတ်လွန်တာကြီးမျိုးတော့ သူမ မကြိုက်ပါ။ အထည်ဆိုင်ထိုင်သူပီပီ သူမလည်းလှလှပပ တော့ဝတ်ဆင်ရတာပေါ့ ··· နွေရာသီဖက်ရှင် ဂါဝန်လေး ကလုံလုံခြုံခြုံ ရှိလေသည်။

"ဟော့ ···အိတာရွေးလေကွာ ဘာလဲ ဒီဇာလောက် ကိုမကြိုက်ဘူးလား ဒါဆိုလည်း ယူ့ကိုကိုပြန်လာမှ အတူလာရွေးပေါ့ဟုတ်လား။ မင်္ဂလာဝတ်စုံဆိုတာ နှစ်ယောက် အတူရွေးမှ သဘာဝကျတာ···"

"မင်္ဂလာရက်ကနီးနေပြီကွ···ကိုယ့်တို့အရောင် လည်းရွေးပြီးသားပါ···ကိုကိုကအပြာရောင်ကြိုက်တယ်၊ ကိုယ်ကတော့အပြာရောင်မကြိုက်ဘူး။ အရောင်ရွေးတိုင်း ပြဿနာတက်ရတယ်···ကိုယ်ကအဖြူ ဒါမှမဟုတ် ပန်းရောင်မှကြိုက်တာ···"

"ဒါဆိုလည်းကိုယ်ကြိုက်တာ ကိုယ်ယူပေါ့ကွာ ကိုရဲဘုန်းကြီးကသဘောကောင်းပါတယ်···အိတာက ကိုကို ဆိုပြီးနေတာပဲ···"

"ဟင်···"





ရဲဘုန်းဆိုသဖြင့် မေသက်လှယ် ဒိန်းခနဲတုန်လှုပ် သွားရ၏။ နာမည်တူလုချည်လား ဘယ်ရဲဘုန်းလဲ ကမ္ဘာပေါ်မှာ ရဲဘုန်းတွေ ဘယ်နှစ်ယောက်တောင် ရှိသလဲ··· သူမ··· ကယောင်ကတန်းပင်ဖြစ်လှလှ···ကောင်မလေး သုံးယောက်မှာ ဇာများကို ရွေးချယ်နေကြပြန်သည်။

မေးချင်လိုက်တာ မေးလိုက်ရင်သင့်တော်ပါမလား၊ အိုလေ ရန်ကုန်မြို့ကြီးထဲမှာ ရဲဘုန်းတွေ အများကြီး ရှိနေမှာပါ။

မကြာမီ ···အိတာဆိုသည့် ကောင်မလေး အရောင်ရွေးပြီးသွားသည်။ အဖြူရောင်ကို သူမရွေးချယ်ခဲ့၏။

မေသက်လှယ်မှာ ဇာများကို ကိုက်ထိုးဖြတ်ပေးရင်း စိတ်ကမည်သို့မှ မနေနိုင်တော့။

"ညီမတို့ကရက်နီးပြီဆိုတော့ ဖိတ်စာတွေဘာတွေ အပ်ပြီးပြီလားဟင်···"

သူမထိန်းနေသည့်ကြားမှ အသံကတုန်ချင်သေး၏။

"ဖိတ်စာကရတောင်ရပြီအစ်မ၊ ညီမဖိတ်စာလေး လှရဲ့လားလို့ကြည့်ပေးပါဦး လက်ထပ်မှာက နောက် တစ်ပတ်ဆန်းဒေးလေ ပန်ဒါမှာကျင်းပမှာမမရဲ့ ဘာလဲ မမကလာချင်လို့လား···ဖိတ်ခဲ့မယ်လေ"

ပြောပြောဆိုဆိုဖြင့်ပင် အိတာက ဖိတ်စာလှလှ လေးတစ်စောင့်ကို သူမရဲ့စလင်းဘက်ထဲမှ ထုတ်ပြခဲ့လျှင် မေသက်လှယ် မူးဝေပြာနမ်းသွားတော့မတတ်။



www.burmeseclassic.com

www.burmeseclassic.com



သတို့သားနေရာကို သူမအရင်ကြည့်လိုက်လျှင်
ဦးမင်းလွင် + ဒေါ်ပုလဲတို့၏ တစ်ဦးတည်းသောသား
မောင်ရဲဘုန်း ( ········ )

နောက်ကဘွဲ့တွေ၊ ဘာတွေ၊ ညာတွေ အားလုံး တင်မက ကမ္ဘာကြီးကိုပါ သူမ မမြင်နိုင်တော့ပါ။

ဘာတွေလဲ···ဒါဟာတစ်နေ့ကျကြုံလာရမယ့် လောကစံပဲ မဟုတ်လား···

ထိုနေ့က ငွေတွေဘယ်လိုတွက်ပြီး ဘယ်လိုယူခဲ့ သည်တောင် မသိတော့။

သူမ၏နှလုံးသားလေးက ချစ်သူ၏ရက်စက် သစ္စာမဲ့မှုလောကဓံကို ခံနိုင်ရည်မရှိတော့အောင် နာဖျားလောင် ကျွမ်းခဲ့ပြီမို့ နေ့တစ်ဝက်နှင့်ပင် ဆိုင်ကိုပိတ်ခါ သူမ အခဆောင်သို့ပြန်ခဲ့ရသည်။

ချစ်သူပေးသော လောကဓံသည် နွေရာသီရှင် နေမင်း၏ ပူပြင်းမှုအောက်မှာ ဆထက်ထမ်းပိုးတိုးလျှက် သူမကိုကြေမွ သွားစေလေခဲ့သည်။





## အခန်း ( ၁၁ )

မေသက်လှယ်သည် မိမိကိုယ်ကို အတော်အတန် ခံနိုင်ရည်ရှိသည့် မိန်းမပျိုဟု ထင်မှတ်မိသော်လည်း တကယ့် အရေးကြုံတော့ သူမမှာ ခံနိုင်ရည်မရှိကြောင်းသိရ၏။

ရုပ်ရှင်တွေထဲကလို ဝတ္ထုတွေထဲကလို ချစ်သူကို ခြေရာဖျောက်ပြေးဖို့၊ ချစ်သူကို ကလဲ့စားချေဖို့ဆိုတာတွေ သည်တကယ့်လောကမှာ မလွယ်။ အထူးသဖြင့် သူမလို ဘဝကိုကျိုးကန်းတောင်းမှောက်၊ ကျိုးလန့်စာစားလျှောက် လုမ်းနေရသည့် တစ်ကောင်ကြွက်အထီးကျန် မိန်းမပျိုလေး ကပိုလို့ဆိုးသည်။

ချစ်သူကိုစိတ်ထဲမှာ အခါခါနာကျည်းလိုက် အကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ရန်တွေ့ပိုက်နှင့် ရင်ထဲမှာမီးတောင်ပေါက်ကွဲသလို ကြိမ်မီးအုံးရင်း သူမကြေကွဲနေရသည်။

ရက်စက်လိုက်တာ ချစ်သူရယ်···

နောက်တစ်ပတ်ထဲမှာ လက်ထပ်တော့မှာတောင်မှ မေသက်လုယ်ကို အရူးလုပ်နေသေးသတဲ့ ···

ယဲ့ယဲ့လေး···ကြွေမွလုလု ပန်းကလေးတစ်ပွင့်ကို အညှာမှကိုင်လှုပ်ပြီး ပဲ့ရမ်းပတာ မုန်တိုင်းဆင်ခဲ့တယ်···

ကျွန်မရဲ့မျက်ရည်တွေနဲ့ ရှင့်ဘဝကို စိုပြည်လန်း ဆန်းစေမလို့လား ချစ်သူ···

ဆိုင်မထွက်ဘဲ အဆောင်ထဲမှာ သူမနွမ်းရိနေခဲ့ရတာ သုံးရက်တိတိရှိပေပြီ···ရဲဘုန်း သူမထံမလာတာလည်း သုံးရက်တိတိ။ ဟုတ်တာပေါ့ လက်ထပ်တော့မယ့် သတို့ သားကြီးဟာ ဒီအချိန်မှာအလုပ်ရှုတ်နေမှာပါပဲ···

တိတိတာတာချွဲနွဲ့တတ်မယ့် နောက်ဆုံးပေါ်ကောင် မလေးရဲ့ အလှအပ၊ အညှု၊ အခရာတွေမှာချစ်သူ မိန့်မူးနေမှာပေါ့ ···

သူမကတော့ ပြတိုက်ထဲမှာထည့်ပြထားရမည့် တည်တည်ကြည်ကြည်မိန်းမပျို။ ချစ်သူစိတ်ပျက်မှာပါပဲ အတွေးဖြင့် သူမနွမ်းဖတ်နေရ၏။ ဒါ···နေ့လား···ညလား။ဆာမှန်းလည်းမသိ···အိပ်ရမှန်းလည်းမသိ





အလို··· အချစ်ဝေဒနာဆိုတာဒါလား···အခံ့ရဆိုးလိုက်တာ နောက်အချစ်ဆိုတာ မိန်းမသားတွေအတွက်···ဘဝ တစ်ခုလုံးပေါ့ ချစ်သူပစ်သွားလို့ အသက်မသေပေမယ့် ဒီဝေဒနာမှ နိုးထဖို့သူမ အသည်းအသန်ကြိုးစား ထမြောက်ရပါဦးမည်။

ရဲဘုန်းနှင့်ဝေးရာအရပ်သို့ ကမ္ဘာကြီးခြားအောင် ထွက်ပြေး ကျောခိုင်းလိုလှသော်လည်း မေသက်လုယ်မှာ ပြေးစရာမြေမရှိ။ ဒီအထည် ဆိုင်လေးကရော···ဒီသူနှင့် ပတ်သက်သမျှ မေသက်လုယ် ဘာကိုမှမလုပ်လိုတော့ပါ။ နောက်ဆုံးတစ်နေ့ ဘာအလုပ်မှမရလျှင် မဆလာသသယ်ရုံပဲပေါ့။ ဖြူစင်သော သမ္မာအာဇီဝဖြင့် သူမဘဝကိုရုန်းကန် လိုက်မည်။

"မေသက်လုယ်···ညှဲ့သည်"

နေ့လည်ဖက်ကြီး ညှဲ့သည်ဆိုသဖြင့် မေသက်လုယ်လန့် သွားသော်လည်း လာမည့်ဘေးပြေးတွေ့ရမည် ဟုသူမနားလည်လိုက်သည်။ သူမ၏ညှဲ့သည်ဆိုတာ ရဲဘုန်းပဲရှိသည် မဟုတ်ပါလား။

ရင်ထဲမှာ အကြိမ်ပေါင်းများစွာ ရန်တွေ့ခဲ့ပြီးခဲ့ပြီမို့ သူမဣန္ဒြေ ဆည်နိုင်လိမ့်မည်ဟု ထင်ပါသည်။ သူ့ကို အထည်ဆိုင်သော့ပေးရဦးမည်။ သူ့ကိုစာရင်းဇယားနှင့်တကွ ရောင်းရငွေတွေအပ်ရဦးမည်။ နောက်··· တည်ငြိမ်စွာဖြင့် သူ့ကို ငွေတွေအပ်ရဦးမည်။ နောက်···တည်ငြိမ်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူကိုတစ်သက်တာအတွက် နှုတ်ဆက်စကားတွေ ဆိုရပါဦးမည်။

ဒီလိုပဲပေါ့နော်...

ချစ်သူဆိုပေမယ့် တကယ်တော့ တစ်ယောက်နှင့် တစ်ယောက် သူစိမ်းတွေပဲမဟုတ်လား...

သစ္စာတရားဆိုတာကလည်း ယနေ့ခေတ်ကြီးထဲမှာ ခေတ်စားတော့သည့် အရာမဟုတ်...

လောကကို သူမအသင့်အတင့် နလုံးသွင်းရမည် သဘောပေါက်ရမည်...ကိုယ့်ကို နစ်နာအောင်နင်းချေ ချေမွမသွားခဲ့လျှင်ပဲ ကျေးဇူးတင်ရမည် မဟုတ်လား...

အိပ်ယာလေးထဲမှာ လှူးလွန့်ထားသဖြင့် ကြေမွနေသည့် စပန့်ဂါဝန်လေးကို သူမလဲလှယ်လိုက်သည်။ တန်းပေါ်မှ အဆင်သင့်တွေ့သည့်ပန်းနုရောင် အကွက်ဂါဝန်လေးက သူမကိုယ်ပေါ်မှာလုံလုံခြုံခြုံ။ ဖရိုဖရဲဆံနွယ်များကို ဘီးနှင့် တစ်ချက်သပ်ပြီး...မေသက်လှယ် ညည်သည်များထိုင် စောင့်နေတတ်သည့် ဧည့်ခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။

"သက်လှယ်..."

သူမကိုမြင်လျှင်မြင်ချင်း ရဲဘုန်းတောင့်ခန် မတ်မတ် ရပ်မိသွားလေ၏။ မတွေ့ကြရသည့် သုံးရက်အတွင်း ပဲ့ကြွေလုအောင် အရည်ပျော်





တော့မည့် မိန်းမလှလေးသည် သူ့ရင် ကိုမွမွကြွေစေတော့မတတ်...

"ဘာဖြစ်လို့လဲဟင် ဖေဖေနိုင်းလို့ ကိုယ်မန္တလေးကို သွားရတယ် လေယာဉ်ဆိုက်တာနဲ့ ဖေဖေ့ဆီသွားအစီရင်ခံ၊ လုပ်စရာရှိတာလုပ်ပေးပြီး ဆိုင်သွားတော့ သက်လှယ် ဆိုင်မထွက်တာ သုံးရက်တောင်ရှိပြီဆို.. ဘာများဖြစ်သလဲလို့ကွယ် နေမကောင်းဘူးလား...ဘယ်သူကသက်လှယ် ကို ဘာပြောလို့လဲဟင်... ဘယ်သူတွေကနှောင့်ယှက်ပြန်သလဲ"

သူမကို ဖေးမရင်း . . . သူ့နံဘေးမှာထိုင်စေတာကို မေသက်လှယ်ငြင်းပယ်လိုက်သည်။ သူ့အသွင်က တကယ့် ကိုဖြူစင်ရိုးသားစွာ ကြင်နာနေသည့်ဟန်...မေသက်လှယ် ရင်နာကြေကွဲရပါ၏။

"တော်ပါတော့ရှင်...ကျွန်မကိုဒီလောက်အရှူး လုပ်ရရင်တော်ရောပေါ့ ...ရှင့်ရဲ့ကျေးဇူးတရားတွေကို ထောက်ထားပြီး အရာအားလုံးကို ကျွန်မခွင့်လွှတ်လိုက်ပါတယ်...ဟုတ်တယ် တကယ်တော့ ဒါဆန်းတာမှ မဟုတ်ဘဲလေ...တစ်နေ့နေ့မှာ ရှင်ဒီလိုပဲလုပ်သွားလိမ့်မယ်ဆိုတာ ကျွန်မကြိုပြီး တွေးခဲ့ပြီးသားပါ ကျွန်မလို မိန်းကလေး တစ်ယောက်ကို ဘယ်မိဘ၊ ဘယ်လိုသူဌေးသားက ယူရဲမှာလည်းနော် ကျွန်မသိဖို့ကောင်းပါတယ်၊ ကျွန်မသိခဲ့ပြီးသားပါ ဒီမှာဆိုင်သော့၊ ဒါက ကျွန်မရောင်းခဲ့တဲ့စာရင်းနဲ့ငွေ သေသေချာချာ စစ်ဆေးလက်ခံပါနော် ကျွန်မသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ…ဟ…နေပါဦး"

မေသက်လုယ်၏ အသွင်ကိုကြည့်ရင်း ရဲဘုန်း ပဟေဋ္ဌိဖြစ်နေရာမှ ထွက်ပြေးပျောက်ပျက်တော့မည့် သူမကို သူခုန်ထ ဆွဲထားရသည်။ အခြေအနေတွေက တော်တော် နက်နဲပုံရ၏။ အဘယ်သူတွေက နှောင့်ယှက်ရှုပ်ပြုက်နေပြန်သလဲ…

"သက်လုယ်ကိုကြည့်ရတာ တစ်ခုခုတော့တစ်ခုခုပဲ၊ အဲဒါဘာလဲလို့ ကိုယ်မသိဘူး ချစ်သူချင်းအထင်အမြင် လွဲကြတာလောက် အဖြစ်ဆိုးတာမရှိဘူး ကိုယ့်ကိုအကျိုး အကြောင်းသေချာစွာပြောပြပါ သက်လုယ်…ကိုယ်ဖြေရှင်း ပေးပါရစေ"

သူ့လက်ထဲမှာ မေသက်လုယ်ငိုရှိုက်နေမိပြီမို့ ညှော်ခန်းထဲမှာ ရှုပ်ပျက်ဆင်းပျက်လုလု။ သို့သော် သူမ ရန်တွေနိုင်ပါသေးသည်။

"တော်ပါတော့ ကိုရဲဘုန်း ရှင်ကျွန်မကို ဘယ်အထိ အရှုံးလုပ်ချင်ရတာလဲ ဘာလဲ ရုပ်ရှင်တွေထဲကလို မေမေ တို့ဖေဖေတို့ စီစဉ်တာပါ ကိုယ်ဘာမှမသိရပါဘူးတွေ ဘာတွေနဲ့ ကျွန်မကိုဆင်ခြေတက်ပြဦးမလို့လား…ကျေးဇူးပြုပြီး ရှင် ရှင်ပြန်ပါတော့နော်… ကျွန်မကို ချမ်းသာပေးလိုက်ပါတော့ရှင်".

မေသက်လုယ်ပြောသမျှ ဘာမှနားမလည်ပေမယ့် ဖြစ်သမျှကို သူသဘောပေါက်သလိုလို ရှိသွားရ၏။ ဟိုက် ဒါဖေဖေ့ပယောဂပဲလား





ရက်စက်လိုက်တာ ဖေဖေရယ် ချစ်သူ နှစ်ဦးကို အကြီးမားဆုံး ပဋိပက္ခတွေဖြစ်အောင် ဖေဖေ လုပ်ရက်ခဲ့သလား…

"ဟာ…သက်လုယ်ပြောတာတွေ ကိုယ်တစ်ခုမှ နားမလည်ဘူး ဒါပေမယ့်တစ်ခုခုကိုတော့ သဘောပေါက်သလိုလိုရှိတယ်… ကဲထစမ်းပါသက်လုယ်ရယ် အဆောင် ညှော်ခန်းထဲမှာ လူမြင်လို့မကောင်းပါဘူး…မင်းသဘော ကျတဲ့ အင်းလျားသစ်ရိပ်ကိုသွားရအောင်နော်"

သူကဆွဲထူလျှင် မေသက်လုယ် ခါးခါးသီးသီး ငြင်းမိသည်။

"အပိုစကားတွေနဲ့ ကျွန်မကိုဖြားယောင်းမနေနဲ့ ရှင်ဟာ တနင်္ဂနွေနေ့မှာ လက်ထပ်တော့မှာတောင် စနေနေ့အထိ ရည်းစားထားခဲ့ချင်တဲ့သူပဲ ရှင်ကိုကျွန်မနာကျည်းတယ် ရှင်သွားပါတော့ရှင်…"

"ဟာ…မဟုတ်ဘူး ကဲပြောစမ်း သက်လုယ်ကို ဘယ်သူတွေက ဘယ်လိုလာပြောလို့လဲ သက်လုယ်က ကိုယ်ရှင်းပြတာလည်း လက်မခံဘူး တကယ့်ကို မွန်းလေး သွားနေရတာပါဆိုမှ မင်းဆီဖုန်းဆက်ချင်တော့လည်း အဆောင်ဖုန်းနဲ့ ရည်းစားစကားပြောရတာ ရှက်တယ်ဆိုဗျ ဒေါ်မေသက်လုယ်ကြီးရဲ့ ဘိုးတော်ဘုရားခေတ်က အပျိုတော်ကြီးရဲ့ ဒီလိုပဲတစ်မျိုး မဟုတ်တစ်မျိုး ဖေဖေလိုက် နှောင့် ယှက်တတ်တာ သိရဲ့သားနဲ့ကွာ သက်လုယ်ဟာလေ ဘယ်တော့မှရင့်ကျက်မှာလည်းမဟုတ်ဘူး… မျက်ရည်တွေသုတ် ပစ်လိုက်စမ်းပါ…မင်းကြေကွဲနေတာမြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကြေကွဲရတာထက် နာကျင်ရတယ်သိလား ပြော ကိုယ့်ကို သေချာပြောပြ"

ရဲဘုန်း ထန်တင်းပေါက်ကွဲလာတော့ မေသက်လှယ်မှာ ဇဝေဇဝါ သူပြောတာများဟုတ်နေမလား . . .

အို . . . မိန်းမသားဆိုတာလည်း နာခေါင်းမပါရင် မစင်တောင် စားတတ်သတဲ့ဆို . . .

"သွားပါ . . . ရှင်အပိုတွေမပြောနဲ့ မုန်လာဥမလုပ်နဲ့ ကျွန်မက ဖိတ်စာတောင်မြင်ပြီးပြီရှင့် ကောင်မလေးရဲ့ အိမ်နာမည်ကအိတာ ရှင်တို့ပန်ဒါမှာလက်ထပ်မှာ ကဲရှင် ဘာငြင်းချင်သေးလဲ ကျွန်မအသည်း တွေကွဲကုန်ပြီရှင့် ဒါကို ရှင်ကအရသာခံပြီး လှောင်ချင်ရသေးသလား"

သူမပြောလျှင် ပြဿနာကို ရဲဘုန်းသိသွားရသည်။ မည်သို့ပင် ဖြစ်စေ . . . မေသက်လှယ်ကို သူတစ်ယောက် ထဲလွှတ်မထားရက်တော့ ပြဿနာတွေကတစ်မျိုးပြီးတစ်မျိုး မဟုတ်ပါလား . . .

တစ်ထိုင်တည်းမှာပင် ရဲဘုန်းဆုံးဖြတ်ချက်ချလိုက်၏။

"ကဲ အမိဖိတ်စာဆိုတာ ဘယ်လိုပဲဖန်တီးဖန်တီး ရတယ်ဆိုတာ လည်း သဘောပေါက်ထားလိုက်ပါဦး မင်း ပြောတဲ့အိတာလည်းမသိဘူး မအိတာလည်းမသိဘူး။ ကဲထ မှတ်ပုံတင်သွားယူ . . . ခရီးဆောင်အိတ်ပြင်ခဲ့ အိုကွာ မှတ်ပုံတင်ပါရင်ပြီးရော . . ."





"ရှင် . . . ရှင် . . . ကျွန်မကိုဘာလုပ်မလို့လဲ . . ."

"နိုးပြေးမယ်လေ . . . လက်ထပ်မယ်လေ . . . ဖေဖေ တို့နဲ့ဝေးရာကို နိုးပြေးသွားမယ် . . . မင်းကိုကိုယ်ဘယ်လိုမှ မခွဲနိုင်ဘူး . . . စိတ်လည်းမချတော့ဘူး"

"ရှင့်သတို့သမီးကို ဘယ်လိုလုပ်မလဲ . . ."

"ဒါသူတို့ဖန်ဆင်းတဲ့ ပဉ္စလက်တွေပါ သက်လှယ်ရယ်၊ ကိုယ့်ကို ယုံကြည်စမ်းပါ အလကား ဘာမှလည်း မဟုတ်ဘဲနဲ့"

ဇဝေဇဝါအကြည့်ဖြင့် မေသက်လှယ်ကြည့်နေလျှင် သူက ကမ္ဘာပေါ်မှာ အရိုးသားဆုံးအပြုံးနှင့် သူမကို စိတ်ရှည်လက်ရှည် ကြည့်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"မိန်းမရာ မင်းမလဲတစ်နေ့ တစ်နေ့ပင်ပန်းလိုက်တာဆိုင်ကို လူ့ဌားတင်လိုက်ပါ့မယ်ဆိုမှ ပြီးဖေဖေတို့က လည်း ပစ်ထားတယ်ဆိုပေမယ့် နောက်ဆုံးကျကိုယ်ပဲရှိတာကို"

မေသက်လှယ်က မီးဖိုမှာကြော်လှော်ချက်ပြုတ်နေခိုက် ညှော်ခန်းထဲမှ ရဲဘုန်းမှာလည်း အင်္ကျီကိုယ်ကျွတ် နှင့်ခြေပစ်လက်ပစ်။ သူလည်း တစ်နေကုန် ကားမောင်းရတာပဲလေ . . . အိမ်ကပါလာသည့်ကားကို သူ့ဖေဖေက စိတ်ဆိုးပြီးပြန်သိမ်းသွားသော်လည်း ဒီလိုပဲတက္ကစီတစ်စီးကို စပေါ်တင်မောင်းရ၏။

"ကဲပါ . . . ကိုရဲရာ သက်လှယ်က အလုပ်မရှိရင်မှ မနေတတ်ဘဲ။





အလုပ်လုပ်လို့ရများတော့ ဗိုင်းခနဲလဲသေရင် သေသွားစမ်းပါစေ . . . ပျော်နေတာပဲ . . ."

"မင်းကိုလေ . . . ကျွန်ဇာတာပါတယ်"

မိုးလင်းမိုးချုပ်ဆိုင်ထွက်နေရသဖြင့် အိမ်အလုပ်များကို မနက်စောစောနှင့် ညဦးပိုင်းများမှာ မေသက်လှယ်လုပ်ရသည်။ ဒါကို ရဲဘုန်းမကြည့်ရက် . . . သို့သော်သူမကို ကြည့်လိုက်လျှင်လည်း ဆယ့်နှစ်ရာသီတပြုံးပြုံး . . .

ယခုလည်း လျှပ်စစ်မီးဖိုမှာ ငါးပေါင်းနေပြီး ထမင်းကိုလည်း ပေါင်းအိုးနှင့်ချက်လျှက်။ ယခုလေးမှ အိမ်ပြန်ရောက်ပေမယ့် ဒဝတ်အစား ချက်ချင်းလဲ မီးဖိုးထဲချက်ချင်းဝင် သူမှာပျော်ပျော်ရွှင်ရွှင် မေသက်လှယ်သည် တကယ့်အိမ်ရှင်မကောင်းတစ်ဦး ဖြစ်သည်။ သူ ကံကောင်းပါသည်။ ဖေဖေ့လိုပဲ ကံကောင်းခဲ့သည်။ မေမေသည်လည်း အိမ်ထောင်ရှင်မကောင်းတစ်ဦး မဟုတ်ပါလား . . . သားကိုသခင် လင်ကိုဘုရားလေ . . .

ဖေဖေကသူ့ကို အမွေပြတ်စွန့်လွှတ်ခဲ့သည်။ ဖေဖေ့ကို မြင်ယောင်မိတော့ ရဲဘုန်းရင်ထဲမှာ နာပါသည်။ ဖေဖေဟာ အတွေ့ကြီးလွန်းတယ် ကိုယ်လည်းဆင်းရဲသား ဘဝက ကုန်းကောက်စရာမရှိသည့်ဘဝက တက်လာခဲ့ ရသော်မှ ဆင်းရဲသူများကိုမစာနာ မေသက်လှယ်နှင့် ခါးခါး သီးသီး . . . မေမေကတော့ သူ့ကိုနိုးပြီး ထောက်ပံ့ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေမရှိချိန်များမှာ သားအမိဖုန်းဆက်ကြသည်။ ဖေဖေ့ အိမ်ပေါ်တော့ သူဘယ်တော့မှမတက်တော့။ ဖေဖေ့သားပီပီ သူကလည်းမာနရှိပါသည်။

မေမေ့ဆီမှလည်း သူ့အခါခပ်သိမ်း လက်မခံပါ။ ကားစပေါ်တင် ဘုန်းကတစ်ခါ တိုက်ခန်းဗုားတော့တစ်ခါ ကျန်တာကိုယ့်ဘာသာ ဘဝကို ဖြေရှင်းသည်။

"ကိုရေ . . . အမောပြေရင်လည်း ရေချိုးလိုက်နော်၊ ဒီမှာ သက်လှယ်လည်း ချက်ပြုတ်ပြီးတော့မယ်. . . ဟင်းကတော့ ဂျီးမများနဲ့ကွာ ငါးပေါင်းနဲ့သရက်သီးဟင်းချိုပဲ မနေ့က ဗာလချောင်ကြော်နဲ့ပေါ့နော်ကို"

သူ့မှာ တကုတ်ကုတ်နှင့် ချက်ပြုတ်နေရသော်လည်း လင်တော်မောင်စိတ်ကွက်မှာ စိုးလို့ချော့ရသည်က တစ်ဒုက္ခ။

"ရပါတယ်မိန်းမရာ ကိုကလည်း ဘဂနစ်သားအထိ အကြော်တစ်ချပ်နဲ့ ထမင်းစားလာရတဲ့ကောင်ပါ . . . အတူတူ ငွေရှာနေကြရတာချင်းအတူတူ ယောကျ်ားကိုအောက်ကျို့ ပေးရတဲ့မိန်းမဘဝကိုလည်း ကိုတကယ်သနားမိတယ်. . . အဲလိုမျက်နှာငယ်လေးနဲ့ ကိုကိုချော့ရင် ကိုအရမ်းရင်နာ တယ်သိလား"

"ဟောတော့ ခုတ်ရာတခြား ရှရာတလွဲကြီးပါလား ကိုစိတ်ချမ်းသာအောင် ကိုပျော်အောင် သက်လှယ်ကချော့တာပါ ကိုယ်ယောကျ်ား ကိုယ်ချစ်တော့လည်း လူကျန်းမာစိတ်ချမ်းသာ စေချင်တာပဲကိုရဲ့





သက်လှယ်အတွက် ရင်မနာပါနဲ့ကိုရယ် . . . သက်လှယ်ကတော့ ကိုယ့်ယောကျ်ား ကိုပြုစုနေရရင် ကိုယ့်ယောကျ်ားက ကိုယ့်ကို ချစ်နေတယ်ဆိုရင် ပျော်နေတာပဲ ဒါဟာလဲ မိန်းမသားဘဝ၊ မိန်းမ သားရဲ့ပန်းတိုင်ပေါ့။ ကိုကလူပုံချောချော. . . ပြီးတော့ ကားသမားဆိုတော့ သက်လှယ်လည်း တစ်ခါတစ်ခါ စိတ်ပူတာပေါ့နော် ကို . . . ကျွန်မကိုပစ်မသွားရအောင် ပိုပြီးယုယ၊ ပိုပြီးချစ်ရတာပေါ့"

"ကို့ကိုစိတ်ချစမ်းပါ မိန်းမရယ်. . . ကို့မျက်စိထဲ မှာသက်လှယ်ကလွဲရင် ဘာမှမမြင်ဘူး . . ."

သူကပက်လက်ကုလားထိုင်မှ နားရင်းမှပြောလျှင် မေသက်လှယ် တခစ်ခစ်ရယ်သည်။

"ကို အပြောလေးနည်းနည်းလျှော့ဦးနော်. . . သက် လှယ်ကလွဲရင် ဘာမှမမြင်ဘူးဆိုရင်တော့ ကိုကကားသမား ခဏခဏကားတိုက်ကုန်လိမ့်မယ် . . ."

"စကားကလည်း အထအနကောက်လိုက်တာကွာ၊ ကဲ ကိုရေချိုးမယ်၊ ညစာကတော့ ကိုမိန်းမလက်ရာ အပြတ်ဝါးရမယ် မနက်စာက ကြုံရာမှာစားရတာ မဟုတ် လား"

"ကိုပြောတာနဲ့ စိတ်တောင်မကောင်းတော့ဘူး နေဦး[illegible] ကိုမဆာသေးဘူးမဟုတ်လား ဟင်းရွက်လေးတစ်ခွက်လောက် [illegible]ကြော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်နော် ခဏခဏ ကိုရေချိုးပြီးမှာနဲ့ အတော်ပါပဲ"

သူ တားဆီးလျှင်လည်း အပိုပါပဲ ဒီလောက် ပြုစုယုယ ချင်သည့်မိန်းမကို သူကြည့်ပေးနေလိုက်မည်။ သူလည်းစိတ်ချမ်းသာ ကိုယ်လည်းစိတ်ချမ်းသာရတာပေါ့။

မကြာမီ ရေချိုးခန်းထဲမှ အဝတ်လျှော်သံများထွက်လာလျှင် ထမင်းပွဲပြင်နေသည့် မေသက်လှယ်မျက်လုံး ပြူးသွားသည်။ ကိုက ရေမချိုးဘဲ သူမခုလေးမှ စိမ်ထားသည့်အဝတ်တွေကို လျှော်ဖွပ်နေ ပါလား...ရေချိုးခန်းထဲသို့ သက်လှယ်အပြေးကလေးဝင်ရသည်။

"ကို...ဘာတွေလျှော်လုပ်နေတာလဲ...ထားထား လိုက်စမ်းပါ...သက်လှယ်လျှော်မှာ...ကိုကစင်အောင်လည်း မလျှော်တတ်ဘဲနဲ့ ထားခဲ့ပါဆို"

တကယ်က ကိုလျှော်မှာစိုးလို ပြောရခြင်းသာဖြစ်သည်။ ကိုယ်က ဆိုင်ထွက်ရတယ်ဆိုပေမယ့် ပင်ပန်းလှတာမဟုတ်။ ဒီလိုပဲဆိုင်မှာ နားနား နေနေရှိရသေးသည်။ ကို့ခမျာမှာတော့ တစ်နေကုန် ငှက်ကြီးဝန်ပိုလို အတောင်ဖြန့်ပြီး အစာရှာနေရတာ မဟုတ်ပါလား မျက်စိရှင်ရှင် နားရှင်ရှင်နဲ့လေ။

"လျှော်တတ်ပါတယ် သက်လှယ်ရဲ့ ဒဂနှစ်သားအထိ"

"ကိုပြောရင်လေ...ဒဂနှစ်သားကကိုမတက်ဘူး၊ သွားရေပဲချိုး၊





သက်လှယ်စိတ်ဆိုးလိုက်မှာသိလား...ကိုရယ် ကျွန်မမပင်ပန်းပါဘူး ကျွမ်းကျင်တဲ့အလုပ်ကို ကျွမ်းကျင်သူက လုပ်ရတာသွာသာလေးပါ.. ဒါပဲနော်...သက်လှယ်အလုပ်တွေကို...ကိုမကူရဘူး...ကဲပါ ရေသာချိုး သူကိုတားနေရတာနဲ့ အလုပ်ပျက်တယ်ကွာ...မြန်မြန်ချိုး ပြီးရင်ထွက် ထမင်းကိုအရင်စားနှင့် ..."

"ဟာ...ဒါတော့မရဘူး...လင်မယားနှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ထမင်းစားရမှ ထမင်းမြိန်တာကွ...ဘယ့်နှယ် မနက်စာလည်း တစ်ယောက်ထဲစား... ညစာလည်းတစ်ယောက်ထဲဆိုရင်"

"ကဲပါ...ဒါဆိုလည်းပြီးရော...သက်လှယ်က ကိုဆာနေမှာစိုးလို့ပါ...ကုတင်ပေါ်မှာ ကို့ဖို့အဝတ်တင် ထားတယ်"

မေသက်လှယ်မှာ အပြင်သို့ပြန်ထွက်ပြီး ထမင်းပွဲ ဆက်ပြင်ရသည်။ သူမရေချိုးဖို့အဆင်သင့် ပြင်ပြီးချိန်မှာ ရဲဘုန်းလည်း ရေချိုးလို့ ပြီးသွားခဲ့သည်။

သူမအဝတ်လျှော်၊ ရေချိုးပြီးတော့ ည ၉နာရီ သူမတို့အိပ်ခန်း လေးထဲမှာ မှန်တင်ခုံပါထား၏။

"ဟင်...ကိုကလည်း သနပ်ခါးတွေ သွေးထားပြန်ပြီ သက်လှယ် ငရဲကြီးမှာပေါ့လို ..."

"ထားစမ်းပါကွာ...ဒါမှသက်လှယ်မြန်မြန်ပြီးမှာ ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမြန်မြန်စားမှာ . . . ဆာပြီကွာ . . .”

“ဟုတ်ပြီ . . . ဟုတ်ပြီကိုဝင်နှင့်နော် ထမင်းပွဲဝင်နှင့် ဟင်းချိုတွေ ကခုမှအတော်ပဲ ဖြစ်သွားမှာ . . . သက်လှယ် ခုပဲလာတော့မှာပါ”

မေသက်လှယ်သနပ်ခါးရေကြဲကို လျှင်မြန်စွာပွတ်ပြီး အဝတ် တစ်စုံ ကောက်ဝတ်လိုက်၏။ သူမ . . . အပြင်ထွက်လာချိန်မှာ နှစ်ယောက် သား ထမင်းအတူစားကြသည်။

နောက် . . . ဖွင့်ထားသောပြတင်းမှ မြို့ပြ၏လမင်းကို ခေတ္တ ငေးမျှော်ကြသည်။

ယခုလိုတော့လည်း လောကသည် သာတောင့်သက်သာ မှန်တိုင်းမလာခင် လေပြည်လာတတ်သည် ဆိုတာကိုတော့ ရဲဘုန်းနှင့် မေသက်လှယ်တို့ မေ့လျော့နေခဲ့ ကြတာအမှန်။





## အခန်း ( ၁၃ )

“ဘာအလိုရှိပါသလဲရှင် . . . ပါတိတ် . . .”

မိမိဆိုင်ရှေ့မှာ ရပ်လာသူတစ်ဦးကြို့ဆိုရင်း မျက်နှာဆိ ကြည့်မိတော့ မေသက်လှယ် လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားရသည်။

ဒေါ်ပုလဲ . . .

သို့သော် . . . ဒေါ်ပုလဲ၏မျက်နှာက ပျော့ပျောင်းနူးညံ့နေပါသည်။ ဒေါ်ပုလဲက မေသက်လှယ်၏ဆိုင်ခန်းလေးထဲသို့ ဝင်လာထိုင်ခဲ့၏။ သူမမှာဘာစကားတစ်ခွန်းမျှ ထွက်မလာဝံ့တော့ပါ။ နေ့လည်နေ့ခင်း ဈေးဝယ်သူကျဲပါးချိန် ဖြစ်သဖြင့် မေသက်လှယ် ဒေါ်ပုလဲကိုငေးမောကြည့် နေခွင့် ရခဲ့သည်။

ကောင်းသောလာခြင်းလား။ မကောင်းသောလာ ခြင်းလေလား။ ဝစ်ကောင်ကြွက်၊ တစ်မျက်နှာသာရှိသည့် သူဆင်းရဲမကို [illegible]လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေခက်နှိုက်တယ် ဘာညာတွေ ပြောဖို့လာသည်ဆိုလျှင်ဖြင့် မေသက်လှယ် အရှက်ကွဲရပေ တော့မည်။

ဒေါ်ပုလဲက ယခုထိသူမ မစားရသေးသည့် ထမင်း ချိုင့်လေးကို ဆွဲယူဖွင့်ကြည့်ခဲ့သည်။ အို . . .ဒီနေ့မှ ဘဲဥပြုတ်ဆီဆမ်းပဲ သူမ ယူလာခဲ့မိသည်။ ကို . . .ထမင်းစားသည့် ညစာဟင်းလျာများကိုသာ မေသက်လှယ် ဂရုတစိုက် ချက်ပြုမိတာလည်းအမှန်။ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ဦးမှာ အိမ်ထောင်ပရိဘောဂဆိုတာလည်း လိုတာချည်းပဲ မဟုတ်လား . . .နောင်ရေးအတွက်လည်း နည်းနည်းပါးပါး စုရ ဆောင်းရ၏ကိုယ်က သူဌေးသားနှင့်ရသော်လည်း ထိုသူဌေးသားခမျာ သူမနှင့်ယူမိလို့ ကားတောင်မောင်းပြီး ကျွေးနေရရှာသည့်အဖြစ်။

ပြီးတော့ . . .အရာရာတိုင်းမှာလည်း မိခင်ဆီသို့ လက်ဖြန့် တောင်းမနေချင်။ သူမတို့လင်မယားမှာ မာနရှိကြပါသည်။

မိဘကို ကိုယ်ကမကျွေးနိုင်သည်ဖြစ်စေ မိဘထံမှ လက်ဖြန့်ပြီး မတောင်းချင်။

မေသက်လှယ်၏ ထမင်းချိုင့်လေးကိုငေးကြည့်ပြီး ဒေါ်ပုလဲ မျက်ရည်ကျတော့ သူမရင်ထဲလှပ်ခနဲတုန်ခါသွားရ၏။ အို . . .

"စိတ်မကောင်းမဖြစ်ပါနဲ့ မေမေရယ် . . .ကျွန်မဖြစ်သလို ထည့်လာခဲ့မိလို့ပါ . . .ဟို . . .ကိုကိုကို့တော့ ဖွယ်ဖွယ်ရာရာ ချက်ကျွေး ပါတယ် . . .ညစာကျမှ သူကစားတာမဟုတ်လား . . . မနက်စာကတော့ သမီးတစ်ယောက်ထဲဆိုတော့ ဖြစ်သလိုထည့်လာမိတာပါ . . ."





သူမ . . .လူကြီးသူမစိတ်ချမ်းသာအောင် ဆင်ခြေပေးရသည်။ ဘာပဲဖြစ်ဖြစ် . . .သူမတို့အထိုက်အလျောက်တော့ အဆင်ပြေတာ ပဲမဟုတ်လား။ ရောင့်ရဲတတ်မည်ဆိုလျှင်လေ။

"သမီးရယ် . . .မေမေစိတ်မကောင်းဘူး . . .ကိုမင်းလွင်ကလည်း တဇွတ်ထိုး။ တယူသန်ကြီး . . .အရေးထဲ သူ့ကိုမီးလောင်လေပင့် လုပ်တဲ့သူက ရှိသေးတယ်"

"ရပါတယ်မေမေ . . .သမီးတို့နေလို့ရပါတယ်။ တစ်ခုတော့ ပြောသာပါတယ် . . .မိဘနှစ်ပါးစလုံး ကျန်းမာ ငယ်ရွယ်သေးတဲ့အချိန် ဆိုတော့ သမီးတို့နောက်ဆံ မတင်းရတော့ဘူးပေါ့။ မေမေတို့အပေါ်မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်မိတဲ့အတွက်တော့ သက်လှယ် ကိုခွင့်လွှတ်ပါနော်"

ဆိုင်အတွင်းခန်းလေးထဲမှ သက်လှယ်ကဒေါ်ပုလဲကို ရှိသေစွာ ကန်တော့လျှင် ဒေါ်ပုလဲမှာ မျက်ရည်များအသွယ်သွယ် စီးကျနေတော့၏။

"ခွင့်လွှတ်ပါတယ်သမီးရယ် မေမေ့အပေါ်လည်း သမီးတို့ ခွင့်လွှတ်ပါ . . .မေမေဟာ အလကားမိန်းမပါ ကိုယ့် ယောကျ်ားအပေါ် ဩဇာမညောင်းတဲ့အပြင် သူထားရာနေ သူစေရာသွားရတဲ့ ဘာမှ အသုံးမကျတဲ့ မိန်းမတစ်ယောက်ပါ။ တကယ်ဆို ကိုယ့်သားလေး . . ."

"အို . . .မေမေ ဒီလိုမပြောပါနဲ့နော် ကျွန်မတို့ နားလည်ပါတယ် ကျေလည်းကျေနပ်ပါတယ်ရှင် ကိုကလည်းမိဘစကားမှ နားမထောင်ခဲ့တာ ကိုး . . .မိဘရဲ့ကရုဏာ၊ စေတနာကို သက်လှယ်တို့ မပစ်မှ[illegible]ဘူး . ."



www.burmeseclassic.com

www.burmeseclassic.com



သက်လှယ် တို့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့နော် . . .”

သူမကပင် ပြန်လည်ဖြောင်းဖြနေသည့်အခါ ဒေါ်ပုလဲမှာ ပိုမိုယူကျုံးမရဖြစ်နေရသည်။

“ခုတလော . . . သားဖုန်းမဆက်တာကြာလို့ နေမှကောင်းရဲ့လားလို့ပါ . . . သားခများပူပူလောင်လောင်ကြီးထဲ တစ်နေကုန်ကားမောင်းရရှာတာ . . .”

“ဟုတ်ပါတယ်မမေ . . . သက်လှယ်လည်း သူကားမောင်းတာစိတ်မချမ်းသာပါဘူး . . . ဆိုင်ကလည်း တဖြည်းဖြည်း ပိုရောင်းလာရတော့ သူနဲ့နှစ်ယောက်အတူ ဆိုင်ထွက်ကြမလားလို့တောင် စဉ်းစားနေမိတယ် . . .”

“ကောင်းတယ် . . . ကောင်းတယ်သမီး ဒီအကြံကောင်းတယ် ဆိုင်ကိုဒီထက်ပိုပြီးစုံအောင်တင် . . . မမေ သမီးတို့အတွက် နည်းနည်းပါးပါး ကြည့်လုပ်ပေးဦးမယ် မမေက အိမ်စရိတ်ကလွဲရင် သိပ်မကိုင်ရတော့ ငွေတော့ မပေါဘူးပေါ့ကွယ် . . . ဒါပေမယ့်သားအတွက် ဖယ်ဖယ် . . . စုထားတာလေးတွေရှိပါတယ် . . .”

“ရပါတယ်မမေ . . . ခဏနော် . . .”

ဈေးဝယ်သူများလာသဖြင့် မေသက်လှယ် ဈေးထပြီးရောင်းရပြန်သည်။ သူကလေး၏ စကားပြောချိုသာပုံကို ငေးကြည့်ရင်း ဒေါ်ပုလဲ ငေးမော ဝေ့ဆနေရ၏။

“ဦးမင်းလွင်ရဲ့ ချွေးမကအလည် သူနဲ့ စကားပြောမိလို့ကတော့





သူ့အပေါ်ပစ်ကျသွားရတာချည်းပဲ အခုလည်း ရဲဘုန်းမှာ နွားလိုရုန်းပြီးရှာကျွေးနေရပြီလေ . . . သူကဝတ်ချင်စားချင်စိတ် ကလည်းရှိတာ . . . သူ့ငွေးသားရပြီဟဲ့ဆိုပြီး ချိုင်ချလိုက်တာ ခုတော့တွက်သားမကိုက်တော့ ကားမောင်းကျွေးနိုင်းနေတယ် အလကားမိန်းကလေးပါဗျာ”

ဦးစိမ်းအောင်သည် မေသက်လှယ်အပေါ် မည်သည့် အခါမျှ အကောင်းမမြင်နိုင်ခဲ့။ သူမမြင်တာထက် ကိုမင်းလွင်ကို တတွတ်တွတ်ဆွပေးနေတာက ပို၍ခက်သည်။ အမွေပြတ်ကြော်ငြာဖြစ်အောင်လည်း သူပဲဆောင်ရွက်ပေးခဲ့သည် မဟုတ်ပါလား။ ကိုမင်းလွင်က ပါးစပ်က စိတ်ဆိုးလို့ပြောသည့်စကားကို သူကအသေချာတိတိ ကျကျဆောင်ရွက်ခဲ့သူဖြစ်သည်။

မေသက်လှယ် ငွေမက်မမက်၊ ပစ္စည်းမက်မမက် ဒေါ်ပုလဲ စမ်းသပ်ကြည့်ချင်စိတ်ပေါ်မိ၏။

ဈေးဝယ်သူများကို ရောင်းချပြီးသွားသည့်အခါ မေသက်လှယ် သူမ၏အနီးသို့ ပြန်ရောက်ရှိလာပြန်သည်။ ဒေါ်ပုလဲ၏ရှေ့မှာ ကျုံ့ကျုံ့လေး ဒူးတုတ်ထိုင်လျှက်။

“မေမေဘယ်သူနဲ့ လာတာလဲဟင် မေမေဒရိုင်ဘာပါလား”

“ဦးဘအောင်ပါတယ် . . . ဈေးထိပ်မှာထားပစ်ခဲ့တယ် မေမေ ဒီကိုလာတာ မသိစေချင်ဘူးလေ . . . တော်ကြာ ကိုမင်းလွင်ကို ပြန်ပြော နေမှဖြင့် . . .”

ဒေါ်ပုလဲမှာ အားတုံ့အားနာဖြင့် စကားရပ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မေမေ ဈေးဝယ်လာသလိုလိုနဲ့ လာရတာပေါ့နော် သူ့အတွက်စိတ်ချပါမေမေ . . .သမီးလည်းပြောပါတယ် ကိုကားမောင်းတာမြင်နေရတာလည်း သက်လှယ်စိတ်မချမ်းသာပါဘူး . . . မေမေလာတာဒီကိစ္စလား သမီးရအောင်ပြောလိုက်ပါမယ်နော် . . ."

"ကျေးဇူးတင်ပါတယ်ကွယ်...မေမေလေ သားလေးဒီလောက်ပင်ပန်းနေတာမြင်ရ၊ တွေးမိရတိုင်းတစ်နေ့ ပုစိတ်မချမ်းသာဘူး၊ ကိုမင်းလွင်ကလည်း ပြောလို့မရပါဘူး။ ရော့သမီး ဒီစိန်လက်ကောက် နှစ်ကွင်းကိုယူထား၊ အထည်ဆိုင်ကိုပိုပြီး တိုးတက်အောင်လုပ်ငန်းချဲ့ထွင်"

ဆိုင်အတွင်းထဲမှာ စိန်လက်ကောက်ကြီးနှစ်ကွင်းကို လက်သိပ်ထိုးပေးနေတော့ မေသက်လှယ်လန့်ဖြန့်ထမိသည်အထိ အံ့ဩနေ၏။

"ဟယ်...မဟုတ်တာ မေမေ...မေမေ့ဥစ္စာကြီး တွေမေမေပြန်ယူသွားပါ . . .စိတ်ချပါမေမေ သက်လှယ် သဘောပေါက်ပါတယ် ကိုကိုကားမမောင်းစေရပါဘူးနော် ဒီမှာပဲ လင်မယားနှစ်ယောက်ဆိုင်အတူထွက်ပါ့မယ် ဟင့်အင်းမေမေ...ဒါကြီးတွေပြန်ယူသွားပါနော် ကိုပြောမှာလည်း ကြောက်တယ်...သက်လှယ်လည်း မမက် မောပါဘူးရှင် ပြီးဖေဖေသိရင် မေမေ့ကိုမာန်မှာပေါ့ . . ."

ချွေးပြန်နေအောင်ပင် ကြောက်လန့်တကြား . . . အတင်းပြန်ပေးနေသည့် ချွေးမလေးကိုကြည့်ပြီး ဒေါ်ပုလဲ ကျေနပ်သွားမိ၏။ သူမပုံစံက ဟန်ဆောင်နေသည့်ပုံမဟုတ်။ ဒီပစ္စည်းအပေါ်မှာ တကယ်ပင်ထိတ်လန့်ကြောက်ရွံ့နေ သည့်ပုံက အထင်းသား။





"ရတယ်သမီး...ကိုမင်းလွင်က မေမေ့ပစ္စည်းတွေ ကိုတစ်ခါမှစစ်လားဆေးလား မလုပ်ပါဘူး၊ အခုပေးခဲ့ တာလည်း သမီးတို့လုပ်ငန်းထဲမှာ သုံးဖို့၊ လိုရာသုံးဖို့ပေးတာပါ။ မေမေကသားကို တအားကြီးပင်ပန်းမှာစိုးတော့"

"ဟုတ်ကဲ့ပါ အဲဒီအတွက်စိတ်ချပါမေမေ . . . သက်လှယ်မိခင်မေတ္တာကို စာနာနားလည်နိုင်ပါပြီ . . .သမီးမှာလည်း"

စကားကတန်းလန်းရပ်သွားသော်လည်း ဒေါ်ပုလဲမှာတော်တော်ဝမ်းသာသွားရ၏။

"ဟာ . . .မဖြစ်ဘူး . . .မဖြစ်ဘူး သမီးတို့မှာ တကယ့်ကိုလိုအပ်မှာပဲ ယူထားလိုက်လို့ မေမေပြောတယ်နော်... မယူရင်တော့ မေမေစိတ်ဆိုးလိုက်မှာပဲ ကဲ သမီး သမီးတို့ကို မေမေမကြာမကြာလာကြည့်မယ် သိလား"

ဒေါ်ပုလဲထိုင်ရာမှ ထရပ်တော့ မေသက်လှယ်မှာ အရှုံးမီးဝိုင်းဟန်လေးဖြင့် ပျာယာခပ်လျှက် . . .

"မေမေရယ် . . .သမီးတောင်းပန်ပါတယ်နော် သက်လှယ်ကိုကိုတစ်မျိုးထင်သွားမှာ သက်လှယ်မခံစားနိုင်လို့ပါ . . .မေမေ့ဘာသာကိုယ့်သားကိုကိုယ်တိုင်ပေးပါ နော် နော် ဒါကြီးတွေမေမေပဲ ပေးလိုက်ပါနော်"

ဒေါ်ပုလဲမှာ ကျေနပ်ပြုံးဖြင့် သက်ပြင်းချရ၏။ တော်တော်ခက်[illegible] ကလေးတွေပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မေမေစိတ်ရှုပ်အောင်မလုပ်နဲ့ . . . မေမေရိုက်ပစ်လိုက်မိတော့မယ်. . .သားနဲ့ညကျမှ ဖုန်းလုပ်မပြောလိုက်မယ်ကဲ ကဲ သေသေချာချာသိမ်းထားလိုက် . . ."

ဒေါ်ပုလဲထွက်သွားလျှင် မေသက်လှယ်မှာ ဆိုင်ကလေးထဲဇောချွေးများပြန်လျှက် ကျန်ခဲ့ရသည်။

သူမမှာတာဝန်ကြီး နှစ်ရပ်လည်းကျန်ခဲ့၏။

တစ်ရပ်က ကို့ကိုဒီပစ္စည်းတွေအကြောင်းပြောဖို့နှင့် တစ်ရပ်က ကိုကားမမောင်းတော့ဖို့ပင်ဖြစ်သည်။





## အခန်း ( ၁၄ )

"ဒီနေ့တော့ကို . . .တကယ်ပင်ပန်းသွားတယ်ကွာ၊ စောစောအိပ်ယာဝင်တော့မယ် . . ."

ထမင်းစားပြီးလျှင်ပြီးချင်း ခါတိုင်းလိုပေါ့ပေါ့ပါးပါး သက်တောင့်သက်သာမရှိဘဲ ကိုကညည်းညူ၏။ မေသက်လှယ်မှာလည်း စကားပြောဖို့အကွက်စောင့်နေသည်ဖြစ်ရာ ပြောစရာကြုံသွား၏။

"ခဏလေးနော် ကို. . .သက်လှယ်ဒီမှာမြန်မြန်သိမ်း လိုက်ဦးမယ်ပြီးရင် ကို့ကိုအကြောင်းဖြေပေးဦးမယ်"

"နေပါစေကွာ . . .ရပါတယ် . . .မင်းလည်းသက်သာတာမှမဟုတ်ဘဲ . . .ဆိုင်ထွက်ရတာကတစ်မျိုး . . .ချက်ရ ပြုတ်ရ ဖွပ်ရ၊ လျှော်ရတာကတစ်မျိုးနဲ့ . . .ကိုယ်ဝန်ကတစ်ဖက်နဲ့ [illegible]တော့



www.burmeseclassic.com

www.burmeseclassic.com



အထည်ဆိုင်ကို ရောင်းပစ်လိုက်ချင်ပြီ သိလား"

အယ် . . . ခုတ်ရာတခြား ရှရာတလွဲတွေတော့ ဖြစ်တော့မည်။ မေသက်လှယ် . . . မီးဖိုကိစ္စကို လျှင်မြန်စွာဖြတ်ရ၏။ သူ့ကိုစကား ပြန်မပြောနိုင်သေး။

ပြီးမှလက်ဆေးပြီး သူ့အနားသို့ ကပ်လာရသည်။ ကိုပက်လက် ကုလားထိုင်နောက်မှ သူ့မကခုံမြင့်လေးတစ်ခု ဖြင့်ကပ်ထိုင်လိုက်သည်။

"ကို့ကို ဇက်ကြောဆွဲပေးမယ် . . . ခေါင်းလျှော်ပေးမယ် ကိုက ဒီနေ့သက်လှယ် ဘာတွေဖြစ်လာသလဲဆိုတာသာနားထောင်ပေး ဒီနေ့ ဘယ်လောက် ထူးခြားပြောင်မြောက် သလဲဆိုတာကိုအံ့ဩ သွားမယ် သိလား"

ကို့ကို ခေါင်းလျှော်ပေးရင်း အကြောဖြေပေးရင်း မေသက်လှယ် စကားလုံးတွေအရင်စီရသည်။ အပြောမတတ်လျှင် ကို သူ့မပေါ်အထင် သေး၊ အထင်လွဲသွားနိုင်ပါ၏။

ကိုမှာပင်ပန်းလွန်း၍ထင် သူ့မစကားအပေါ် စိတ်ဝင်စားဖို့ထက် မျက်စိမှိတ်ပြီးအိပ်ဖို့သာ ဦးစားနေခဲ့သည်။ ဒီလိုတွေ့ရပြန်တော့ မေသက် လှယ်စိတ်မချမ်းသာ။ သူ့မိခင်သာမြင်လျှင် ရင်ကျိုးမှာပဲ။ ငါ့သားလေး ဆိုရင်ရော . . . သူ့မ မစ္စတစ္စဝမ်းဗိုက်လေးကို ငုံ့ကြည့်မိ၏။

အား . . . ငါ့သားလေးသာဆိုရင် ဒီလိုပင်ပန်းမှာစိုးလို့ မိန်းမ မယူနိုင်ဘူး . . . ငါပဲသားကို ကလေးလေးလို တစ်သက်လုံးရှာကျွေးမယ်





တစ်သက်လုံးပြုစုမယ် . . .

အို . . . သားကနေပါ့မလား . . . အချိန်တန်ရင် ချစ်သူတွေ တွေ့မှာပေါ့ နောက်ဒီလိုပဲ သူ့မိန်းမကိုရှာကျွေးရမှာပေါ့ လောကကြီးထဲမှာ သံသရာကြီးကလည်း . . .

"ခစ်"

အတွေးဖြင့်သူ့မရယ်တော့ ကိုက အိပ်ငိုက်မြေသွားပုံရ၏။

"ဘာလဲကွ . . . ဘာမှလည်းမပြောဘဲနဲ့ ဘာလဲ ဈေးမှာအပျို မှတ်ပြီး ကောင်လေးတွေပိုးတာ ပြန်တွေးမိနေလို့လား"

ကိုပြုစုစကားကြောင့် သူ့မကမ္ဘာလေး ပျက်သွား၏။ သူ့မ၏ ကမ္ဘာထဲမှာဖြင့် ကိုရယ်၊ သူ့မရယ်၊ သားရယ် သုံး ယောက်ထဲသာ

"ကိုနော် ရန်မစနဲ့သိလား သက်လှယ်ဘယ်လောက် တည် ကြည်တယ်ဆိုတာ သူသိရဲ့သားနဲ့ အခုသက်လှယ် တွေးနေတာက ကိုပင်ပန်းသလို သားလက်ထက်ကျရင် မပင်ပန်းရအောင် သားကိုမိန်းမ မယူနိုင်ဘူးလို့ တွေးပြီး ရယ်မိတာပါ"

"ရမလားကွ . . . ဖအေတောင် မိန်းမယူသေးတာ သားကျလည်း ယူမှာပေါ့ ကမင်းပြောမယ်ဆိုတာ ပြောလေ ကိုအရမ်းအိပ်ချင်လာပြီ"

"အမလေး . . . အိပ်တော့မအိပ်လိုက်ပါနဲ့ဦး . . . ကျွန်မမပြောခင် ကို . . . ကိုမေမေနဲ့ ဖုန်းအရင်ပြောလိုက် ပါဦးလားဟင် . . . မေမေမျှော်နေမှ"

မေသက်လှယ်၏စကားကြောင့် ရဲဘုန်းအထိတ် တလန့်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ဘာတွေလဲ...

"သက်လှယ်...မင်း..."

"နေ့လည်ကဆိုင်ကို မေမေလာတယ်ကို..."

"ဟေ့ ...မင်းကိုယ်မသိဘဲ ဘာမှမလုပ်နဲ့ ဘာမှ မယူနဲ့နော် သူတို့ကအမွေဖြတ်ထားတဲ့ကိစ္စ...ကိုယ်က အရှက်မရှိဘာမှ ယူနေစရာ မလိုဘူး...တိုက်ခန်းငှားတုန်း ကနဲ့ ကားကိစ္စတုန်းက မေမေအတင်း ရောက်လာ ပေးလာလို့ ကိုယ်ချေးငှားတဲ့သဘောနဲ့ လက်ခံလိုက်တာ။ အခု အဲဒီပိုက်ဆံတွေပြန်ဆပ်ဖို့ကို စုနေတာလည်း မင်းအသိသားပဲ"

မေသက်လှယ်မှာ ရဲဘုန်း၏ ရှူးရှူးရားရားပုံစံကြီးကြောင့် ဘာဆက်ပြောရမှန်းပင်မသိတော့။ သူမ၏ တာဝန် ကြီးနှစ်ရပ်ကိုလည်း လောလောဆည်မေ့သွားသည်။ ကို မှန်းသွားမှာ သူမမခံစားနိုင်။

"အင်းပါ...သက်လှယ်ကိုမကြိုက်တာ ဘာမှမလုပ်ပါဘူး မေမေကတော့လာတာပေါ့ ...လာမှာပေါ့ ကိုယ့်မိဘပဲကိုရယ်... မေမေ့ကိုတော့ ဖုန်းပြောလိုက်ပါဦးနော် မေမေကညကျရင် စောင့်နေမယ်တဲ့ ..."

"ဟော်ပြီကွာ...နောက်နေ့ကျမှ ဆက်တော့မယ်၊ အခုအရမ်း အိပ်ချင်နေပြီ။ နော်...မင်းလည်းမနှိပ်ပေးနဲ့တော့ ကိုယ်အိပ်တော့မယ်"

ကိုကပြောပြောဆိုဆို အိပ်ယာဝင်ဖို့ ဒယီးဒယိုင် ထရပ်တော့ မေသက်လှယ်ဆွဲထားမိပြန်သည်။ သူမရင်ထဲမှာ စိန်လက်ကောက်ကြီး





နှစ်ကွင်းကိစ္စက နိုးလိုးခုလု။ ဒီကိစ္စကြီးကို သူမမပြောရဲသဖြင့် မေမေပြောမှဖြစ်မည်။ ဖုန်းရှိသည့်အခန်းကို သူမလိုက်ပို့ဖို့ပြောရ၏။

"မေမေစောင့်နေမှာ...ကိုရဲ...ခဏဖြစ်ဖြစ်ပြော လိုက်ပါဦးနော် လာပါကိုရယ်...သက်လှယ်လိုက်ပို့ပါမယ် မိဘဆိုတာ ကိုယ့်သားသမီးကို"

"တော်...တော်...သက်လှယ်...မင်းကိုကို ဆရာကြီးလာမလုပ်နဲ့ မိဘမေတ္တာ...မိဘမေတ္တာနဲ့ အမွေတွေဘာတွေဖြတ်တာ မိဘမေတ္တာ လားကွ"

"ဒါတော့ကိုရယ် မေတ္တာတွေများလွန်းတဲ့အခါ အစွန်းတော့ နည်းနည်းရောက်တာပေါ့နော်..."

"အေး ...သူတို့အစွန်းရောက်သလို ငါလည်းအစွန်း ရောက်တယ်...မင်းသာ အလယ်ခေါင်မှာနေ..."

ပြောပြောဆိုဆို အိပ်ယာထဲ ငွတ်ဝင်သွားတော့ မေသက်လှယ် မှာ ခေါင်းကုတ်ကျန်ခဲ့ရ၏။

ဘာကြီးမှန်းလည်းမသိဘူး။ မှန်းစရာ...



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၈)

## အခန်း(၁)

သားထံမှဖုန်းဆက်လာမလားရယ်လို့ ဒေါ်ပုလဲ စောင့်နေရတာ ညကိုးနာရီပြင်ကျော်ပေပြီ။ သားကယခုထိ ဖုန်းဆက်မလာသေး။ သားခမျာ ကားမှသိမ်းသေးရဲ့လား။ သားအဖနှစ်ယောက်၏ မာနပြိုင်ပွဲကြားမှ ဒေါ်ပုလဲရောဂါ တွေတိုးနေမိသည်။

ညှိုခန်းထဲမှာ စာရင်း၊ ဇယားများ စစ်ဆေးနေသည့် ဦးမင်းလွင်ကို သူမခိုးကြည့်မိပြန်သည်။ သူမ၏ ယောက်ျားသည် နေရာတကာ အစွန်းရောက်လွန်းသူ။ သွေးဆူလွယ်သူ။ အတ္တကလည်း ကြီးသေး၏။ ကြည့်စမ်း ဒီ လူမိုက်ကြီးကို အဘယ်သူကမှ လိမ်မာယဉ်ကျေးအောင် မဆုံးခဲ့ဆောင်နိုင်ကြတော့ဘူးတဲ့လား။





သူမဘယ်လိုပဲဖြောင်းဖျ၊ ဖြောင်းဖျ ကိုမင်းလွင်သည် ပုလဲဆိုသည့် မိန်းမတစ်ယောက်အပေါ်မှာ ဘယ်သောအခါကမှ အထင်ကြီးခဲ့သည်မဟုတ်။

တယ်လီဖုန်းက သူ့အနားမှာဖြစ်သဖြင့် ဒေါ်ပုလဲ စိတ်ညစ်နေရပြန်သည်။ အပေါ်ထပ်သူမတို့အိပ်ခန်းထဲမှာ တစ်လုံးရှိသေးသော်လည်း ကိုမင်းလွင်ခိုးနားထောင်မှာ ဒေါ်ပုလဲမလိုလား။ သူကသားနှင့် ပတ်သက်လာလျှင် ကဲကဲဆတ်အောင်နာကျည်းနေသူ . . .

ညှိုခန်းထဲမှာ တက်တင်းထိုးရင်း ဖုန်းကိုကြည့်လိုက်၊ ကိုမင်းလွင်ကိုကြည့်လိုက်နှင့် ဒေါ်ပုလဲရင်မောနေရခိုက်တွင် အိမ်ရှေ့သို့ ကားတစ်စီးရေးကြီးသုတ်ပျာ ဆိုက် ရောက်လာ ခဲ့သည်။

ညှိုခန်းထဲသို့ဝင်လာသူကား . . . ကိုစိမ်းအောင် ဒေါ်ပုလဲစိတ်ပျက်သွား၏။ သားနှင့်ကိုမင်းလွင်ကြားမှာ အမြဲတမ်း ရန်တိုက်ပေးနေသူဟုသာ ဒေါ်ပုလဲမြင်ခဲ့သူလေ။ ပြီးသူမအပေါ် မရိုးသားဘူးဟုလည်း ခံစားရသေးသည်။

.သူကဝင်လာလာချင်း ထုံးစံအတိုင်း ဒေါ်ပုလဲကို သိမ်းကြုံးကြည့်သောအကြည့်တစ်ချက်ဖြင့် နှုတ်ဆက်ပြီးမှ ဦးမင်းလွင်ထံလျှောက်သွား၏။

"အရေးတော်ပုံတော့ပေါ်နေပြီ ဦးမင်းလွင်ရေ . . . ကျွန်[illegible] လည်း သိသိချင်းလာရတာပဲ . . . သက်မင်းသမီးက ဇာတိတော်[illegible]လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးမိုးအောင်၏စကားကြောင့် ဒေါ်ပုလဲ ရင်တုန်ပန်းတုန်ဖြစ်သွားရ၏။ သက်မင်းသမီးဆိုတာဘယ်သူလဲ သက်မင်းဆိုတာ တစ်ခါက သူတို့သတ်ခဲ့တဲ့လူမဟုတ်လား။ သက်မင်းဆိုတာ မေသက်လှယ်၏ ဖခင်မှန်းတော့ ဒေါ်ပုလဲခမျာ မသိရှာခဲ့။

"ဟုတ်လား · · ·လာဗျာ · · ·စာကြည့်ခန်းထဲသွားရအောင် ဒီမိန်းမရှေ့မှာပြောလို့တော့မဖြစ်ဘူး···ဘာမှ ပါးရည်၊ နပ်ရည်မရှိတဲ့မိန်းမ မီးဖိုထဲဟာသုံးဖို့ပဲကောင်းတယ် သားကလည်းဘာမှ အသုံးမကျဘူး · · သူများထောင်တဲ့ ညွှတ်ကွင်းထဲ ဌက်ဝင်တိုးတယ် ကျုပ်ကတော့ ပြတ်ပြတ်သားသားပဲ ခြေမမကောင်းခြေမ၊ လက်မ မကောင်းလက်မ အိုဗျာ ကုန်ကုန်ပြောမယ် · · ·ကိုယ့် ကိုယ်ထဲကသွေးဖြစ်ပါစေ မကောင်းရင် ဖောက်ထုတ်လိုက်မှာပဲ"

ဦးမင်းလွင်၏အစွန်းရောက် စကားလုံးများအပေါ် ဒေါ်ပုလဲ ရင်မနေရသဲ···ဦးဖိုးမိုးအောင်၏ ကျေနပ်အားရစွာ မြှောက်ပင့်သံကြီးက တဆက်တည်း ထွက်ပေါ်လာ၏။

"ကြိုက်ပြီဗျို့ အဲဒါမှ အာဇာနည်စိတ်ဓာတ် သား သမီးဆိုတာ အလကားပါဗျာ···မီးတွေပါပဲ···ကိုယ့်ကို လောင်ဟပ်ဖို့ပဲ အသုံးဝင်တယ် ကျုပ်တို့မိဘတွေက တော့စုန်ရေ ဆန်ရေနဲ့ တစုန်ထဲ စုန်နေလိုက်ရတာ"

ပြောရင်းဖြင့် စာကြည့်ခန်းထဲသို့ ဝင်သွားကြတော့ ဒေါ်ပုလဲမှာ





အခက်တွေ့နေရ၏။ သားဆီပဲ တယ်လီဖုန်း ဖိုးဆက်ရမလား သို့မဟုတ် သူတို့ပြောတဲ့စကားတွေပဲ ဖိုးနားထောင်ရမလား သူမဗျာများနေရ၏။

ကိုမင်းလွင်ကတော့ သူမကိုဘယ်တော့မှ လူ့ရာသွင်းမှာမဟုတ်။ သူကပုလဲကို ရှိုင်းရှိုင်းပြောရလျှင် မီးဖိုထဲမှာ သုံးဖို့နှင့်အိပ်ယာထဲမှာ သုံးဖို့ဟုသာ သဘောထားသူ · · ·

မည်သို့ပင်ဖြစ်စေ · · ·ဒီတစ်ခါတော့ ဒေါ်ပုလဲ ပခံပရပ်နိုင်ဖြစ်ရသည်။ သူတို့အတွင်းရေးများ၊ သူတို့ လျှို့ဝှက်ချက်များကို သူမသိချင်သည်။ ကိုယ့်မိန်းမတစ် ယောက်လုံးကြီးကို ဘေးဖယ်ထားတာလည်း မတရားဟု ဒေါ်ပုလဲထင်မိ စိတ်နာမိသည်။

ထိုကြောင့်သူတို့စကားပြောရာ စာကြည့်ခန်းနားသို့ ခြေသံဖွဖွဖြင့် ဒေါ်ပုလဲကပ်သွားခဲ့၏။ သူတို့ဘာတွေပြော နေကြသလဲ · · ·

"သေချာရဲ့လားဗျာ···ဒီကောင်မလေးကြည့်ရတာ ဒီလောက် စွမ်းပုံမပေါ်ပါဘူး · · ·ဟိုကောင်ကရော ဘာမှ ဝင်မပြောဘူးလား ကျုပ်တို့ကိစ္စကိုရော သူသိသွားပြီလား"

"သူမသိသေးဘူးဗျ···ကောင်မလေးတစ်ယောက် ထဲကြိတ်ပြီး ကြံစည်နေဟာ။ ကျွန်တော်က ဦးမင်းလွင် အတွက် စိုးရိမ်လို့ကောင်လေး တစ်ယောက်ကို သူနောက် အမြဲစပိုင်ထည့် ထားတာ···မယုံတာလေ့တော့ မတတ်နိုင်ဘူး၊ ငွေတောင်တစ်ဝက် ပေးပြီးဆိုဘဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှငဲ့မနေနဲ့ ဦးမင်းလွင် နောက်ဆုံးကျ လူဆို တာကိုယ့်သဘောကိုယ်ဆောင်ကြတာပါပဲ‥ကျွန်တော့် ကြည့်ပါလား ကိုယ်ကတော့ ကိုယ်မိန်းမ၊ ကိုယ့်သားသမီး အတွက်ဆို အရိုးကျေကျေ၊ အရေခန်းခန်း အိုဗျာ . . . ကလိမ်ကကျစ်လုပ်ရလုပ်ရ၊ လူယုတ်မာပဲဖြစ်ရ၊ ဖြစ်ရ ရှာဖွေ ကျွေးလိုက်ရတာ နောက်ဆုံးကျကြည့်ပါလား . . . တောက်"

ဒေါ်ပုလဲမှာ ရင်မနေရသည်။ ကိုမင်းလွင်က နဂိုကတည်းက စိတ်ကြမ်းရသည့်အထဲ တွဲသည့်လူကလည်း မာရ်နတ်လိုလူ၊ ဒေဝဒတ်လိုလူ။ သူ့မိန်းမ . . . လင်ငယ် နောက်လိုက်ပြေးတာနှင့် အခြားမိသားစုဘဝများကိုပါ ဖြိုခွဲလိုသူ။ သူ့လိုပဲ မြေခွေးအမြီးပြတ် ဖြစ်စေလိုသူ။ သို့သော် ကိုမင်းလွင်ကလည်း လူမိုက်ဘဝ၊ ပညာမဲ့ဘဝမှ တက်လာသူမို့ ကိုစိမ်းအောင် ပြောတာလက်ခံမှာပါပဲ . . .

ဒေါ်ပုလဲရင်တုန်ပန်းတုန်ဖြစ်နေဆဲ စာကြည့်ခန်း တံခါးဆတ်ခနဲ ပွင့်လာခဲ့၏။

"ကျွို"

"ဟင် . . . တောက် . . . မိုက်ရိုင်းစုတ်ပဲ့တဲ့မိန်းမ"

ကိုမင်းလွင်၏ လက်ပြန်ရိုက်ချက်ကြောင့် ဒေါ်ပုလဲ ပုံရက်သားလဲသွားချိန်တွင် ညှော်ခန်းထဲမှ တယ်လီဖုန်းက မြည်လာလေ၏။ သူမ ထပြေးသွားရန် စီစဉ်သော်လည်း ကိုမင်းလွင် ဦးသွားခဲ့သည်။ ဖုန်းကိုသူက





အရင်ကိုင်နိုင်လိုက်ပါ၏။

သွားပြီ‥ဒီနေ့အလွဲလွဲအချော်ချော်တွေချည်းပါပဲ။ သားဆီက ဖုန်းသာဆိုလျှင်ဖြင့် သူမတို့နိုးပြီးဆက်သွယ်နေကြတာ ကိုမင်းလွင် သိတော့မည်။ အို‥သူက မယုံသင်္ကာ ရှိတတ်ပါဘိသနှင့်။ ဒေါ်ပုလဲအပေါ် ပိုမိုပြီးဝက်အူတွေ တစ်ရစ်ချင်းတင်းဘာ့မည်။

"အား . . . ကျွတ် . . . ကျွတ်"

နှုတ်ခမ်းချောမွေ့သော ပါးပြင်ပေါ်မှ စပ်ဖျင်းဖျင်း အရသာကြောင့် သူမပါးကို အုပ်ကိုင်မိဆဲ နှုတ်ခမ်းထောင့်မှ သွေးစများက လက်မှာပါလာခဲ့သည်။ သူ . . . ရက်စက်လိုက်တာနော် တစ်ခါက ချစ်တယ် ချစ်တယ်လို့ စကားခွန်းပေါင်းများစွာ ပြောခဲ့ဖူးတာတွေသည် အိမ်မက်လို့ သဖွယ်၊ ဒဏ္ဍာရီသဖွယ် . . .

ပုလဲဟာ‥မလှပတော့လို့လား ဒေါ်ပုလဲ ခေါင်းခါမိပြန်သည်။ ဖြူစင်သော နှလုံးသား၏ သန့်ရှင်းစင်ကြယ်မှုကြောင့်ထင်။ ဒေါ်ပုလဲသည် အရွယ်တင်လှသူဖြစ်ပါသည်။ သူမ၏အသက် လေးဆယ့်ငါးနှစ်နှင့် မလိုက်အောင် နုသစ်ဝင်းပသူလည်းဖြစ်၏။

သူမရဲ့ချောမွတ်သည့် လက်မောင်းတစ်ဖက်ကို ခပ်တင်းတင်း ဖေးမဆုပ်ကိုင်တွဲထူလိုက်မှုကြောင့် ဒေါ်ပုလဲ ဆတ်ခနဲ ဒေါသဖြစ်သွားလျှင် ကိုစိမ်းအောင်ကအပြုံးဖြင့် နှစ်သိမ့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်...ရှင်...လွှတ်..."

"ပုလဲကလည်းဗျာ...ဒေါသချည်းပဲ..."

အလကားလူ။ အလကားအပြုံး၊ ကျားပြုံး၊ ဘီလူး ပြုံး၊ အစွယ်ယားလို့ ပြုံးတဲ့အပြုံး။ ကိုမင်းလွင်ကိုလည်း သူမအံ့ဩလှပါသည်။ ဒီလူဟာဘာမို့လို့ ဘာတွေ နိုင်ကွက် ရှိလို့ ဒီလူ့စကားကို ဘုရားဟော လောက်နာခံ တန်ဖိုးထားနေရတာတဲ့လဲ။

နာကျင်မှုတွေကို ခေတ္တဘေးဖယ်ပြီး ဒေါ်ပုလဲဖုန်းခွက်ဆီ ရောက်သွားချိန်တွင် ဦးမင်းလွင်က သူမကို ဖုန်းခွက်ထိုးပေးခဲ့၏။ ဒေါ်ပုလဲ နှင့်အတူ သူပါနားထောင်နေတာ တစ်ဖက်မှ သိမည်မထင်။ ရင်နင့်စွာ နှင့်ပင် သူမနားထောင်လိုက်ရသည်။

"ဟဲလို ...မေမေ ...သက်လှယ်ဖုန်းဆက်နေတာပါ၊ ကိုလေးဒီနေ့အရမ်းပင်ပန်းလို့ အစောကြီးအိပ်ယာဝင်သွားတယ် သူနေလည်းမကောင်းဘူးမေမေ..."

"အင်း..."

ရင်ထဲကအရမ်းပူမိပေမယ့် ဘေးနားမှကိုမင်းလွင်ကြီး ခါးကိုင်း၊ နားကိုင်းပြီး အတူနားထောင်နေမှုကြောင့် ဒေါ်ပုလဲ၏အသံက အသက်မပါ။ ညည်းညူသံတစ်ခုမျှသာ။

"ဟဲလိုမေမေ သမီးပြောတာ ကြားရဲ့လားဟင် အဲဒါ ကိုကိုလေး





ဘာမှလည်းမပြောရသေးဘူး။ ဒီနေ့ နေ့လည်က မေမေလာတယ် လည်းဆိုရော၊ သက်လှယ်ကို မာန်လိုက်၊ မဲလိုက်တာလေ မေမေတို့ဆီက ဘာမှမယူရဘူး၊ ဘာအထောက်အပံ့မှ လက်မခံရဘူးတဲ့ သက်လှယ် လည်း မပြောရဲတော့ဘူး မေမေ့စိန်လက်ကောက်နှစ်ကွင်း ကိစ္စ ဘယ်လိုလုပ်ရမလဲ...သမီးကိုအကြံပေးပါဦး သက်လှယ်ကိုမုန်းသွားမှာ အထင်လွဲမှာကြောက်တယ်..."

ညအခါမို့ထင်။ ဖုန်းခွက်ထဲမှအသံက ပီပီသသ၊ ကြည်ကြည် မြမြ။ တစ်ဖက်ကို စကားပြန်ဖို့ အားတွေစုနေတုန်း ကိုမင်းလွင်၏ မီးပွင့်မတတ် အကြည့်ကြီးတစ်ချက်ကို ဒေါ်ပုလဲရရှိလိုက်သည်။

"ဟဲလို...မေမေ...မေမေလာပြန်ယူပါလားဟင် ဒါမှမဟုတ် သမီးဘယ်လာပို့ရမလဲ..."

ဒေါ်ပုလဲဘာမျှ မပြောလိုက်နိုင်ခင်...ဦးမင်းလွင်က ဖုန်းခွက်ကို ဆတ်ခနဲ ဆွဲလုယူသွားခဲ့ပါ၏။ သူမ မတားဆီးခဲ့နိုင်ရှာ။ ပုလဲဟာ အလကားမိန်းမပဲ ...သား၊ သမီးတွေအပေါ် ကြက်သားအုပ်မ တစ်ကောင်လောက်မျှ အကာအကွယ် မပေးနိုင်တဲ့မိန်းမ။ ကြက်သား အုပ်မတွေကမှ သားသမီးဇောနဲ့ ပတ်သက်လာလျှင် စွန်ရဲကိုလည်း ခံသတ်ဝံ့တယ်။ လူသားရင့်မကြီးတွေကိုလည်း ပြန်လည်အာခံရဲကြတယ်။ ဒေါ်ပုလဲရင်ထဲမှာ ငိုကျွေးနာကျင်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . .ဒီမှာ မေသက်လှယ် . . .နင့်စကားတွေ အကုန်ငါကြားတယ် . . .အမွေဖြတ်ထားတဲ့မိဘဆီက ပစ္စည်း၊ ငွေကြေးတွေ နိုးကြောင်နိုးဝှက်လက်ခံရဲ့တာ နင်တို့မရှက် ကြဘူးလား၊ ဒါ . . . တော်တော်ရှက်ဖို့ကောင်းတဲ့လုပ်ရပ်ပဲ။ နင်တို့လုပ်ရပ်တွေရပ်ကြ။ နောက်ဘာမှငါတို့နဲ့မဆက်သွယ်နဲ့။ နင်ယူထားတဲ့ စိန်လက်ကောက်နှစ်ကွင်းကို မနက် ဖြန်ကျ စိမ်းအောင်လာယူလိမ့်မယ် . . ."

"အိုမပေးနဲ့ . . .မပေးနဲ့ သမီး . . .ပြန်မပေးနဲ့"

အနားမှဒေါ်ပုလဲ . . .သွေးရူးသွေးတန်းဖြင့် အော် လျှင်တစ်ဖက်မှ ဖုန်းခွက်လွတ်ကျသံနှင့်အတူ သူမမျက်စိ ထဲမှာလည်း မီးပွင့်သွားခဲ့ရပါ၏။ ကိုမင်းလွင်က ဒေါ်ပုလဲကို မျက်နှာပေါ် ဖြတ်ရိုက်ချခြင်းပင်ဖြစ်ပါ၏။

"အာ . . .ကိုမင်းလွင် . . .ကိုမင်းလွင် . . .ဦးမင်းလွင် လွန်မယ်"

ဦးစိမ်းအောင်အသံကောင်းလွှင့်နေဆဲ ဦးမင်းလွင်ကားနှင့် ကမူးရှူးထိုး ထွက်သွားခဲ့ပါ၏။

"သူ . . .သူ . . .ဘယ်ကိုသွားတာလဲ . . .သူ . . .သားတို့ဆီကိုလား ဒုက္ခပါပဲ . . .ရှင် . . .ရှင်ကရော ဘာကိစ္စကျန်ခဲ့တာလဲသွားပြန်"

ဒေါ်ပုလဲနာရီကို လှမ်းကြည့်လျှင် ညဆယ်နာရီခွဲပေပြီ။





"ရဲဘုန်းတို့ဘယ်မှာနေတယ်ဆိုတာ သူသိလို့လား၊ ပုလဲရဲ့ စိတ်အေးအေးထားစမ်းပါ . . ."

"ရှင် အပိုတွေပြောမနေနဲ့ သားတို့ဘယ်မှာနေတယ် ဘာလုပ်တယ်ဆိုတာ အပ်ကျတာကအစ ရှင်သိတယ် . . . ရှင်သိရင် . . . ကိုမင်းလွင်လည်း သိမှာပဲ . . . ရှင်ဟာဒေဝဒတ်လို၊ မာရ်နတ်လိုလူ"

ဒေါ်ပုလဲ၏ ခပ်ဆတ်ဆတ်စကားအပေါ် ဦးစိမ်းအောင်က မထီမဲ့မြင်အကြည့်ဖြင့် ရယ်သွမ်းသွေး၏။ မုန်းလိုက်တာ . . . တူးခါးနေအောင်ပဲ . . .ရုပ်ကိုက ကြာကူလီရုပ် ဦးစိမ်းအောင်၏ ချောမောမွန်ရည်သောရုပ်သည် မြွေပွေး တစ်ကောင်၏ အရေခြုံထားသော အကွက်လှလှများပင် ဖြစ်သည်။

"ပုလဲက . . .ကိုမင်းလွင်နဲ့ကျတော့ ရုပ်သေးရုပ် ကလေးပေမယ့် ကိုယ်နဲ့ကျတော့ မြွေဟောက်မလေးလိုပဲ သတိထားနော် . . . ကိုယ်ငယ်ငယ်က အလမ္ပာယ်ဆရာလည်းလုပ်ခဲ့ဖူးတယ် . . ."

"ဒါဖြင့် ရှင့်မျက်နှာက အမည်းမှတ်ဟာ မြွေဆိပ်တွေစုနေတာပေါ့ဟုတ်လား . . ."

"မှားတယ် . . .အဲဒီနေရာဟာ မိန်းမတွေနမ်းဖို့ ထားတဲ့နေရာ မိန်းမတွေနမ်းလွန်းလို့ မည်းသွားတဲ့နေရာ"

ပြောရင်းမှ သူကဒေါ်ပုလဲကို အတင်းမဟားတရား [illegible]ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြဲစည်တော့ သူမဒေါသတွေ အစွမ်းကုန် ပေါက်ကွဲထွက်ကုန်ကြ၏။ ဒေါ်ပုလဲ၏ နလုံးသားမှာ အစွန်း ရောက်လွန်းသဖြင့် မှုန်ကြေလုလု။

ချစ်သူက···သူမရဲ့ပါးကို မျက်နှာကို အကြိမ်ကြိမ် ရိုက်နှက်စော်ကားခဲ့တယ်···

မုန်းသူက···သူမကိုယ်ခန္ဓာကို မဟားတရားပွေ့ ဖက်စော်ကားဖို့ ကြိုးစားတယ်···

အိမ်ထဲမှာလည်း မည်သူမျှမရှိကြ။ အိမ်မှ ကောင်မလေး နှစ်ယောက်သည် မနက်လာ၊ ညနေပြန်သည့် အချိန်ပိုင်းအလုပ်သမလေးတွေဖြစ်သည်။ အင်အားခြင်းမမျှသဖြင့် တဒင်္ဂသူ့လက်ထဲမှာ ပါသွားခဲ့သော်ငြား···အခွင့်သာချိန် မှာသူမ ဦးစိမ်းအောင်၏မျက်နှာကို ကုတ်ဆွဲပစ်လိုက်သည်။

"အား···ခွေးမ···ခွေး···"

မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း ဦးစိမ်းအောင် ကမူး ရှူးထိုးဖြစ်နေခိုက်···နံရံမှာ အလှချိတ်ထားသည့် ငှက်ကြီး တောင်ဓားကို ဒေါ်ပုလဲဆွဲယူလိုက်နိုင်ခဲ့သည်။

"မှတ်ထား···ပုလဲဟာ ကိုမင်းလွင်ရဲ့လက်မှာ ယုန်သူငယ်လေး အဖြစ် နေနေခဲ့ပေမယ့် သူ့စိမ်းတွေ၊ သူယုတ်မာ တွေအတွက်တော့ ကျားသစ်မတစ်ကောင်ပဲ။ ငါ့ကိုယ်ခန္ဓာဟာ နင်တို့လိုတဏှာရူးတွေအတွက်





ထားတာ မဟုတ်ဘူး။ ငါ့လင်နဲ့ငါ့သားအတွက်သာ ငါအသက်ရှင်နေတာ နင်တို့ စော်ကားဖို့ အသက်ရှင်နေတာမဟုတ်ဘူး၊ သွားနင်ခုထွက်သွား"

သူမြင်ဖူးခဲ့သမျှ တစ်ချိန်လုံးနူးညံ့နံ့အနေခဲ့သည့် ထိုမိန်းမလှသည် ယခုဘယ်လိုစွမ်းအင်တွေဖြင့် ဝင်းပရဲရင့်နေခဲ့ပါသနည်း။ သွေးချည် တန်းသွားသည့် မျက်လုံးကို အားယူဖွင့်ရင်း ဦးစိမ်းအောင် အံ့သြထိတ်လန့်နေရ၏။ သို့သော် သူသားကောင်ကို ဖြားယောင်းလိုသေးသည်။ ကြောက်တတ်သူတာ တကယ်သတ္တိမရှိပါဘူး။ ကြောက်ကန်ကန် ကြောက်ခတ်ခတ်နေတာပါ···

ချိုသာသောအပြုံး၊ ခွင့်လွှတ်သောအပြုံးတုတစ်ခုကို ဦးစိမ်းအောင်ဖန်တီးလိုက်ပါ၏။

"ဘယ်လိုဖြစ်နေတာလဲ ပုလဲရယ်···ကိုယ်တို့တွေဟာ တစ်သက်လုံး ပေါင်းလာခဲ့တဲ့ ငယ်ပေါင်းတွေပါ။ ပုလဲကိုယ့်အပေါ် ရက်စက်လိုက်တာ ကိုယ်ကတော့ ကိုမင်းလွင်မရှိတုန်း ပုလဲကို စောင့်ရှောက်···"

"အပိုစကားတွေမပြောနဲ့ တစ်သက်လုံးက ခင်မင် လာခဲ့တာတွေ နင်မှမထောက်မညှာဘဲ သွားဆိုသွားနော် ငါဘယ်လောက်ပဲနံ့နံ့ အနီးဆုံးစခန်းရဲ့ ဖုန်းနံပါတ်ကို သိတယ် မီးသတ်ဌာနရဲ့ဖုန်းကိုသိတယ် အရေးပေါ် ဖုန်းတွေ အကုန်သိတယ်···နင့်မျက်နှာငါမကြည့်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သွားဆိုသွား တော့"

ဖုန်းအနားမှာ ဖုန်းခွက်မပြီး ငှက်ကြီးတောင်ဓား တရမ်းရမ်းဖြင့် ဒေါ်ပုလဲပွဲကြမ်းနေလျှင် ဦးစိမ်းအောင် အခက်ကြုံနေရတော့သည်။ ဒါ မူယာ၊ မာယာများနေခြင်းမဟုတ်ပါ။ ဒေါ်ပုလဲသည် မိန်းမကောင်း၊ မိန်းမ မြတ်ပီပီ မိမိကိုယ်ခန္ဓာကို ထိမ်းသိမ်းစောင့်ရှောက်သူ၊ သစ္စာတရားကို ထိန်းသိမ်းစောင့်ရှောက်သူ။

ပုခုံးတစ်ချက်တွန့်ရင်း ဦးစိမ်းအောင် ဒေါ်ပုလဲကို ရင်ထဲမှ တကယ် ဖြုံသွားရပါသည်။

အားမတန်လို့ မာန်လျှော့တယ်ပဲပြောပြော ပုလဲအိမ်ဧည့်ခန်း မှ ဦးစိမ်းအောင် တပ်ခေါက်နောက်ဆုတ်ပြန်ခဲ့ရပါသည်။

ဒီကိစ္စ ဦးမင်းလွင် သိလျှင်လည်းမလွယ်။ ယောက်ျားဆိုတာ ကိုယ့်ပစ္စည်းထိလျှင်တော့ မီးပွင့်တတ်သည် မဟုတ်လား။

မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား ဆိုသည့် စကားလိုပေါ့။

သို့သော် ဦးမင်းလွင်လောက်ကိုဖြင့် ဦးစိမ်းအောင်က ပရိယာယ် ဝေဝှစ်တွေဖြင့် နှစ်ခါပြန်လှည့်ပတ်နိုင်သည်လေ။





## အခန်း(၂)

"ဘာဖြစ်လာသလဲ မေသက်လှယ် မင်းကိုကိုကြည့်နေတယ် နော် လိမ်ဖို့ညာဖို့ မစဉ်းစားနဲ့ပြော မင်းဘာတွေ လုပ်လာသလဲ"

တယ်လီဖုန်းသွားဆက်သည့် မျက်နှာချင်းဆိုင် တိုက်ခန်းမှ ပြန်ရောက်လာတော့ မေသက်လှယ် တုန်ယင် ချောက်ချားနေမိသည်။ ယောက်ျားမသိအောင် လက်ခံထား မိသည့် စိန်လက်ကောက်နှစ်ကွင်း ကိစ္စက မိုးထိမီးလောင်နေပါပြီကော။ ဖုန်းထဲမှ ဦးမင်းလွင်၏ ကြောက်စရာ မိုးချုန်းသံကြီးက ယခုထိ မေသက်လှယ်၏နားထဲမှမထွက်။

သည်စဉ် အိပ်ယာထဲမှာ အိပ်ပျော်နေပြီထင်ရသည့်ကိုက အပြင်သို့ထွက်လာပြီး မေသက်လှယ်ကို ကြိမ်းမောင်း ခဲ့ခြင်းပင်ဖြစ်သည်။

ငိုချင်ရဲ့လက်တို့ပါပဲ။ နှလုံးသားတွေဆောက်တည် [illegible]အောင်

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်နေချိန်မှာ အချစ်ရဆုံးသောခင်ပွန်းသည်က မညှာမတာ မျက်နှာထားတင်းတင်းကြီးဖြင့် မာန်မဲပဟိန်းဟောက်သောအခါ သူမရှိက်ကြီးတငင်ငိုချမိတော့သည်။

မေသက်လှယ်အသည်းအသန် ငိုနေပြန်တော့ ရဲဘုန်းမနေနိုင်။ ထိတ်လန့်စိုးရိမ်စွာဖြင့် သူမ၏အနားသို့ ကပ်လာထိုင်ခဲ့သည်။

"ကိုကမာန်ချင်လို့ မာန်တာမဟုတ်ပါဘူးကွာ··· ဖေဖေ့အငြိုအငြင်ကို ခံပြီးဘာမှ မယူချင်လို့ပါ။ ကိုက မာနကြီးတစ်ခွဲသားနဲ့ ကင်းကင်းပြတ်ပြတ်နေသမျှ သက်လှယ်ကဘာမသိ၊ ဘမသိနဲ့ မေမေ ပေးတာ ကမ်းတာတွေ ယူမိမှာစိုးလို့ပါ···"

သူမ၏ဆံပင်လေးများကို သပ်တင်ပေးရင်း ကိုချော့တော့ သက်လှယ် ပိုမိုငိုကြွေးရပြန်သည်။ ကိုရယ် ပြောတာ တောင်နောက်ကျနေခဲ့ပါပြီ။ ယခုတော့ ဖေဖေနှင့်မေမေ၏ ကြားမှာ မေသက်လှယ်သည် မြေစာပင်ဖြစ်ခဲ့ပြီ။

"တိတ်ပါတော့ကွာ···ကဲ···သက်လှယ်ဘာဖြစ် လာသလဲပြော သက်လှယ်ကို···ကိုမဆူတော့ဘူးနော် အရမ်းငိုရင် ခေါင်းကိုက်တတ်တယ် ကောင်မလေးရဲ့ အထဲ ကချာတိတ်လည်း မျက်လုံးမှေးတတ်သတဲ့ ·· တိတ်··· တိတ်"

သူချော့သောအခါ မေသက်လှယ်ကိုယ့်စိတ်ကိုယ် တင်းရသည်။ ဘာပဲဖြစ်ဖြစ် ပြောရတော့မှာပဲ လင်နဲ့မယား ကြားမှာ လျှို့ဝှက်ထားအပ်သည့်ကိစ္စ မရှိတာဘဲကောင်းမည်။ အမိုက်ကစပြီး ပြဿနာအထိ





မီးမလောင်စေရ။

အတန်ကြာလျှင် သူမဖြေအသည်ရာ ရသွားခဲ့သည်။ အကြောင်းစုံတော့ ပြောပြရမှာပါပဲ···သူတို့သားအဖတွေ စိတ်ဝမ်းမကွဲအောင် ဗိုမိုမုန်းတီးမသွားအောင် မေသက်လှယ် ဘယ်လိုပြောရပါ့···

"ကဲ···ပြောလေ···သက်လှယ် အိမ်ကိုလှမ်းပြီး ဖုန်းဆက်တာမဟုတ်လား···ဟိုဖက်က ဘာတွေပြန်ပြော လိုက်သလဲ မဆူချင်ဘူးဆိုပေမယ့် သက်လှယ်ကို အနူး အညွတ်တောင်းပန်ပါရစေကွာ ကိုအိမ်ကို နောက်သက် လှယ်ဘယ်တော့မှ မဆက်သွယ်ပါနဲ့ ကိုမင်းကိုလူတန်း စေ့အောင် ရှာဖွေကျွေးနိုင်ပါတယ်···သက်လှယ် မျက်နှာငယ်မှာ စိုးရိမ်သလို ကိုကိုဖေဖေတို့ တစ်မျိုးထင်မှာလည်း မခံနိုင်ဘူး"

ကိုကသည့်မျှ ခံပြင်းနေသော သက်လှယ်ဘယ်လိုမှ စိတ်မကောင်းနိုင်တော့။ ကိုကို···အတန်တန်တောင်းပန်ရ ပေတော့မည်။

"သက်လှယ်···နောက်ကိုစကားကို အပြုံးအား ဆောင်ပါ့မယ်နော် မှတော့···"

"ခုတော့ ဘာဖြစ်လဲဟာင် ကိုရင်တွေထိပ်လိုက်တာကွာ"

မိမိနေရာမှထပြီး သူ့ခြေရင်းမယောင်းပုဒိုးပေါ်မှ မေသက်လှယ် ထိုင်ချမိခဲ့သည်။ သူ့ဒူးနှစ်လုံးပေါ်မှာ လက်တင်ပြီးမျက်ရည်ပြည့်သော မျက်ဝန်းလေးများဖြင့် သူမ မော့ကြည့်မိ၏။

"ဟာကွာ ဒီလောက်သက်လှယ် မျက်နှာငယ်နေရတော့ မခံစားနိုင်ဘူးသိလား ပြော···ဘယ်လောက် အပြစ်ကြီးပဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကိုခွင့်လွှတ်ပါ့မယ် . . .”

သူ့ကတိစကားကို နားထောင်ရင်း မေသက်လှယ် စိတ်ထိခိုက်ရပါ၏။ တော်ပြီ . . နောက်ယောက်ျားမသိဘဲ ဘယ်အလုပ်မှ မလုပ်တော့ဘူး အသေးအဖွဲကိစ္စလေးတွေ ပင်ဖြစ်စေ . . .

“နေ့လည်က မေမေလာတော့လေ . . သက်လှယ် တို့အတွက် စိန်လက်ကောက်ကြီးနှစ်ကွင်း အတင်းပေး ထားပစ်ခဲ့တယ် . . .”

“ဟင် . . .”

“နားထောင်ပါဦးကိုရယ် ပြီးမှသက်လှယ်ကို သတ် ချင်သတ်ပါ။ သက်လှယ်ပစ္စည်းမမက်မောဘူးဆိုတာ ကျမ်းကျိန်ရဲပါတယ် အခုဟာကလည်း မေမေကလေ သူ့သား လေးကားမောင်းနေရတာ မမြင်ရက်လွန်းလို့ အထည်ဆိုင် လုပ်ငန်းကိုပဲ တိုးချဲ့ပါဆိုပြီး အတင်းပေးခဲ့တာပါ သက်လှယ် အရမ်းကြောက်ပါတယ်ကို . . ကိုအထင်လွဲမှာ အထင်သေး သွားမှာလည်း မပြောပြတတ်အောင် ကြောက်ပါတယ် . . . မေမေကညကျရင် သားကိုဖုန်းဆက်ခိုင်းလိုက်ပါ သူ့ရှင်းပြ လိုက်ပါ့မယ်ဆိုပြီး အတင်းထားခဲ့တာပါ”

“ဒါကြောင့် ညဦးပိုင်းက သက်လှယ်မေမေ့ဆီ အတင်းဖုန်းဆက်ခိုင်းနေတာကိုး . . .”

“ဟုတ်ပါတယ်ကို အဲဒါကိုက ဘယ်လိုမှပြောမရတော့ မေမေစောင့်နေရှာမှာပဲဆိုပြီး သက်လှယ်ကစေတနာ နဲ့ဆက် သွယ်မိတာပါ”





မေသက်လှယ်၏စကားများကို နားထောင်ရင်း ရဲဘုန်း စဉ်းစား ဆင်ခြင်နေမိသည်။ သို့သော် . . . မေသက် လှယ်ဖြစ်ပျက်လာပုံက ဤမျှမက ကျွန်ုပ်ဖေဖေနှင့်သွားတိုး တာပဲဖြစ်ရမည်။

“အဲဒါ . . . ဖေဖေနဲ့တိုးရောလား . . .”

“ဟုတ်ပါတယ်ကို ဖေဖေက အဲဒီပစ္စည်းတွေ စိမ်းအောင် ပြန်လာယူလိမ့်မယ်တဲ့။ အနားက မေမေအသံ လည်းကြားရတယ်ကို မပေးနဲ့သမီး မပေးနဲ့ဆိုပြီး အော် လိုက်တဲ့ မေမေအသံလေးရယ် ဖြန်းခနဲအရိုက်ခံလိုက်ရတဲ့ အသံရယ် သက်လှယ်စိတ်မကောင်း လိုက်တာကိုရယ် မေမေ့ခမျာ . . .”

မေသက်လှယ်၏ အသံနစ်ဝင်သွားသလို ရဲဘုန်း မှာမေးကြောကြီးများ ထန်တင်းနေအောင် အံကြိတ်လျှက်။ လက်သီးဆုပ်ထားသော လက်ကြီးနှစ်ဖက်မှာလည်း ကျစ်ကျစ်ပါလျှက်။

“ဒီ . . ဦးစိမ်းအောင်ဆိုတဲ့လူကြီးကို ကိုကြည့်မရ တာကြာပြီ။ အလကားဖေဖေ့အနားမှာကပ်ပြီး အမျိုးမျိုး သွေးထိုးချယ်လှယ်နေတဲ့လူ ဖေဖေကလည်း သူ့စကားဆိုအမြဲလက်ခံတယ် . . . ဖေဖေနဲ့သူ့ရဲ့ ဆက်ဆံရေးကလည်း အကဲခတ်လို့ကိုမရဘူး . . .”

စကားတွေတစ်ယောက်ထဲ ရေရွတ်နေရင်းမှ ရဲဘုန်း စဉ်းစားနေပြန်၏။ မေသက်လှယ်ဘာမျှ ဝင်မပြောပါ။ သူ့ကိုသာငေးမော ကြည့်နေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို…စိတ်ပြောင်းသွားပြီ သက်လှယ်…မေမေ ပေးတဲ့စိန်လက်ကောက်နှစ်ကွင်းကို ကိုသိမ်းထားလိုက်မယ်၊ ကိုထင်ထားတာက ဖေဖေဟာ လောလောဆည်စိတ်ဆိုးပြီး ကို့ကိုပစ်ထားတယ်လို့ ယူဆတာ အခုကျဖေဖေက ကို အပေါ်ဘာလို့ဒီလောက် ခါးခါးသီးသီးနေရတာလဲ ကိုက မယားပါသားမို့လို့လား…ပြီးဒီစိမ်းအောင်ဆိုတဲ့ အကောင်ကြီးကိုလည်း ကိုမသက်ာဘူး…သူတို့အကြောင်းကိုပြန်ပြီး ကိုစုံစမ်းထောက်လှမ်းဦးမယ် မေမေ့ကို အနိုင်ကျင့်နိပ်စက် နေတာလည်း ကိုမခံနိုင်ပါဘူး…

ကဲသက်လှယ်အိပ်တော့ စိန်လက်ကောက်ကိစ္စ အတွက်စိတ်မညစ်နဲ့တော့ ကို့ကိုပေး ကိုသိမ်းထားလိုက် မယ် မနက်ကျရင် ဖေဖေမရှိတဲ့အချိန်မှာ ကိုမေမေ့ကို သွားတွေ့ လိုက်မယ်…မေမေက အရမ်းသနားစရာ ကောင်းတယ်"

ရဲခန့်အမြင်မှန်ရလာမှုကြောင့် မေသက်လှယ် ဝမ်းသာအားရ၏။ ဘာပဲဖြစ်ဖြစ်…သူမကကို့ကို မိဘများ နှင့် ပြန်လည်သင့်မြတ်စေချင်ပါသည်။ အဲဒါ…အငွေ၊ ငွေကြေးတို့ကြောင့် မဟုတ်ဘဲမေတ္တာဖြင့် ထုံမွှန်းသည့် မိသားစုဘဝလေးကို မပျက်စီးစေလိုသောကြောင့်သာ ဖြစ်ပါသည်။





## အခန်း(၃)

"မေမေ…"

အဖော်ကောင်မလေးနှစ်ယောက်နှင့် အိမ်မှုကိစ္စများကို စီမံနေရာမှ ဒေါ်ပုလဲ၏နားထဲမှာ သားအသံကြားလိုက်ရသလိုလို သူမ နားကြားများလွဲရော့သလား… သားနှင့်ခွဲခွာရတာ လေးလပင် ပြည့်ခဲ့ချေပြီ။ တွေ့ရတာက နှစ်ခါပင်ရှိသေး၏။

"မေမေ…တံခါးဖွင့်ပါဦး…"

မှန်ပြတင်းမှ သားအသံကြားရသည့်ကြောင့် ဒေါ်ပုလဲ လျှင်မြန်စွာပြေးသွားပြီး အိမ်တံခါးမကြီးကို ဖွင့်လိုက်သည်။ သူမ၏သားက သူမကိုလာ၍တွေ့သည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သား. . ."

လောကခံ၏ ရိုက်ပုတ်ချက်ကြောင့် ညှဉ်းသိုးသိုး ဖြစ်နေရှာသည့် သားတော်မောင်အား ရင်ခွင်ထဲသို့ဆီးပွေ့ရင်း ဒေါ်ပုလည်းငိုရှိုက်မိခဲ့သည်။ သူမက ငိုချင်ရဲ့လက်တို့ မဟုတ်ပါလား။

ဒေါ်ပုလဲ၏ ရင်ထဲမှာ သောကမုန်တိုင်းက ခပ်ပြင်းပြင်း တိုက်ခတ်လျှက်။

"မငိုပါနဲ့ မေမေရယ် မေမေငိုတာမြင်ရရင် သားစိတ်တွေ အစိုးမရတော့ဘူး ထောင်ကျကျ၊ တန်းကျကျ၊ တစ်ခုခု ပေါက်ကွဲပစ်လိုက်ချင်တယ် မေမေ့ကို ညကဘယ်လောက်တောင်ရိုက်သလဲဟင် စိန်လက်ကောက်နစ်ကွင်းကို သားပြန်ယူလာခဲ့တယ် ဒီလောက်တောင် ပစ္စည်းဥစ္စာမက်တဲ့ ဖေဖေဟာ ကိုယ့်သားသမီးကိုတောင် သားသမီးမှန်း သိသေးရဲ့လားဟင် ရော့မေမေ သူ့ပစ္စည်းတွေပြန်ပေးလိုက် ဒီလောက်တောင် စိတ်ဆင်းရဲနေရင်လည်း သူ့ကိုထားပစ်ခဲ့သားတို့နဲ့ပဲ လိုက်နေပါ မေမေ သားမေမေ့ကို ရှာကျွေးနိုင်ပါတယ် မေးကြောကြီးများ ထန်တင်းလျှက် ရဲဘုန်း ဒေါသဖြစ်နေလျှင် ဒေါ်ပုလဲ ချော့မော့ရပါ၏။

မေမေလိုက်လို့ မဖြစ်သေးပါဘူးသားရယ် ဥစ္စာ ပစ္စည်းတွေက ရှိသေးတယ် မေမေမက်လို့တော့ မဟုတ်ဘူးနော် ဒါပေမယ့် ဒီပစ္စည်းဥစ္စာတွေဟာ ငါ့သားနဲ့ဆိုင်တယ် ဘာပဲပဲဖြစ် သူက စီပွားဥစ္စာရှာပေမယ့်





မေမေကလည်း စီးတဲ့ရေ ဆည်တဲ့ကန်သင်း ရသမျှ စီးပွားဥစ္စာကို မယိုဖိတ် မဖျောက်ပျက်ရအောင် သိုမှီခဲ့ရတာပဲ စိန်လက်ကောက် နစ်ကွင်းကိုသားပဲ သိမ်းထားလိုက် ကြာရင် သား ဘာမှမရပဲ ဖြစ်ကုန်လိမ့်မယ်"

"ဘယ်လို မေမေ. . ."

"ဒီကြားထဲ သူသတ်ခဲ့တဲ့ သက်မင်း သမီးကလည်း သူ့ကို လက်စားချေဖို့ ကြံစည်နေပြန်သတဲ့ . . ."

"ဘာ မေမေ ဖေဖေက ဦးသက်မင်းကိုသတ်ခဲ့တယ် ဟုတ်လား"

"အေး. . .နားစွန်နားဖျား ကြားရတာတော့ သက်မင်း သမီးက သူ့ကို ရန်ပြန်ရှာနေတယ်ဆိုပဲ ဦးစိမ်းအောင် ပြောနေသံကြားရတယ် သူတို့နစ်ယောက် အဲဒီကိစ္စအတွက် အတော်လုံးမိနေကြတယ် နေ့တာတွတ်တွတ် ညတာတွတ်တွတ်ပဲ"

ဒေါ်ပုလဲ၏ စကားကိုနားထောင်ပြီး ရဲဘုန်း အတန်ကြာ စဉ်းစားနေ၏။

"မဖြစ်နိုင်ဘူး မေမေ ဦးစိမ်းအောင်ဟာ ကလိမ်ကကျစ်ပဲ မရှိတဲ့အွန့်ရာယ်နဲ့ ကိုင်ပေါက်၊ မြိမ်းခြောက်ပြီး ဖေဖေ့ကို သူအနိုင်ကျင့်ခဲ့တာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲသားရယ်. . .သားဘာကြောင့် ဒီလိုပြောနိုင်ရသလဲ. . ."

"ပြောနိုင်ဆို ဦးသက်မင်း သမီးဟာ မေသက်လှယ်မို့ပဲ မေမေ"

"ဘာကွဲ့"

အံ့ဩထိတ်လန့်ရလွန်းသဖြင့် ဒေါ်ပုလဲမှာ ခြေပင် မခိုင်တော့ပါ။ သားလက်ကိုဆွဲပြီး ဆိုဖာပေါ်မှာ ခုမှထိုင် ဖြစ်ကြသည်။ "ဟုတ်တယ်မေမေ သက်လှယ်ဟာ ဦးသက်မင်း ရဲ့ သမီးပဲ" ဒါပေမယ့် သက်လှယ်ခမျာ သူ့ဖေဖေကို သတ်တာဘယ်သူမှန်း စောင် ခုထိ သိသေးတာမဟုတ်ဘူး ရန်ကုန်ဗိုလ်လေး ရလဲ့အားချေဖို့ဆိုတာ ဖေလာဝေးရော သားသိတာပေါ့ မေမေ ဒါ ဦးစိုင်းအောင် ကာလိမ်ကကျစ် လုပ်နေတာ သူ့မှာ ဘာရည်ရွယ်ချက် ဘာအကြံအစည်တွေ ရှိတယ်ဆိုတာတော့ မသိဘူးပေါ့"

အခြေအနေတွေက ထင်တာထက် ပိုပိုရှုတ်ထွေး နက်နဲနေတော့ သားအမိနှစ်ယောက်စလုံး ရင်ထဲမှာ မထွေးနိုင်၊ မဖြိုနိုင် ဖြစ်နေကြရ၏။ နှစ်ယောက်စလုံးမှာ ကိုယ့်အတွေးနှင့်ကိုယ် ဖွင့်ပြောလိုလည်း ဖြစ်သည့် ကိစ္စတွေ မဟုတ်။

"သက်လှယ် သိသွားရင် ဘာတွေဖြစ်လာနိုင်သလဲ ဟင် သား"

ဒေါ်ပုလဲ၏ အမေးကို ရဲဘုန်းက ခေါင်းကို ဖြည်း ညှင်းစွာ ခါပြခြင်းဖြင့် တုံ့ပြန်ခဲ့သည်။





"အဲဒီ အဖြေကိုသားလည်း မသိဘူး မေမေ သူ့ သူ့ဖေဖေကို သတ်တဲ့လူကို အရမ်းနာကျည်းတာတော့ အမှန်ပဲ မေမေ"

"အို. . . ဒါဖြင့် ဒီပြဿနာကြီးရဲ့နောက်ကွယ်က ဦးစိုင်းအောင်ပဲပေါ့"

"သက်လှယ် ဒီကိစ္စတွေကို ဘာမှမသိဘူး မေမေ သားပြောတာ ယုံစမ်းပါ ဖေဖေ တို့ဖက်ကသာ သက်လှယ် အပေါ် အခြောက်ခံလည်း ခံရသေးတယ် တကယ်ဆို သူက နာကျည်းရမှာပါ ဖေဖေ့ သဘောသား တွေကို သားတော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါဘူး မေမေရယ်"

"အင်း "

သားအမိနှစ်ယောက်သား ဘာမှမပြောနိုင်ကြဘဲ ငြိမ်ခန်းထဲမှာ ငူငေါင်နေမိကြစဉ် အခန်းထောင့်မှ တယ်လီဖုန်း မြည်လာခဲ့သည်။ ဒေါ်ပုလဲ သွားရောက်ကိုင် ရပြန်ပါ၏။

"ဟဲလို ပုလဲသား အိမ်မှာ ဟိုကောင် ရောက်နေတယ် မဟုတ်လား ငါသူနဲ့စကားပြောမလို့"

"အို. . .ကိုမင်းလွင်"

"မင်း မရှည်ပါနဲ့ ဟိုကောင်ကို ခေါ်ပေးစမ်း"

ဦးမင်းလွင်၏ အသံနှင့်ထန်ကြောင့် ဒေါ်ပုလဲ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



ပူပန်ရမြန်သည်။ သူမှာမျက်လုံးတွေ ဘယ်လောက်တောင် ရှိနေပါလိမ့်။ စကားပြောခွက်ကို လက်နှင့် ပိတ်ပြီး သားနှင့်စကား ပြောရ၏။

"သားရေ . . .သားလာတာ မင်းဖေဖေသိသွားပြီ၊ သူနဲ့စကား ပြောမယ်တဲ့။ စကားပြောတဲ့အခါ ထိန်းထိန်း သိမ်းသိမ်း စဉ်းစဉ်းစားစား ပြောပါသားရယ် သူကလူတစ်မျိုး၊ သူ့စိတ်က သားရယ် မယားရယ်လို့ တစ်ခါ တစ်ခါငဲ့ ညှာတတ်တဲ့ လူစားမျိုးမဟုတ်ဘူး. . .အစွန်းရောက်တဲ့ စိတ်မာတ်ကြီး. . . သားတော်ကြာအမွေတွေ မရလိုက်ဘဲနေလိမ့်မယ်"

ဒေါ်ပုလဲ၏ စေတနာမှာ တစ်ဦးတည်းသော သားလေးအား ရှိသမျှ အမွေပစ္စည်းဥစ္စာတွေ စံစား၊ ခံစားစေလို တာအမှန်။ သို့သော် ရဲဘုန်းကမနာခံချေ။

"သား . . ဖေဖေနဲ့မေမေကိုချစ်တာ အမွေရလိုမှုကြောင့် မဟုတ်ပါဘူးမေမေ . . .ဖေဖေ သူပေးချင်တဲ့သူကို ပေးပါစေ သားဂရုမစိုက်ဘူး. . .ပေး. . .ဖုန်း"

"အမလေးသားရယ် . . .ဘယ်နယ့်ပြောလိုက်တာလဲ အခြေအနေတွေကို သားလည်း နားလည်သားနဲ့ကွယ်"

"ဟဲလို. . .ပြောပါဖေဖေ. . ."

တစ်ဖက်မှ ဖေဖေပြောသမျှ နားထောင်ခံစားဖို့ ရဲဘုန်းအား မွေးထားရပါချေ၏။ ကိုယ့်ဖအေအကြောင်း ကိုယ်သိသည်။ လာတော့





မယ်လေ . . .သူတစ်ပါးရဲ့ အရှိက်ကို ဖနောင့်နှင့်ပေါက်ဖို့၊ အထက်စီး လေသံတွေနဲ့ စကားပြောဖို့။

"ဟော့ကောင် မင်းမှာအရှက်မရှိဘူးလား အမွေဖြတ် ထားတဲ့မိဘ အိမ်ကို နိုးကြောင်နိုးဝှက်လာနေတာ . . .ဘာ သဘောလဲ မင်းမအေ ကလည်း ခိုးသူနဲ့တူသောမယားပဲ။ ငါသဘောမတူရင် သားအမိ နှစ်ယောက်စလုံး ထောင်ထဲရောက်သွားမယ် မှတ်ထား. . ."

တစ်ဖက်မှ ကြိမ်းမောင်းနေသမျှ ရဲဘုန်းတောင့်ခံနေရသည်။ ဒေါ်ပုလဲမှာ သားဖြစ်သူကို သနားကြင်နာရ လွန်းသဖြင့် မျက်ရည် တောက်တောက်ကျလျှက်. . .

"ဆက်ပြောပါဦး ဖေဖေ. . .ဖေဖေစိတ်ချမ်းသာမယ် ဆိုရင် ထပ်ပြောပါဦး. . .ကျွန်တော်ကျူးလွန်မိတဲ့ အပြစ်က ရောဘာလဲ"

"သက်မင်းသမီးကို ယူလို့ပေါ့ကွ ကိုယ့်ဖအေရဲ့ ရန်သူကိုယူလို့ တစ်နေ့ကျမင်းဒုက္ခလှလှတွေ့လိမ့်မယ်"

"အဲဒီ ဦးသက်မင်းဟာ တစ်ချိန်တုန်းက ဖေဖေ့ အပေါ်အနိုင်ယူ ခဲ့ဖူးလို့လား ဖေဖေကအနိုင်ရခဲ့တာမဟုတ်လားသေချာလည်း စဉ်းစားပါဦး ဖေဖေ. . ."

"မင်းလျှာမရှည်ပါနဲ့. အခုမင်းမိန်းမက ငါ့ကိုရန်ရှာ နေ . . . သိရဲ့လား. . .ငါ့နောက်ကို တကောက်ကောက်လိုက်ပြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



သူဖခင်စကားမဆုံးမီ ရဲဘုန်းရယ်မောလိုက်၏။

"ဦးစိမ်းအောင် ခြောက်တိုင်းမကြောက်ပါနဲ့ ဖေဖေ စကားဆိုတာ သူတစ်ပါးပြောတိုင်းလဲ မယုံရဘူး ဖေဖေရဲ့ သက်လုယ်ခမျာ တစ်နေ့တစ်နေ့ ဈေးရောင်းရတာနဲ့ မအားရရှာပါဘူး အပူတွေဗွတ်ကြီး ဆင်မနေပါနဲ့ ဖေဖေ"

"ဘာပဲဖြစ်ဖြစ် မင်းငါ့ပစ္စည်းတွေ ငါသဘောမတူဘဲ အပ်တိုတစ်ချောင်းတောင် မယူပါနဲ့ မင်းလိုမိဘစကား နားမထောင်တဲ့ ကောင်ကို ပေးမယ့်အစား ဘုရားမှာ အကုန် လှူပစ်ခဲ့မယ်..."

"ဒါဆို သားသာစုခေါ်ပါတယ်ဖေဖေ လှူဖြစ်အောင် လှူလိုက်ပါ ဖေဖေ့အပြစ်တွေလည်း ကျေသင့်သမျှ ကျေတာပေါ့"

"ဘာကွ..."

"ဗျာက်..."

တစ်ဖက်မှ မချိမဆန့်အသံကြီး ထွက်ပေါ်နေဆဲ ရဲဘုန်း ဖုန်းချပစ်လိုက်သည်။ သူမေမေ့ဖက်လှည့်ကြည့်လိုက်လျှင် မေမေ့ခမျာ မျက်ရည်လည်ရွှဲ။

ရဲဘုန်း...မေမေ့ထံသို့ ကြင်နာစွာ လျှောက်သွား ဖြစ်ခဲ့သည်။

"သား...သွားတော့မယ် မေမေ...မေမေ့ကို အနီးကပ်မစောင့်ရှောက်နိုင်တဲ့အတွက် သားစိတ်မကောင်းဘူး မေမေ





ဖေဖေ့ကိုပစ်ထားခဲ့စမ်းပါ သားမေမေ့ကို လုပ်ကျွေးနိုင်ပါတယ်...ဘာလဲ မေမေကဆင်းရဲမှာ ကြောက်လို့လား"

မေမေ့ပုခုံးနှစ်ဖက်ကို ညင်သာစွာကိုင်ရင်းရဲဘုန်း အံကြိတ်နေမိ၏။ ဘဝသည်နေပျော်စရာမရှိသေး။

"မဖြစ်သေးပါဘူးသားရယ်...မေမေ ဆင်းရဲမှာ ကြောက်လို့ သားဆီမလိုက်တာ မဟုတ်ပါဘူး မေမေဟာ မုန်ပြားသလက်ထိုးရောင်း လာခဲ့တဲ့မိန်းမပါသား။ စည်းစိမ် ဥစ္စာကို မမှုပါဘူး ဒါပေမယ့် ငါ့သား ရသင့်ရထိုက်တာ ရဖို့အတွက် မေမေ သူ့ကိုတိုက်ပွဲဝင်ရအုံးမယ်"

ဒေါ်ပုလဲ၏အသွင်က ထိကရုန်းပင်လေးနှယ် ပြန့်ကား ဟောက်ပလျှက် အားမာန်တွေအပြည့် မေမေရယ် ထိကရုန်းဆိုတာ ထိလိုက်ရုံနဲ့ ခွေသွားတတ်ပါတယ် မေမေက လောကဓံကိုခံနိုင်ပေမယ့် ရန်သူတို့နဲ့ရင်ဆိုင်ဖို့ အတွက်တော့ မေမေ့ နလုံးသားက ပျော့စင်လွန်းပါ တယ်။

"ထားလိုက်စမ်းပါ မေမေရယ် သူ့ပစ္စည်း သူလုပ်ချင်သလို လုပ်စမ်းပါစေ မေမေသာလိုက်ခဲ့"

"ဟင့်အင်း ဒီလိုပစ်စလက်ခတ် မေမေ သဘော မထားနိုင်ဘူး ငါတို့ပစ္စည်း ငါတို့သားပဲရရမယ် ကဲပါ သား သွားချင်သွားတော့ မေမေ့ ဗီဇဏာခဏလာတွေ့ပါ သားရယ် ဖုန်းလည်းဆက်ပါ သားရဲ့အသံ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လေးကိုမှ မမြင်တွေ့ရရင် မေမေ့ ဒီဒုက္ခတွေ ခံနိုင်ရည်မရှိတော့ဘူး။

"စိတ်ချပါ မေမေ သား လာတွေ့ပါမယ်. . "

မိခင်ဖြစ်သူ၏ နဖူးဆံစပ်လေးအားငုံ့မွှေးပြီး ရဲဘုန်း ချာခနဲလှည့်ထွက်ခဲ့သည်။

ဖြူစင်သော သံယောဇဉ်ပင်ဖြစ်စေ သူ့ရင်ကို နိုင်မာစွာ တင်းရစ်ဖွဲ့နှောင်လှပါဘိလေ။





## အခန်း(၄)

သည်နေ့ ဦးစိမ်းအောင် စိန်လက်ကောက် လာယူ မည်ဆိုလို့ မေသက်လှယ် ဈေးထွက်ရတာ အထိတ်ထိတ် အလန့်လန့်။ မည်သို့ပင်ဖြစ်စေ ဆိုင်သစ်ကလေး ဖြစ်ရသည့် ကြားထဲ ခဏခဏ ဆိုင်ပိတ်မထားလိုသဖြင့် မေသက်လှယ် ဈေးထက်ခဲ့ခြင်းဖြစ်သည်။

စိန်လက်ကောက်များကတော့ ရဲဘုန်း ယူထားလိုက်ပြီဖြစ်၏။ သို့သော် ဒီလိုပြောလို့ သူတို့ယုံကြပါ့မလား။ ခက်ပါတယ်လေ ကိုတို့မိသားစုတွေကလည်း အမျိုးမျိုးပဲ။ သူမက ပစ္စည်း ဥစ္စာ၊ ရတနာ ရွှေငွေထက် အေးချမ်းသော မေတ္တာများကိုသာ အလိုရှိသူဖြစ်ပါသည်။ ကိုယ်မှာ မိဘတွေ မရှိတော့သဖြင့် သူ့မိဘများ၏ မေတ္တာကို မျှော်လင့်သော်လည်း မပေးလည်းနေလေ။ လင်မယားနှစ်ယောက်ထဲ ပြီးအေး



www.burmeseclassic.com

www.burmeseclassic.com



သာယာသော ကမ္ဘာသစ်လေးကို တည်ဆောက် လိုတာပေါ့။ သို့သော် အခြေအနေတွေက ထိုသို့ဖြစ်မလာ။

"အစ်မ စာ ဦးလေးကြီး တစ်ယောက်ပေးသွားတာ"

အသက်နှစ်ဆယ်ခန့် ချာတိတ်လေး တစ်ယောက်က စာအိတ်ကိုလာပေးသောအခါ မေသက်လှယ် ရင်ထဲ ဒိန်းကနဲ မြည်ဟည်း သွားရ၏ လူကိုယ်တိုင် မလာပဲ စာနဲ့ဆက်သွယ် တောင်းဆိုကြမှာလား။ ကိုရေ ကယ်ပါဦး။

ချာတိတ်ကလေး ပြန်ထွက်သွားသောအခါ နွေနေ့လည်က ပိုပြီးပူပြင်းနေတော့သယောင်ထင်မိ၏။ ဖားပြီးသွားသည့် ထမင်းချိုင့်လေးကို ဆွဲခြင်းထဲပြန်ထဲရင်း ပုဆိုး ဝယ်သည့်ကောင်လေးများနှင့် ရင်ဆိုင်ရ ပြန်သည်။

"အစ်မ ဦးကျမ်းအပြာရောင်ရှိသလား ..."

"ကျွန်တော်က အနီခံ လိုချင်တယ်..."

ကောင်လေးသုံးယောက်က သူတို့လိုချင်သည့် အရောင်များကိုပြောလျှင် မေသက်လှယ် ထုတ်ပြရပါ၏။ အထည်နှစ်ဆယ် ထုတ်ပြထားလျှင် သူတို့စိတ်ကြိုက် ရွေးချယ်နေကြသည်။

ဈေးသည်ဆိုတာလည်း အငြိမ်သမလိုပါပဲလား။

"ငိုချင်လျှက်နဲ့ ဇာတ်ကွက်ကိုလည်း ရယ်လိုက်ရတယ်"





ဆိုသလိုပဲ။ ရင်ဘတ်ထဲမှာ မိုင်းဗုံးတစ်လုံးလို ပေါက်ကွဲစေမယ့် စာတစ်စောင်ကြောင့် အရမ်းတုန်လှုပ် နေရပေမယ့် မေသက်လှယ် မချိုပြုံးလေးဖြင့် ဈေးရောင်းနေ ရသည်။

"သနားစရာပဲကွာ ဒီပုဆိုးလေး အရောင်လေးနန့် နေပုံပြောပါတယ်..."

"ကျွန်တော်တို့သုံးယောက် တစ်ယောက် နှစ်ထည် စီအားပေးမှာ လျှော့ဦးအစ်မ ဘုန်းသက်လှယ် နော် နာမည်ကလည်း မိုက်တယ်.."

အပျိုထင်ပြီး ကောင်လေးတွေကရိနေလျှင် မေသက်လှယ် ငြိမ်နေရပါ၏ ဒါ မရိုးသားတာလား အေးလေ ခုမြင် ခုပျောက်တာပဲ မဟုတ်လား၊ မဟုတ်သေးပါဘူး ရိုးသားမှုနဲ့ပဲ ဖောက်သည်ကို ဆွဲဆောင် လိုက်ပါမည်။

"ဘုန်းသက်လှယ် ဆိုတာ အစ်မတို့လင်မယား နှစ်ယောက်ရဲ့ နာမည်ပါ။ စိတ်ချပါကွယ် အစ်မတို့ဆိုင်က ဘယ်တော့မှဈေးမများရဘူး။ ပစ္စည်းမှန် ဈေးမှန်ပဲ ရောင်းပါတယ် ရေရှည်အကျိုးဖြစ်ထွန်းဖို့က ပိုအရေးကြီးတယ် မဟုတ်လား"

"အယ် ဆွေးပြီ ဒါပေမယ့် ဝယ်မှာပါပဲ အစ်မ ယောကျ်ားက လောက်အောင်ရှာမကျွေးလို့ အစ်မက ထွက်ရှာနေ ရတာလား ကျွန်တော် သာဆိုရင် အစ်မကို မှန်လုံခန်း လေးထဲမှာ အလှမွေးထားဦးမှာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေဟာ စိတ်ကူးယဉ် စကားတွေပါကွယ် တကယ့်လက်တွေ့ဘဝမှာ ဘယ်ဒီလိုဖြစ်နိုင်မလဲ သူက လောက်အောင် ရှာကျွေးပါတယ် ဒါပေမယ့် ဒီခေတ်ကြီးထဲမှာ ခေတ်နဲ့အမှီ လိုက်ရေးက နှစ်ယောက်စလုံး အလုပ်လုပ်ရမှာ ပေါ့ ဟော ဒီမောင်လေးက ၃ ထည်စလုံး ကြိုက်နေပြီနဲ့ ထင်တယ် ကြံ့တုန်းယူလိုက်ပါလား စိတ်ချ "ဘုန်းသက်လှယ်" က ဘယ်တော့မှ ဈေးမများစေရဘူး မောင်လေးရွေးထားတဲ့ အရောင်လေးတွေ အကုန်လှတယ် . . ."

နောက်ဆုံး ပုဆိုး ရှစ်ထည်ရောင်းလိုက်ရသည်။ ပုဆိုးဖိုးငွေများကို သိမ်းထည်ပြီးမှ မေသက်လှယ်ရင်ဘတ် ထဲမှ စာကိုဖောက်လိုက်သည်။

မေသက်လှယ် . . . နှင့်အဖေကို ရက်ရက်စက်စက် တောင်ပေါ်ကနေ ကျောက်တုံးနဲ့ထုချပြီးမှ အစပျောက်အောင် တွန်းချသတ်ခဲ့တဲ့ ဟာရားခံကို နင်သိရဲ့လား . . .

"အို ဘုရား ဘုရား . . ."

ဖေဖေသေဆုံးတယ်ဆိုတာကို သာမန်မျှသာ သိခဲ့သည့် မေသက်လှယ်မှာ ယခုလို တိတိကျကျ သိလိုက်ရသောအခါ ကမ္ဘာကြီး တစ်ခုလုံး ဘယ်လို ဖြစ်သွား မှန်းပင်မသိတော့ သိလိုစိတ်ဖြင့် စိတ်ကို တင်းပြီး သူမ ဆက်ဖတ်၏။





အဲဒါ ရဲဘုန်း ရဲ့ အဖေ ဦးမင်းလွင်ပဲ . . . သူတို့သား အဖရဲ့ လှည့်ကွက်ထဲမှာ နင်ဟာ ဓားစာခံပဲ။ နင့်ဘယ်လိုမှ မလှုပ်နိုင်အောင် သူတို့အကွက်ဆင် ထားကြတာ . . . ဘယ်နှယ်လဲ အခုတော့ နင်ဘယ်လိုမှ မတတ်နိုင်တော့ဘူး မဟုတ်လား။

ငါဟာ နင့်အဖေရဲ့ သူငယ်ချင်းတစ်ယောက်ပါ ဒါပေမယ့် မခြေအနေ အရပ်ရပ်အရ ငါဘယ်သူဆိုတာ မဖော်ပြရဲဘူး ခုအချိန်မှာ သူတို့က အကောင်ကြီးတယ်လေ ကိုယ့်အန္တရာယ်လည်း ကြည့်ရှောင်ပါ။

သက်မင်းရဲ့ သူငယ်ချင်း

စာဖတ်ရင်း တစ်ကိုယ်လုံးတုန်ယင်လာခဲ့သည့် မေသက်လှယ်မှာ စာဆုံးသောအခါ ဘယ်လိုမှ မဟန်နိုင် တော့ပါချေ။ သူမ၏ ကိုယ်ပေါ်သို့ မိုးကောင်းကင်ကြီး တစ်ခုလုံး ပြိုဆင်းပိကျလာသည်ဟု ခံစားလိုက်ရပြီး အသံကုန်ဟစ်ကာ သူမ သတိလစ်လဲကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

"မဟုတ်သေးပါဘူး ဆရာမရယ်···ကျွန်တော် သူယောကျာ်းပါ သက်လှယ်က ဘာဖြစ်လို့ကျွန်တော့် ကိုမတွေ့ချင်ရမှာလဲ ဘာလဲ ကျွန်တော်လာတာ မိုးချုပ်လို့လား ဒါကတော့ဆရာမရယ် ကျွန်တော် ကကားသမားဆိုတော့ ကားထွက်နေရတယ်လေ···ဒါတွေသူသိပါတယ် ကျွန်တော် ရှင်းပြပါ့မယ် ကျွန်တော်ဝင်တွေ့ပါရစေ···"

နီးဗုဏ္ဏလိကဆေးခန်းတစ်ခုမှာ မေသက်လှယ်ကို တင်ထား ရကြောင်း ညရှစ်နာရီခန့်မှ ရဲဘုန်းသိခဲ့သည်။ ထုံးစံ အတိုင်း ကားသိမ်းပြီး အိမ်သို့ပြန်လာလျှင် ရဲဘုန်း မေသက်လှယ်ကို မတွေ့ရဘဲ သော့တန်း လန်းနှင့် တံခါးမကြီးကသာသူ့ကို စောင့်ကြိုနေခဲ့သည်။ ထိုအခါကျမှ





သူမှာ မျက်ပြူးဆန်ပြာဖြစ်ရပြီး မေသက်လှယ်၏ ဆိုင်နီးချင်းများ အိမ်သို့ဆက်သွယ်မေးမြန်းရတော့သည်။

"မေသက်လှယ် နေ့လည်ကတည်းက သတိလစ် လဲကျသွား ခဲ့လို့ "သရဖီ"ဆေးခန်းကို တင်ထားပေးရတယ်၊ မောင်ရင့်ကိုဆက်သွယ်ဖို့ ကျတော့လည်း ဘယ်လိုဆက်ရ မှန်း သိဘူးလေ···အဲဒီဆေးခန်းကိုသာ သွားပေတော့"

စိုးရိမ်ပူပန်မှုများစွာဖြင့် ရဲဘုန်း ဆေးခန်းသို့လိုက်ခဲ့ရသည်။ ဆေးခန်းရောက်တော့ ညကိုးနာရီထိုးလုလု။ တာဝန်ကျဆရာမလေးက သူ့ရင်ကိုမွှမွှကျေအောင် ပြုလုပ်ခဲ့သည်။

"မေသက်လှယ်ညဦးပိုင်း ၇ နာရီလောက်ကတည်း ကသတိရနေ ပါပြီ၊ သတိရကတည်းက တငိုထဲငိုနေပြီး ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး လို့ပြောပါတယ် အထူးသဖြင့် ရှင့်ကိုမတွေ့ချင်ပါဘူးတဲ့။ သူ့ပြောစကားနား မထောင်ရင် သူ့အပြစ်မဟုတ်ဘူးလို့လည်း ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် အခုနေအခါမှာ လူနာရဲ့စကားကို ကျွန်မတို့နားထောင်ရပါမယ်။ ရှင်မနက်ကျမှ နောက်တစ်ခေါက်လာတွေ့ပါ···"

ဆရာမက အေးအေးသက်သာပြောပြီး ပြန်လှည့်သွားသော် သူ့မှာ အရှုံးမီးဝိုင်းပုံစံဖြင့် ဆရာမကို တားထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး ဆရာမရယ် ကျွန်တော့်ဖက်ကလည်း စာနာကြပါဦး . . . ကျွန်တော်ဘက်ကိုလည်း တွေးပေးကြပါဗျာ . . . ကျွန်တော်ဟာ သူ့ယောက်ျားအရင်း ခေါက်ခေါက်ကြီးပါဗျာ . . . ကိုယ့်မိန်းမဘာဖြစ်လို့ ဘာ အကြောင်းကြောင့် ဆေးခန်းတင်ရသလဲ၊ ကိုယ့်ကိုဘာ ကြောင့်မတွေ့ချင်ရတာလဲဆိုတာမှ မသိရရင်…ကျွန်တော် ဘယ်လိုနေရ၊ ဘယ်လိုဖြေရမှာလဲဗျာ . . . ဖယ်ဗျာ . . . ကျွန်တော်ကိုဖမ်းချုပ်ချင်ချုပ် ကျွန်တော်ဇွတ်ဝင်တွေ့ရမှာပဲ တာဝန်ကျ ဆရာဝန်ကြီးတွေရော ကျွန်တော်သွားပြီးခွင့်ပန်မယ်ဗျာ"

ရဲဘုန်းအသွင်ကလည်း ရှူးလုလု။ သို့သော် ဆရာမလေးက လည်းခေါင်းမာပါသည်။

"ဆရာဝန်ကြီးတွေက အချိန်ပိုင်းနဲ့ဝင်တာပါ။ ကျွန်မကို ရှင်မယုံကြည်လို့လား . . . ကျွန်မနဲ့ လူနာက အခု သိပ်ပြီး အားနည်း နေတယ် . . . စိတ်နှလုံးညှိုးချုံးနေတယ် . . ."

"ဟုတ်ပါပြီ . . . အဲဒါ ကျွန်တော်ကုစားပေးမှာပေါ့။ ဆရာမရယ် ခင်ဗျားအသာနေစမ်းပါ အဲဒါကျွန်တော့်ကိစ္စ ကျွန်တော်နဲ့တွေ့မှ သူလုံးဝလန်းဆန်းသွားမှာပေါ့"

"ဟာမရဘူး . . . မရဘူး ရှင်မလိမ့်တပတ်မလုပ်နဲ့ ကျွန်မတို့ လူနာက ယဲ့ယဲ့လေးရယ် အရမ်းသနားစရာကောင်းတာပဲ ယောက်ျားတွေ





ကို မကောင်းပါဘူးရှင် . . . ရှင့်ကြောင့် သူခံစားနေရတာပဲ ဖြစ်လိမ့်မယ်"

အရေးထဲ ဆရာမကလည်း ယောက်ျားမုန်းဝါဒီ တစ် ယောက်ပင်ထင်ပါသည်။ သူ့ဖက်မှာ ကူညီမည့်သူ မရှိဖြစ်နေရ၏။

"မရဘူးဗျာ . . . မတွေ့ရရင်လည်းနေပါစေ။ သူရှိနေ တဲ့ဒီဆေးခန်း လေးရဲ့ ညှိခန်းထဲမှာပဲ ကျွန်တော်မိုးအလင်း ထိုင်စောင့် နေမယ် . . . ခင်ဗျားတွေခွင့်ပေးမယ့် မနက်ကို ကျွန်တော်ဒီကပဲ ထိုင်စောင့်မယ်"

ရဲဘုန်းခေါင်းမာသော်လည်း ဆရာမလေးက သူ့ကို ခြေဆုံးခေါင်း ဆုံး အပြန်ပြန်အလှန်လှန်ကြည့်ပြန်သည်။ ဘောင်းဘီပွပွလုလု မီးခိုးရောင်နှင့် ရှပ်လက်တိုအဖြူက ရဲဘုန်းအသွင်ကို သန့်ရှင်းသပ်ရပ် နေစေသလို သူ့ရုပ်သွင်ကိုလည်း ပိုမိုလှပချောမွတ်စေပါ၏။

အဖြေကို သူစောင့်ကြည့်နေလိုက်သည်။ သို့သော် ဆရာမလေး က ခေါင်းခါနေမြဲ . . .

"ကျွန်မတို့ဆေးခန်းက ပိတ်တော့မှာ ရှင်ညှိခန်း ထဲမှာလည်း ထိုင်ခွင့်မရှိဘူး"

"ကောင်းပြီ ဒါဆိုရင်လည်း ဆေးခန်းရှေ့က အုတ်ခုံ ပေါ်မှာထိုင်စောင့်မယ် ဖြစ်တယ်မဟုတ်လား ခင်ဗျားရဲ့ စူဋ္ဌသုဘဒ္ဒါကိုလည်း ပြောဖြစ်အောင်ပြောလိုက်ပါဗျာ ဆန္ဒန် ဆင်မင်းကြီးတော့ ပလက်ဖောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တစ်ညလုံးစောင့် နေတယ်လို့ တဆိတ်ကျေးဇူးပြု၍ ပြောလိုက်ပါ”

ရဲဘုန်းချာခနဲ လှည့်ထွက်ပြီးနောက် ဆေးခန်းဝင်း တံခါးကိုဖြတ်၍ ဝင်းရှေ့အုတ်ခုံလေးပေါ်မှာ တကယ်ပင် သွားထိုင်နေခဲ့သည်။

ညကိုးနာရီကျော်ပေမယ့် မြို့ပြသည် ရှုတ်ထွေး ဆူညံဆဲ သို့သော် သရဖီဆေးခန်းနေရာလေးကတော့ လမ်းမကြီး မဟုတ်သဖြင့် အနည်းငယ်တိတ်ဆိတ်ပါသည်။ ပြီးတော့ လမင်းကို မြင်ရသည်။ မာကျူရီမီးရောင်တွေကြောင့် အလင်းတွေရှုတ်ထွေးနေသော်ငြား လမင်းကိုသူမြင်နေရသည်။

အား・・・တစ်နေ့လုံးကားမောင်းခဲ့၊ ငွေရှာခဲ့ရသဖြင့် ရဲဘုန်း တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲ့နေခဲ့သည်။ မနေ့ကအထိ သူ့ကိုနင်းနှိပ်ပြုစုပေး ချက်ပြုတ်ကျွေးခဲ့သည့် ချစ်သူသည် ယနေ့ဘာဖြစ် သွားသနည်း။

ကမ္ဘာကြီးပျက်စီးသွားပြီဆိုတာကိုမှ သူယုံချင်ယုံမိ ဦးမည်။ ချစ်သူ သူ့ကိုမတွေ့ချင်ဘူး၊ မချစ်တော့ဘူးဆိုတာ ကိုသူမယုံချင်။

ကြည့်စမ်း မနေ့ကအထိ သူပိုက်ထွေးယုယခွင့် ရခဲ့သည့်ချစ်သူသည် သည်ကနေ့တော့ သူစိမ်းပြင်ပြင်

ရွှေမျက်နှာကိုတောင် မော်ဖူးခွင့်မရခဲ့။

အတန်ငယ်ရှည်လျားသည့် အုတ်ခုံပေါ်မှာ သူအူး ထောင်ပြီး ပက်လက်လှန်လိုက်ပါသည်။ ဘာဖြစ်သလဲ ငါဟာ ပလက်ဖောင်း





မင်းသားပေါ့ ・・・

ပထမမိဘစွန့်ပစ်တယ် ・・・ဟောအခုတော့ ချစ်သူ အရင်းခေါက်ခေါက်ကြီးကတောင် စွန့်လွှတ်ပြီတဲ့လား・・・

သူ・・・တစ်ကိုယ်ရေ ပူဆွေးလွင့်မျောနေခိုက် ယူနီဖောင်းနီနီနှင့် ဆရာမလေး ဝင်းတံခါးဝမှာပေါ်လာခဲ့ပြန် သည်။

“ဒီမှာရှင့်ဒီမှာ ကျွန်မတို့လူနာက ရှင့်ကိုတွေ့မယ်တဲ့”

ဆရာမ၏စကားကြောင့် သူဖျတ်ခနဲ ခုန်ထခဲ့သည်။

“ဘယ်မှာလဲ・・・တွေ့မယ်လေ”

“သူ့ညီခန်းထဲမှာ တကယ်က ဆေးခန်းဖွင့်ချိန်ကုန် နေပြီရှင့် ကျွန်မကရှင်တို့ကို သနားလို့”

“ကျေးဇူးတင်ပါတယ်ဗျာ・・・”

ဆရာမ၏နောက်မှ ရဲဘုန်းလိုက်သွားခဲ့၏။ အခန်းလေးပေါင်းများစွာကို ကျော်ဖြတ်ပြီးမှ သီးသန့်ခန်းလေး တစ်ခုထဲသို့ သူရောက်ရှိသွားခဲ့သည်။

အိုမျက်ရည်များနှင့် ပျက်ပြိုနေသည့် အလှရုပ်ထုဟာသူ့ သက်ထားမဟုတ်ပါလား・・・

နေ့ချင်း ညချင်း ခွေးမြည့်အရည်ပျော်သွားသည့် ရုပ်ကလေးကမကြည့်ရက်စရာ။ သို့သော်・・・သူမ၏ မျက်ဝန်းများ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ကြေကွဲ၊ အဆမတန် စိမ်းကားရဲရင့်နေတာကတော့ ရင်ထိတ်စဖွယ်။

ဘာတွေလည်းအချစ်ရယ်...ကိုယ့်မှာဘာအပြစ် တွေရှိလို့လဲ။

မေသက်လှယ်၏ ကုတင်စွန်းမှာရဲဘုန်း...မရဲတရဲ ထိုင်မိခဲ့သည်။ ဆရာမက အလိုက်သိစွာပင်အပြင်သို့ ခေတ္တ ရှောင်ထွက်ပေးခဲ့သည်။

"အဲဒီမှာ စကားအေးအေးဆေးဆေးပြောကြ။ ဆူဆူညံညံမရှိစေနဲ့နော်...ဘေးခန်းကလူနာတွေ အားနာစရာ"

"ဟုတ်ကဲ့ပါဆရာမ ဒါထက်ကျွန်တော့်ကို လူနာ စောင့်လို့ သဘောထားရင် မဖြစ်ဘူးလား"

"သူကသဘောထားရင်တော့ရပါတယ် ဒါပေမယ့် ကျွန်မကသူ့ရဲ့ စပါယ်ရှယ်နာ့စ်လေ..."

ဆရာမထွက်သွားလျှင် ထွက်သွားချင်း ရဲဘုန်း မေသက်လှယ်၏ အနားသို့ တိုးကပ်လိုက်ပြီး လက်ကလေး နှစ်ဖက်ကို ညင်သာမြဲမြံစွာ ဆုပ်ကိုင်လိုက်၏။

"ကိုကို ဘယ်အတွက်မတွေ့ချင်ရတာလဲ သက်လှယ် ရယ် ဒီစကားတစ်ခွန်းနဲ့တောင် ကိုရင်ပွင့်မတတ် ခံစားရပါတယ်"

သူ့စကားအပေါ် မေသက်လှယ်က ခေါင်းခါခြင်းဖြင့် တုံ့ပြန်





သည်။ သူမ၏အသွင်ကလည်း လိပ်ပြာလွင့်သူပမာ။

"ကို တော်တော်နဲ့ရောက်မလာလို့လားဟင် သက်လှယ် ရယ် ကိုကတော့ ဘယ်သိမလဲကွာ ထုံးစံအတိုင်း ကားဆွဲနေခဲ့တာပေါ့၊ ညရှစ်နာရီကျော်မှ ကားသိမ်း လာတော့မှ သက်လှယ် အိမ်ပြန်မရောက် သေးတာသိပြီး မျက်လုံးပြူးရတာ နောက်မှ ဦးကြည်ခန့်တို့အိမ်ကို ဖုန်းလှမ်း ဆက်သရဖိကို ချက်ချင်းလိုက် လာရတာပါ...သက်လှယ် လည်းကို့ အခြေအနေတွေကို နားလည်ရဲ့နဲ့ကွာ..."

သူရှင်းပြသော်လည်း မေသက်လှယ်က ခေါင်းခါမြဲ။ သူမ၏ မျက်ရည်တို့ကလည်း အဖိတ်ဖိတ် အစင်စင် ရဲဘုန်းရင်နာလှပါသည်။ ချစ်သူ၏မျက်ရည်များကို သူမမြင်ရက်။

"ကိုကိုပြောပြပါဦး သက်လှယ်ရယ်...နေ့လည် ကဖေဖေ လာပြီး နှောင့်ယှက်လို့လားဟင် သက်လှယ် အလိုလိုနေရင်းတော့ သတိမလစ်လောက်ပါဘူး...ဖေဖေ့ကြောင့်လားဟင်"

ရဲဘုန်း တတွတ်တွတ်မေးပေမယ့် သူမကတော့ ခေါင်းခါမြဲ။

"ပြောစမ်းပါ အချစ်ရယ် ကိုမှာဘာအပြစ်တွေရှိလို့ မုန်းသွားတာလဲ သက်လှယ်ကို ကိုချစ်ခဲ့ရတာ မိဘတွေကို ဆန့်ကျင်ပြီးချစ်ခဲ့ရတာပါ ဘာပဲဖြစ်ဖြစ် သက်လှယ်ကိုယ့် အပေါ်သြဘာတထောက်ထားသင့်ပါတယ် သက်လှယ်အခုလို ဘာမပြော၊ ညာမပြော စိမ်းကားရက်စက်ပြနေတာဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို သေအောင်လုပ်နေတာနဲ့ အတူတူပါပဲ . . . ပြောပါ အချစ်ရဲ့ ဘာအကြောင်းတွေကြောင့် ကိုကိုမုန်းသွားရတယ် ဆိုတဲ့အကြောင်း"

သူ့အသံက အနည်းငယ် မြင့်တက်လာတော့ မေသက်လှယ် ပိုမိုငိုကြွေးနေပါ၏။ ရဲဘုန်းမှာထိုင်ရာမှ ထရပ်လိုက်ပြန်သည်။ ဘယ်လိုနေလို့မှမရ။ နေမထိထိုင်မသာ ဖြစ်နေရသည်။

"လင်မယားချင်းအကြားမှာ လျှို့ဝှက်တာတွေ မရှိအပ်ပါဘူး သက်လှယ်ရယ် . . . ကိုကိုပြောပြစမ်းပါ ဖေဖေ မင်းကိုဘာလုပ်သလဲ ဘာပြောသလဲ . . . ကိုဖေဖေ့ကို ဘာမှမလုပ်ပါဘူး . . . သူကဖအေပဲကွာ အနန္တကျေးဇူးရှင် ကြီးပဲ ကိုတို့ဖေဖေရက်စက်သမျှ ရင်စည်းခံဖို့ပဲရှိပါတယ်၊ ဒါပေမယ့်ဖေဖေ ဘယ်လိုရက်စက်ခဲ့တယ်ဆိုတာ နှစ် ယောက်အတူမျှဝေခံစားကြမယ်လေ . . . ခုလိုသက်လှယ် တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေရတာကတော့ ဘယ်တရားမလဲ ကိုကိုမချစ်တော့ဘူးလား . . . မသနားတော့ဘူး လား သက်လှယ်ရယ် . . . ဘယ်လောက်ဆိုးတဲ့သတင်းပဲဖြစ်ပါစေ ကိုကိုပြောပြပါနော်"

ရဲဘုန်း ဤမျှတောင်းပန်ခယနေတာ မြင်ရတော့ မေသက်လှယ် ပြဿနာကို ရင်ဆိုင်ဖြေရှင်းဖို့ စိတ်ကူးရသည်။ သူမကိုယ်ရင်ဘတ်ထဲမှ ယခုတိုင် ခါးတစ်စင်းနယ် မွေနှောက်ဖွေခွနေသည့် စာလေးကို ရဲဘုန်း လက်သို့ ပေးအပ်လိုက်ပါ၏။





"ဟင် . . ."

စာကိုဖတ်ရင်း ရဲဘုန်း၏လက်များတဆတ်ဆတ် တုန်ရင်လာခဲ့ သလို သူ့မျက်နှာမှာလည်း ရစရာမရှိအောင် ပျက်ယွင်းအိုစာလာခဲ့သည်။ ဒါ . . . ဦးစိမ်းအောင်ရဲ့လက်ချက်

ဒီစနက်တံကို ဘာကြောင့် ဖေါက်ခွဲသလဲ . . .

ဒီသတင်းဆိုးကို သယ်ဆောင်သူသည် ဦးစိမ်းအောင်ပဲဖြစ် ရမည်။

"တောက် . . . ရက်စက်လိုက်ကြတာ"

"ရှင်ကခုမှသိတာလား . . . အစကတည်းက ရှင် မသိခဲ့ဘူးလား"

"ပြောစမ်းပါဦး . . . ဖေဖေ့ကို ရှင့်ဖေဖေသတ်တယ် ဆိုတာ ရှင်နည်းနည်းမှ မသိခဲ့ဘူးလား"

ရဲဘုန်းမှာ ညာတတ်သူမဟုတ်သဖြင့် မညာတတ်သော်ငြား မေသက်လှယ်ကို စကားလှလှပြောနိုင်ဖို့ စကားလုံးတွေ စီစဉ်ရသည်။ အခြေအနေက အရေးကြီးဆုံးအချိန် မဟုတ်ပါလား။ အတိမ်းအစောင်းခံမည့် အချိန်မဟုတ်။ ပြီးတာတွေ ပြီးပါစေတော့ရယ်လို့ ပြော၍ရမည်မဟုတ် ရဲဘုန်းအတန်ကြာငိုင်တွေနေမိ၏။

"ရှင်သိတယ်မဟုတ်လား . . . ရှင်သိရဲ့သားနဲ့ ကျွန်မကိုယူခဲ့တာ စာထဲကအတိုင်း ကျွန်မမလှုပ်နိုင်အောင် ရှင်ကျွန်မကိုယူခဲ့တာ ကျွန်မပဲ



www.burmeseclassic.com

www.burmeseclassic.com



ဓားစားခံတစ်ယောက်ပဲ ရှင်တို့ဒုက္ခပေးချင်တဲ့အခါ အလွယ်တကူပေးလို့ရအောင် ကျွန်မကိုဆွဲကပ်ထားတာ"

စွပ်စွဲမှုဒီရေတွေက မချိမဆန့် မြင့်တက်လာသောအခါ ရဲဘုန်းငိုင်တွေနေရာမှ တုန်လှုပ်ရပါ၏။

"မဆိုင်လိုက်တာကွာ . . . မင်းကိုယ့်အချစ်တွေကိုတော့ ဒီလိုလုံးချမပစ်ပါနဲ့ ဒီလိုမစော်ကားလိုက်ပါနဲ့ ဓားစားခံ ဆိုတာဘာလဲကွ ဖေဖေကကို့ဂိုပါ ပစ်ထားလိုက်တာ သက်လှယ်လည်း သိရဲ့သားနဲ့"

"ဒါတော့ ရှင်တို့သားအဖရဲ့ အတွင်းရေးတွေ မာယာတွေ ကျွန်မဘယ်သိနိုင်မလဲ . . . ရှင်ဘယ်လိုပဲ အကြောင်းတွေပြပြ ရှင်တို့သားအဖတွေကို ကျွန်မ နာကျည်းတယ်၊ ကျွန်မဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး။ ကဲအခု အခြေအနေကို သိပြီမဟုတ်လား။ ကျွန်မ ရှင်တို့အားလုံးကိုမုန်းတယ်။ ကျေးဇူးပြုပြီး ကျွန်မကို ဘယ်တော့မှ မဆက်သွယ်ပါနဲ့တော့။ ရော့ ရှင့်ဆိုင်သော့"

ဘုရားရေ ဘယ်သိကြားမင်းကြီးမှ မကယ်နိုင်တော့ဘူးလား အဆုံးစွန်ထိ ထိတ်လန့်တုန်လှုပ်လျက် ရဲဘုန်း ခံစားနေရ၏။ မျက်ဝန်းတို့ကပြူးကြောင်ကြောင် . . .

"သက်လှယ် . . . မင်း . . . တကယ်"

သူ့စကားတွေ ဆွံ့ဆွံ့အအ . . . စကားလုံးတို့က ဒီပါးစပ်ထဲမှ





ထွက်လာသည်ဟုတောင် မထင်ရအောင် ကွဲအက်ပြတ်ရှလျက် . . .

နာကျည်းအေးစက်သော မျက်ဝန်းများဖြင့် မေသက်လှယ်က သူ့ကိုကြည့်သည်။

"ရှင်သွားတော့ ရှင့်ဖေဖေက ကျွန်မဖေဖေကို သတ်ခဲ့ပြီးသလို ရှင်ကလည်းကျွန်မကို သတ်ချင်သေးလို့လား"

မယုံကြည်နိုင်စရာပါပဲ . . . တစ်ခါကသိပ်ချစ်ခဲ့ကြသူ နှစ်ဦးဟာ တစ်ခါမှာတော့ သိပ်ပြီးမုန်းတီးသွားတတ်သတဲ့လား သူ့မှာအံ့အားအသင့်ကြီးသင့်လျက် . . .

မေသက်လှယ်က စောင်ကလေးကို သူ့ကိုယ်ပေါ်မှာ လွှမ်းခြုံလိုက်ပြီး ရဲဘုန်းကိုကျောခိုင်း အိပ်နေခဲ့သည်။

သက်လှယ်ရယ် . . . ကိုယ့်ရင်တွေ တစစ်စစ် နာကျင်ကိုက်ခဲနေရတာ မင်းသိရဲ့လား . . .

ကိုယ်ရဲ့မျှော်လင့်ခြင်း ပန်းတိုင်ကြီးတစ်ခုလုံး တဝုန်းဝုန်း ပြိုကျနေရတာ မင်းကြားရဲ့လား . . .

ကိုယ်ဘဝတစ်ခုလုံး တစ်စစီ ကြေမွလောင် မြိုက်ကုန်တာတွေ မင်းကတော့ သိမယ်မထင်ပါဘူးအချစ်ရယ်

မိန်းမဆိုးလေးလို့ ကိုယ်မင်းကိုမနာကျည်းရက်ပါဘူး ကိုယ့်ကို ရိုက်သောလက်ပင်ဖြစ်စေ . . .



www.burmeseclassic.com

www.burmeseclassic.com



လောလောဆည် သူမက ဤမျှခါးသီး နေတော့ ရဲဘုန်း တပ်ခေါက်ပြန်ဖို့ပဲ စိတ်ကူးရပါသည်။ ချစ်သူ နားပါစေတော့။ ဆိုင်သော့ လေးကို မေသက်လှယ်၏စားပွဲပေါ်မှာ သူပြန်တင်ထားခဲ့ပါ၏။

"သက်လှယ် မင်းဘယ်လိုပဲမုန်းမုန်း မင်းဘယ်လောက်ပဲ နာကျည်းသည်ဖြစ်စေ . . .ကိုယ်ကတော့ မင်းကို ထာဝရချစ်နေမိမှာပါ တစ်နေ့ ကိုယ်ရဲ့အချစ်တွေကို မင်းပြန်လည်သတိရနိုင်ပါစေလို့ ကိုယ်ဆု တောင်းခဲ့ပါတယ်။

"သက်လှယ်. . .မင်းဟာပိန်းကလေးတစ်ယောက်ပါ၊ စိတ်လိုက် မာန်ပါတွေ လျှောက်မလုပ်ပါနဲ့ ကိုကိုစိတ်နာ လို့မပေါင်းချင်ဘူး ဆိုရင် လည်း ကိုယ်မနှောင့်ယှက်ပါဘူး မင်းကိုယ့်အိမ်မှာကိုယ်နေပြီး ကိုယ့်ဆိုင် ကိုယ်ထွက်ပါ မိန်းကလေးဘဝဆိုတာ ရော်ရွက်ဝါလိုလျှောက်ပြီး လေလွင့် နေလို့မရပါဘူး. . .မင်းမှာလည်းကိုယ်ဝန်နဲ့ ကျေးဇူးပြုပြီး ကိုယ့်စကားကို မင်းနားထောင်ပါ . . .ကိုယ်ဟာမင်းကို နှမလေးတစ်ယောက်လို စိတ်ပူပင်လို့ပါ . . ."

သူ့ကိုမေသက်လှယ်က လှည့်လို့ပင် မကြည့်တော့ပါ။ သူ့ဆိုင် သော့ရော . . .အိမ်သော့ပါ သူမအနားမှာထားခဲ့ပြီး ဆေးခန်းထဲမှ ပြန်ထွက်လာခဲ့ရပါ၏။ အခန်းအပြင်မှာ မေသက်လှယ်၏ ဆရာမ။

"ဆရာမ ကျွန်တော့်မိန်းမက ကျွန်တော့်ကို အရမ်းနာကျည်း





နေတယ် ကျေးဇူးပြုပြီး သူ့ကိုဂရုစိုက်လိုက်ပါနော် ဆေးခန်းရဲ့ကျသင့် သရွေဘီလ်ကို ကျွန်တော်ရှင်းမှာပါ ဒီမှာ ကျွန်တော့်လိပ်စာ . . ."

လောလောဆည်. . .ခေါင်းထဲမှာပေါ်လာသည့် "လိပ်စာတစ်ခုကို ရွတ်ပြရသည်။ မေသက်လှယ်နှင့် မျက်နှာ ချင်းဆိုင်တိုက်ခန်းတစ်ခု လွတ်နေတာ သူသိသည်။ အဲဒီ တိုက်ခန်းကိုပဲရအောင်ငှားပြီး စိတ်လေ စိတ်နာကျည်း နေသည့်ချစ်သူဇနီးမယားကို သူစောင့်ရှောက်ရပါ တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"မင်းအဖေက ဒုက္ခပေးခဲ့တယ်ထား ဖအေကဖအေ၊ သားက သားပဲကွာ မေသက်လှယ်ကလည်း တော်တော်ခက်တဲ့ ကောင်မလေးပဲ"

သူငယ်ချင်း ဝေစိုးနှင့်အတူ ထမင်းစားရင်း ရဲဘုန်း ခံစားနေရသည်။ ဝေစိုးက ဖေဖေ့ကုမ္ပဏီမှာ အလုပ်လုပ်သူ ဖြစ်သည့်အပြင် လူလွတ်လည်းဖြစ်သဖြင့် သူနှင့်အတူ လာနေပေးခဲ့သည်။

ထမင်းစားပွဲမှာသူ ငိုနေလျှင် ဝေစိုးက သူ့ကို ချော့မော့သူလည်းဖြစ်သည်။

"သက်လှယ်မှာ ငါ့ရှင်သွေးလေးကိုလည်း လွယ်ထားရ ရှာတာကွာတစ်ယောက်ထဲနဲ့ ဘဝကို ရင်ဆိုင်နေရတာ အဆင်မှပြေပါ့





မလား သက်လှယ်က ညဖက်ဆိုရင် အရမ်းကြောက်တတ်တာ ချိုးချိုးချွတ်ချွတ် အသံတစ်ခုခု ကြားရရင် ငါ့ရင်ခွင်ထဲတိုးဝင်တတ်တဲ့ ကောင်မလေး. . ."

ထမင်းစားပြီးသွားပြီမို့ အိမ်ထောင်ပရိဘောဂတွေ မရှိသည့် ဟင်းလင်းပြင်ညော်ခန်းထဲမှာ လူးလိမ့်နေမိသည်။ ဝေစိုးမှာ သူ့ကိုကြည့်ပြီး စိတ်မသက်မသာ။

"မေမေလည်း သနားပါတယ်ကွာ ဟိုး ငယ်ငယ်ကတည်းက မေမေဟာ ဖေဖေ့ကို အသေကြောက်ရတယ်။ မုန့်ရောင်းပြီး ဖေဖေ့ကို လုပ်ကျွေးလာခဲ့ရတာပါ ခုတော့ ဖေဖေ ဒါတွေမေ့သွားပြီ ငွေကလည်း လူစိတ်ကိုပြောင်းလဲစေတယ်နော် ဖေဖေ ငွေကိုယစ်မူးသွားပြီ . . ."

စိတ်သောက အရောက်ရဆုံးသော အချိန်မှာ ကိုယ့်ရင်ထဲမှ သောကတွေကိုဖွင့်ထုတ်ဖို့၊ မှန်ကန်သော အကြံဉာဏ်တွေရယူဖို့၊ သူငယ်ချင်းကောင်းတွေ လိုအပ်သည်။

ဘုရားရှင် ဟောကြားခဲ့တာပဲ လူတွေရဲ့ သောက၊ ပရိဒေဝ ပူမှုတွေကိုဖြစ်ပေါ်စေတာ အဲဒီလူရဲ့ စိတ်ကြောင့်ပါပဲတဲ့။ တစ်ပါးသူက ဖန်တီးနိုင်တာမဟုတ် ကိုယ့်စိတ်ကြောင့် ကိုယ်ခံစားနေရ တာပါပဲတဲ့။ တွေးကြည့်တော့ဟုတ်သလိုလို။ သို့သော် မလိုက်နာနိုင်တာက ခက်သည်။

"ခုလိုအချိန်မှာ မေသက်လှယ် အနားလည်းနေပေးဖို့ မရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူတူ မင်းမေမေဆီမှာ သွားနေပေးလိုက်ပါလား အဲဒါဆို အန်တီ အားရှိမှာပဲ . . .”

“ဖေဖေက ငါ့ကိုအမွေဖြတ်ထားတာကွာ သူ့အိမ် အရိပ်တောင် မနင်းပါနဲ့ဆိုထားတာ ”

“ဘာပဲဖြစ်ဖြစ်ကွာ မင်းဖေဖေက အပြောကြီးတာပါ။ သူ့ရင်ထဲမှာ သူ့သားသူ ချစ်မှာပါပဲ။ ကိုယ့်ဖေဖေပြောတာ ဖွဲမယူမနေပါနဲ့။ အကောင်းဆုံးကတော့ အန်တီနဲ့မင်း ဆက်သွယ်လိုက်ပါ။ အခုဆို အိမ်မှာ အန်တီတစ်ယောက်ထဲ မဟုတ်လား။ မင်းဖေဖေ ကလည်း ခရီးပဲထွက်နေတာ။ သူပြန်လာလည်း သူမသိအောင် ရုပ်လေးဘာလေး ဖျက်နေပေါ့ကွာ ဒါကလွယ်ပါတယ်”

“ရမလားကွ ဖအေ အရင်းခေါက်ခေါက်ကြီးက ငါ့ရုပ်ကိုမသိဘဲ နေမတဲ့လား ဖေဖေဟာ ငါ့ အပေါ် ဒီလောက်တော့ မရက်စက် သင့်ဘူးကွာ”

ညှော်ခန်းထဲမှာ ရဲဘုန်း လူးလိမ့်နေလျှင် ဝေစိုးကတော့ သူ့အနား မှာ တင်ပလင်ခွေ။ စီးကရက်တိုတွေလည်း ပြည့်လျှက်။

“ဒါကတော့ဒီလိုရှိတယ်ကွ မင်း အဖေဖေက အစကတည်းက သွေးဆူလွယ်တဲ့လူဆိုတော့သူ့ကိုဆွပေးနေတဲ့လူတွေ ကလည်းရှိတော့ မင်းကိုသူ တဒင်္ဂစိတ်ဆိုးနေတာပါ။ နောင်တစ်နေ့ကျတော့လည်း သားဟာ သားပဲပေါ့ကွာ . . .”





“ဝေစိုးရာ ငါအမွေလိုချင်လို့မဟုတ်ပါဘူး ခါတိုင်းလိုပဲ ဖေဖေနဲ့ မေမေကို ပြုစုလုပ်ကိုင်ပေးရင်း ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်ပါ တယ် ခုတော့ ငါမှာ မိတစ်ကွဲဖ တစ်ကွဲသား မယားတစ်ကွဲ ငါတော်တော် ကံဆိုးတာပဲနော်”

“ဟောကောင် . . .ထ. . .ထ. . .ကိုယ့်ကိုယ် ကိုသနားနေတာ ယောကျ်ားမဟုတ်ဘူး မင်းအန်တီနဲ့ ဆက်သွယ်လိုက် လာ ဖုန်းဆက် ရအောင်”

နောက်ဆုံးတော့ မေမေ့ထံ သူဖုန်းဆက်ဖြစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ကံကြမ္မာဆိုတာဘာလဲ . . .

ပညာရှိတစ်ဦးကတော့ အရာရာမှာ မေတ္တာစိတ်ပဲမွေးပါ ရန်စိတ်မမွေးပါနဲ့တဲ့ . . .။

သို့သော် မေသက်လှယ် ခေါင်းခါမိပါသည်။

ပုထုဇဥ်ကတော့ ပုထုဇဥ်စိတ်မွေးမှာပဲ . . .

တစ်ယောက်ထဲမို့ ဖွယ်ဖွယ်ရာရာ မချက်ပြုတ် ဖြစ်ရသည့်ကြားထဲ စားချင်သောက်ချင်စိတ်ကလည်း မရှိသဖြင့် မေသက်လှယ် ယခုထိညစာမစားဖြစ်သေး။

တစ်နေကုန်ဆိုင် ထွက်နေတုန်းက သူ့ကိုမေ့မေ့ပျောက်ပျောက်





ရှိခဲ့သော်ငြား အိမ်ပြန်ရောက်သောအခါ သူ့အရိပ်များက သူမအပေါ်လွှမ်းမိုးသည်။

ဆက်တီတစ်ခုပေါ်မှာ ခွေတီခွေခေါက်ထိုင်ရင်း ဖွင့်ထားသောတီဗီသို့မမြင်သောမျက်လုံးများဖြင့် ငေးကြည့်နေမိပြန်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ‌ဇာတ်လမ်းကလည်း လူတစ်ယောက်ကို လူတစ်စုက အညှိုးတကြီး လိုက်၍သတ်ဖြတ်နေသည့်ဇာတ်လမ်း။

မေသက်လှယ် တီဗွီကိုလှမ်းပိတ်လိုက်ပြီး ရှိုက်ကြီး တငင်ငင်ငိုမိခဲ့၏။

ဖေဖေ . . .အဖြစ်ဆိုးလိုက်တာ ဖေဖေရယ် . . .

ဖေဖေ့ကို ဦးမင်းလွင်ဆိုတဲ့လူကြီးက ရက်ရက်စက်စက်ကျောက်တုံးနဲ့ ထုသတ်သတဲ့။ နောက် မသေမရှင်နဲ့ ဝေဒနာအပြင်းဆုံးအချိန်မှာ တောင်ပေါ်ကတွန်းပစ်လိုက်တာပါ။

မေမေကရော ဖေဖေ့သတင်းကြားပြီး စိတ်တွေ ဖောက်ပြန်သွားလိုက်သည်မှာ နောက်ဆုံးချိန်အထိ . . .

ဘယ်တော့မှခွင့်မလွှတ်ဘူး . . .

သူ့မိသားစုကို ခွင့်မလွှတ်ဘူး။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မေသက်လှယ် နာကျည်းမိသမျှ ကို့ရုပ်သွင်က တရစ်ဝဲဝဲ ပေါ်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသေလို့မဖြစ်သေး။

တစ်နေ့နေ့မှာတော့ ဦးမင်းလွင်ကြီးကို လက်စားချေလိုက်ချင်သေးသည်။ အနည်းဆုံးလူတွေအပေါ် ကိုယ်ချင်းစာတတ်အောင် ပညာပေးလိုက်ချင်သည်။

ဒေါ်ပုလဲနှင့် ရဲဘုန်းကိုတော့ မေသက်လှယ် ဒုက္ခ မပေးချင်ပါ။

လောလောဆည် အသက်ရှင်ကျန်းမာဖို့ မေသက်လှယ်ထမင်းကို ညှစ်ဖျစ်စားရပါတော့သည်။





## အခန်း(၈)

"ဟဲလို...မေမေ...သားပါ"

အိမ်ကြီးတစ်လုံးလုံးထဲမှာ ဒေါ်ပုလဲတစ်ယောက်ထဲ အားငယ်နေမိစဉ် ဖုန်းထဲမှ သား၏အသံ အုပ်အုပ်ကလေးကြောင့် သူမစိတ်ချမ်းမြေ့သွားခဲ့ရသည်။

သားဟာ မေမေ့ရဲ့သခင်၊ မေမေ့ရဲ့ နတ်ဒေဝတာလေးပါပဲ။

"သား...သားကြီး"

သူမ၏တမ်းတသံမှာ ငိုညည်းသံတဝက် စွက်ဖက်သွားခဲ့လျှင် သားခမျာ ထိတ်ထိတ်ပျာပျာ...

"မေမေ...မေမေ ဘာဖြစ်လို့လဲဟင်။ ဖေဖေ[illegible]ဖြစ်သေး



www.burmeseclassic.com

www.burmeseclassic.com



လား။ ဖေဖေရော အိမ်မှာရှိရဲ့လား"

"မင်းဖေဖေ အိမ်မှာမရှိဘူးသား။ အိမ်ပြန်မလာတာ နှစ်ရက်ရှိပြီ။ ခရီးထွက်သွားတယ်နဲ့ တူပါရဲ့ကွယ်။ ဖြစ်နိုင်ရင် အခုချက်ချင်းပဲ မေမေဆီ လာခဲ့ပါလားကွယ်၊ မေမေ အားငယ်လွန်းလို့ပါ"

"ဟာ ဘာလို့ မဖြစ်နိုင်ရမှာလဲ မေမေ။ သားဟာမေမေ့ သားပါ။ ခုပဲသားလာပြီ"

ဖုန်းချသွားသံနှင့်အတူ သားထံမှခြေသံလေးများ ကြားရလျှင် ဒေါ်ပုလဲအားရှိသွားခဲ့၏။

သောကတွေမှန်သမျှ ဝိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ လျှောကျသွားအောင်ပင် သားသည်မေမေ့ရင်ကို ငြိမ်းချမ်းစေပါဘိ။

သားအလာကို စောင့်မျှော်ရင်း ဒေါ်ပုလဲ အိမ်ပေါက်ဝသို့ တကြည့်ကြည့်။





## အခန်း(၉)

ဘယ်လောက်ပဲ ခေါင်းမာသည်ဖြစ်စေ . . . ဟန်ဆောင်ကောင်းသည်ဖြစ်စေ မေသက်လှယ်ရုပ်ပျက်၊ မှုပျက်နေခဲ့သည်။ ခါတိုင်းလို ပုံမှန်အချိန်ဇယားတွေနှင့် အချိန်မှန်ဈေးထွက်၊ အချိန်မှန်ဈေးသိမ်း အိမ်ပြန်ခဲ့သော်ငြား သူမအသွင်က စက်ရုပ်နှယ် . . .

သူမက ဆိုင်နီးချင်းများကို ကိုယ့်အကြောင်း ပြောမပြပေမယ့်လည်း ကြာတော့သူတို့ သိလာကြသည်။

ချောမောလှပသည့် မေသက်လှယ်ကို သားကောင်လို သဘောထားသူတွေထားကြ၊ မနာလိုစရာစုန်းမတစ်ယောက်လို သဘောထားသူတွေထားကြ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း နေ့လည်နေ့ခင်း ဈေးဝယ်ပါးချိန်မှာ နှစ်ဆိုင်ကျော်မှာ ဒေါ်ခင်မြတ်တစ်ယောက် လက်ဖက်တစ်ပန်းကန်နှင့် မေသက်လှယ်ထံရောက်လာခဲ့သည်။

အသားဖြူဖြူ ခပ်ဝဝနှင့် ဒေါ်ခင်မြတ်သည် စကားဖွာသူ၊ ပစိပစပ်များလှသူ။

"သက်လှယ်တို့ကတော့ ဘယ်အချိန်ကြည့်လိုက်၊ကြည့် လိုက် ချောမောလှပနေတာပဲနော် ကုသိုလ်ကောင်းလိုက်ပုံများ အိမ်ထောင်သည်ဘဝ ရောက်နေတာတောင် ဆိုင်မှာလူတရုန်းရုန်း . . ."

သူ့အသံက အောက်ကလိအာ။ သူကဆိုင်ခန်းထဲမှာ ဝင်ထိုင်ခဲ့သည်။

"မလှပါဘူး မမြတ်ရယ် ဒီရုပ်ပါပဲ အရောင်းအဝယ်ကလည်း ဒီလောက်ကောင်းလှတယ် မဟုတ်ပါဘူး လူအုံတိုင်းသာရောင်းရရင် သက်လှယ်တို့သူဌေးဖြစ်နေမှာပေါ့ . . ."

ကိုယ်ကဒိမ်ရှင်မို့မည့်သည်ကို အလိုက်အထိုက် ပြန်ပြောရ၏။ ဒီမိန်းမကြီးက လည်လည်ဝယ်ဝယ် နှံ့နှံ့စပ်စပ်ရှိသူမို့ မေသက်လှယ် သူ့ကိုကြောက်ရပါသည်။

"အဲဒါတွေထားပါအေ ညဦး ဖုတ်သွင်းရထားဆိုက် ပြီအေ့ သိလား . . ."





မေသက်လှယ်၏နားနားသို့ကပ်ပြီး မျက်ခုံးပင့်လိုက်၊ နှုတ်ခမ်းမဲ့လိုက်နှင့် အမူအယာမျိုးစုံလှသည့် ဒေါ်ခင်မြတ်၏ စကားကို သူမနားမလည်။

"ဘယ်က ဖုတ်သွင်းရထားလဲ မမြတ်ရဲ့"

"ညည်းကလည်း တုံးရန်ကောအေ ရတနာ ပုံဆိုက်တာကို ပြောတာ ငွေတွင်းတွေ့တာကိုပြောတာ . . ."

မေသက်လှယ် ပြန်လှန်မေးမနေတော့ပါ။ သူပြောသမျှသာ အားနာပါးနာ နားထောင်ရတော့သည်။

"မမြတ်ဆိုင်ကိုနေ့တိုင်း နေ့တိုင်း ကားအဖြူလေးနဲ့ လာနေတဲ့ အန်ကယ်ကြီးကိုသိလား"

မေသက်လှယ် ခေါင်းခါလိုက်ပါသည်။ ဟုတ်တယ်လေသိမှ မသိတာ . . . ကိုယ်ကကိုယ့်စီးပွားရေးမှလွဲ၍ သူတစ်ပါးအကြောင်းလည်း စပ်စုလိုသူမဟုတ်။

"သက်လှယ်ကလဲ အလိုက်တာ အဲဒါ တကယ့်အကောင်ကြီးကြီးအေ့ ရန်ကုန်မြို့ထဲမှာ သူ့လုပ်ငန်းတွေကို လက်ညှိုးထိုးမလွဲဘဲ"

"အဲဒါဘာဖြစ်လို့လဲ မမြတ် . . ."

"အေး . . . သူကညည်းကို သဘောကျလို့"

"ဘာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းချင်ရှိင်း။ မရှိင်းချင်နေ ဗီဇအရှိင်းစိတ်က လုစ်ခနဲရုန်းကြွပြီး မခင်မြတ်ကို ရိုက်လွှတ်ချင်စိတ်က တားမရ၊ ဆီးမရ။ သို့သော် တဒင်္ဂ အတွင်း မေသက်လှယ်ကိုယ့်စိတ် ကိုယ်ထိန်းချုပ်လိုက်ပါ၏။ ဆိုင်နီးချင်း တွေလေ ပြဿနာမဖြစ်လို့။

"ကြဲကြဲဖန်ဖန် မမြတ်ရယ် ကျွန်မမှာယောကျ်ား ရှိတာ ပြောမပြလိုက်ဖူးလား"

"အဲဒီ့ယောကျ်ားက ကွဲနေတာမဟုတ်လား. . ."

"ဒါဆိုလည်း ဗိုက်ကြီးရှိတာ ပြောပြလိုက်လေ တော်ကြာ ဒီဗိုက်ကထွက်လာတော့မှာ"

"ဒါတွေကရပါတယ် ပြဿနာမဟုတ်ပါဘူး။ ရှင်းပစ်လိုက်ရင် လွယ်လွယ်လေးရယ်"

ဒီမိန်းမကြီးကို မေသက်လှယ်တော်တော် အော်ဂလီ ဆန်သွား ခဲ့၏။ ဖား. . .ဖားချင်း၊ ငါးငါးချင်းစားတယ်ဆိုတာ ဒီလိုမိန်းမမျိုးတွေကို ဆိုလိုတာဖြစ်မှာပဲ။

ရင်ထဲမှာတော်တော် ခါးသည်းနေပြီမို့ အပေါ်ယံက ပြုံးပြ နေရတာ မေသက်လှယ်စိတ်ဆင်းရဲလှပါ၏။

"တော်ပြီ မမြတ် . . .သက်လှယ်ဒါမျိုးစိတ်မဝင်စား ဘူးသက်လှယ်က ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကမ္ဘာကြီးကို





ရင်ဘောင်တန်းချင်တဲ့ မိန်းမမျိုးပါ. . .လောကထဲမှာ အညစ်အကြေး ကင်းစင်စွာ ရှင်သန်ချင်သူလေ...ပြောပြ လိုက်ပါနော် မေသက်လှယ်ဟာ ဒေါင်ဒေါင်မြည်တဲ့မိန်းမသားတစ်ယောက်မို့ စိတ်မဝင်စားကြပါနဲ့လို့။ ကဲမမြတ်လည်း ကြွပေတော့ သက်လှယ်စာရင်း တွေပြုစု လိုက်ဦးမယ်"

ခပ်ပြောင်ပြောင်ပင် နှင်လွှတ်လိုက်ပြီး စာအုပ်တစ် အုပ်ကို ဆွဲယူလိုက်ချိန်မှာ သူမ၏အနားသို့ မေမေဒေါ်ပုလဲ ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး…"

ကိုယ်စိတ်နှလုံးညှိုးချုံးနေသည့်ကြားမှ မေတ္တာစာတ်တွေ ဖြာဝေနေနိုင်သေးသည့် ဒေါ်ပုလဲအား မေသက်လှယ် ငေးမောတွေဝေနေမိ၏။ သူလွှတ်လိုက်တာလား သူဘယ်မှာ လဲ…အို…သူတို့မိသားစုဟာ ငါ့ရန်သူတွေပဲ ဖေဖေ့ ရန်သူဟာ ငါ့ရန်သူ ငါဖေဖေ့အပေါ်သစ္စာမဖောက်သင့်ဘူး။

မေသက်လှယ်၏ ရင်မှာအတွေးများဖြင့် ယောက်ရက်ခတ်လျှက်။ သူမမေမေ့ကို ကြိုဆိုခြင်းမပြု။ မျက်လုံးအပြူးသားဖြင့်သာ ကြည့်နေမိသည်။

"ကိုယ်ဝန်ဘယ်နှစ်လရှိပြီလဲ သမီး"





"လေးလ…"

"ဒီကလေးလေး…ကြီးအောင်သမီးဘယ်လိုမွေးမှာလဲ"

"ရပါတယ်…ကျွန်မမှာသတ္တိရှိပါတယ်"

ဆိုင်ခန်းလေးထဲမှာ မုန့်တိုင်းဝင်မွှေနေသည့်နှယ် မိန်းမသားနှစ်ယောက်၏ တိုက်ပွဲကပြင်းထန်ပေမယ့် အေးအေးဆေးဆေး…

"ပြီးခဲ့တာတွေပြီးပါစေလို့ပြောရင်တော့ မေမေမတရားဘူးပေါ့ ဒါပေမယ့်သမီးရယ် မိန်းမသားဘဝဆိုတာ မိခင်ဘဝ ကိုရောက်လာရင် ကိုယ်ဆန္ဒ၊ ကိုယ်ဖြစ်ချင်တာထက် ကိုယ့်သားသမီးရဲ့ရှေ့ရေးကို ဦးစားပေးရတယ်"

"အို…မဆိုင်လိုက်တာ"

ကိုယ်ကမိခင်ဘဝသို့ လုံးလုံးမရောက်သေးသည့်မို့ သေချာစွာမခံစားတတ်။ ထို့အတူ မေမေဒေါ်ပုလဲကိုလည်း အနိုင်ယူလိုစိတ်ဖြင့် သူမနှုတ်တုံ့ပြန်မိသည်။

"ဆိုင်ပါသော်ကော သမီးရယ်…အခုမေမေလေ ကိုယ်တိုင်သေချင်မတတ်…စိတ်ဆင်းရဲနေရပေမယ့် မေမေ အချိုးနိုးမသေနိုင်သေးဘူး…ကိုယ့်သားရဲ့ဘဝလေး အခြေချပြီး အေးချမ်းသာယာတဲ့အထိ မေမေကြိုးစားအသက်ရှင်ဦးမယ် အဲဒါမိခင်တစ်ယောက်ရဲ့ အနစ်နာခံဆုံးစွန့်သော စိတ်မာတ်ပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုလဲ၏ တစ်လုံးချင်းပြောပြနေသည့် စကားများဟာ ကမ္ဘာကြီးကိုတောင် အံတုနိုင်တဲ့ အချစ်ပါပဲ။ မေသက်လှယ်၏ နှလုံးသားထဲက တစစ်စစ်ကိုက်ဖဲ့ နေရာယူနေကြသယောင် သူမမေမေ့ကို အံ့ဩတကြီး ငေးကြည့်မိပြန်သည်။

ဟုတ်ပါရဲ့ မေမေအသွင် ဟာ တိုက်ပွဲတွေအခါခါ ရှုံးခဲ့သည့် တပ်မှူးကြီးတစ်ဦးနှယ် . . .

"မိခင်အချစ် . . . ကမ္ဘာမြေရဲ့အချစ်"

သူမတိုးတိုးလေး ရွတ်ကြည့်နေမိ၏။

"ဟုတ်တယ်သမီး သမီးဟာ သာမာန်မိန်းမပျိုလေး တစ်ယောက် မဟုတ်တော့ဘူး . . . မကြာခင် မိခင်တစ်ယောက် ဖြစ်တော့မယ့် ဒီတော့ ကိုယ့်ရင်သွေးရဲ့ ရေးရေးကိုကြည့်ရမယ်။ စိတ်လိုက်မာန်ပါ မလုပ်သင့်ဘူး။ စိတ်ကူး မယဉ်သင့်ဘူး။ အခုပဲကြည့်လေ။ အန္တရာယ်တွေက လက်တစ်ကမ်းမှာ"

ကိုမင်းလွင် ပြုခဲ့တဲ့ကိစ္စအတွက် မေမေကြားထဲက အနူးအညွတ် တောင်းပန်ပါတယ် သမီးရယ် သူပြုခဲ့တဲ့ဖြစ်မှုအတွက် မေမေနဲ့သားက သမီး၊ ကိုတစ်သက်လုံး အလုပ်ကျွေး ပြုသွားပါရစေကွယ် နော် သမီးသားလေးခမျာ စိတ်ဆင်းရဲရလွန်းလို့ လူရုပ်ကိုမပေါ်တော့ပါဘူး"

"အခု . . . သူ"





"သူ . . . မေမေဆီမှာပါကွယ် . . . မေမေ့မှာလည်း ဒုက္ခတွေနဲ့ပါ။ ဒါတွေထားလိုက်ပါဦး သမီးရယ် . . . သမီးသာ လက်ခံမယ်ဆိုရင် မေမေတို့သားအမိ သမီးဆီမှာ အတူလာနေပါရစေနော်"

ဒေါ်ပုလဲ၏တောင်းဆိုချက်များကို တွေဝေနားထောင်နေရာမှ မေသက်လှယ် အလန့်တကြားကန့်ကွက်ရ၏။

"အိုမဖြစ်ဘူး . . . မဖြစ်ဘူး ကျွန်မစဉ်းစားဦးမယ် ဘာပဲဖြစ်ဖြစ် ကျွန်မမေမေတို့ကို နာကျည်းတယ်"

ကြွေကျတော့မည့် မျက်ရည်များကို ခေါင်းမော့သွင်းရင်း မေသက်လှယ်မာန်တင်းသည်။

"ဒါတော့ သမီးအစွန်းရောက်သွားပြီ . . . ခွင့်လွှတ်ခြင်းဟာ အကောင်းဆုံးလက်နက်ပါ သမီးရယ်။ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့။ သံသရာမှာ ကံကြမ္မာက ဒဏ်ခတ်ပါလိမ့်မယ် သမီးရယ်။ ပြီးတော့ ဥပဒေဆိုတာအပြစ်ရှိသူ အပေါ်မှာပဲ ဒဏ်ခတ်လို့ရပါတယ် ရှေးရှေးတုန်းက သက်ဦးဆံပိုင်ဘုရင်တွေလို တစ်ယောက်အပြစ် ရှိတာနဲ့ ဆွေခုနှစ်ဆက်၊ မျိုးခုနှစ်ဆက် အပြစ်ပေးတာမျိုး၊ သမီးလုပ်တော့ မလို့လားကွယ် မေမေတောင်းပန်ပါရစေ အပြစ်မရှိတဲ့သားအပေါ်မှာ သမီးခွင့်လွှတ်လိုက်ပါ။ နောင် မွေးဖွားလာမယ့် ကိုယ့်ရင်သွေးလေးရဲ့ မျက်နှာကိုထောက် ထားသောအားဖြင့် သမီး . . . သားအပေါ်ခွင့်လွှတ်လိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငွေးမကြီးဖြစ်လျှက် ဒီလောက်ဂိုက်ဖိုးခယနေသည့် မေမေ့အား မေသက်လှယ်အံ့ဩမိရ၏။

"မေမေဘာလို့ဒီလောက် အသည်းအသန်ဖြစ်နေရတာလဲဟင် သူကတော့အိမ်မှာ အရက်တွေသောက်ပြီး ဇိမ်နဲ့အိပ်နေမှာပါ"

"မေမေဒီလောက် အသည်းအသန်ဖြစ်နေရတာ သားကြောင့်ပေါ့ကွယ်...မေမေ့ဘဝမှာ သားဟာမဏ္ဍိုင်ပါပဲ သားသာလျှင် မေမေ့ရဲ့ အောက်ဆီဂျင်လေ..."

"သူကတော့ လာပြီးအောက်ကျနောက်ကျ မခံဘူးပေါ့လေ။ မေမေ့ကိုပဲ ကိုယ်စားလှယ်လွှတ်တယ်မို့လား"

မေမေပြောသည့် ချက်ကျ၊ လက်ကျစကားများ မေသက်လှယ် နားထဲသို့ ဝင်စပြုလာသည့်အခါ သူမက ထုံးစံအတိုင်း ချစ်သူအပေါ် စိတ်ကောက်လို၏။

"ဒီလိုမလင်နဲ့သမီးရယ် ဟောဟိုမှာကြည့် ကားဘေးကနေ မေမေနဲ့သမီးဆီ အောက်ချင်းငှက်ဖိုကြီးလို လည်တရှည်ရှည်နဲ့ မျှော်နေတာ သမီးရဲ့ယောက်ျားမဟုတ်လား မေမေ သူ့ကိုခေါ်လိုက်မယ်နော်"

"အို...မခေါ်နဲ့...မခေါ်နဲ့ သမီးသူ့ကိုမုန်းပါတယ်။ အကြာကြီး ပစ်ထားတဲ့လူကြီး"

ဒါကတော့ သူမတို့နှင့်သာဆိုင်သည့် သူတို့ချင်း ဖြေရှင်းရမည့်





ပွဲပေမို့ ဒေါ်ပုလဲပြုံးပြလိုက်ပါသည်။

"ကဲ...သမီး...ဒီနေ့ဆိုင်ပိတ်ချင်ပိတ်...မပိတ်ချင်လည်း သမီးတို့နှစ်ယောက် အတူရောင်းကျန်ခဲ့ပေတော့။ ညနေကျရင်တော့ မေမေ့ဆီပဲနှစ်ယောက်စလုံး ပြန်လာရမှာနော်"

"အို မေမေ...ဖေဖေက အမွေပြတ်ကြော်ငြာထားတာ လေ"

"ရတယ်သမီး မိဘဆိုတာ သားသမီးကို မုန်းတယ်ဘယ်ရှိမလဲ။ ကိုမင်းလွင်လည်း သူ့စကားနဲ့သူ လွန်နေမိလို့သာပါ။ မေမေ တာဝန်ယူပါတယ်ကွယ်။ ပြီး သူလည်းခရီးသွားနေတာပါ"

"ဟာ...စိတ်ညစ်စရာကြီး မေမေ...အဲ... မေမေအိမ်ပြန် တော့ရော ကားဘယ်သူမောင်းပေးမလဲ သူ့ကို ပြန်ခေါ်သွားပါ အလကား ဈေးရောင်းတတ်တာလည်း မဟုတ်ဘဲနဲ့"

မေသက်လှယ် ကမူးရှူးထိုးတွေ ဆင်ခြေတက်နေသဲ ဒေါ်ပုလဲ အချက်ပြသဖြင့် အနားသို့ရဲဘုန်း ရောက်လာခဲ့လေသည်။

"ဈေးရောင်းတာပဲကွာ။ ဘာခက်တာမှတ်လို့။ မေမေ ပဒေသာသား သရွေ့ ကိုတို့လင်မယားထမင်းမငတ်ပါဘူးနော် မေမေ"

"ဟုတ်ပါ့...ဟုတ်ပါ့...မေမေအိမ်ပြန်ဖို့က ဦးဘအောင်ပါပါ တယ် ကဲ...မေမေဈေးဝယ်သွားပြီနော်။ ညနေကျ မေမေ့ဆီပဲ ပြန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ မေမေ့ဘဝ အစီပွာယ်ရှိအောင်လည်း ကူညီကြပါဦးကွယ်"

ဤမျှသားအပေါ်ချစ်သည့် မေမေ့အား မေသက်လှယ် အားနာရပါသည်။ ကြည့်စမ်း သူမကျရင်တောင် ကိုယ့်သားသမီးကို မေမေ့လောက် ချစ်တတ်ပါ့မလားမသိ။

"ဟုတ်ကဲ့ပါမေမေ။ သက်လှယ်တို့ပြန်လာခဲ့ပါမယ်"

ယောက္ခမပေမယ့် မအေလိုပါပဲလား။ မေတ္တာတရား ကြီးမားသူများဟာ လူသားတိုင်းအပေါ် စာနာတတ်ကြပေသည်။

မေမေထွက်ခွာသွားသည်နှင့် ဆိုင်ပေါ်မှာရောက်နှင့်နေသည့် ကိုကသူမကိုလှစ်ခနဲ တစ်ချက်ခိုးမွှေးလိုက်လေသည်။

အထည်ဆိုင်ခိုတာကလည်း အထည်တွေနှင့် ရှုတ်ရှက်ခတ်နေသည်ကိုးနော် . . .။





## အခန်း(၁၀)

"ဦးမင်းလွင်ရေ ခင်ဗျားသားနဲ့ သက်မင်းသမီးတော့ ခင်ဗျား အိမ်ပေါ်ရောက်နေကြပြီ။ တကယ့် မြွေပွေးခါးပိုက်ပိုက်ပါပဲ။ သတိသာ ထားနေပေတော့။ အကောင်းဆုံးကတော့ ဦးမင်းလွင် အိမ်ပြန်မအိပ်နဲ့တော့။ အကြောင်းတစ်ခုခုပြပြီးတော့သာ နေလိုက်ပေတော့။ အကောင်းဆုံးကတော့ ခင်ဗျားမန္တလေးကို ခဏလောက် သွားရှောင်နေဖို့ပဲ"

ဦးမင်းလွင်မှာ ဦးစိမ်းအောင်၏ စကားကြောင့် ခေတ္တကြောင်နရသည်။ သူဒေါသတွေကိုလည်း ပင်ကိုဒေါသလား၊ သူတစ်ပါးသွေးထိုးပေးလို့လားဟု သူမဝေခွဲတတ်တော့ပါ။ ဒေါသတွေ ထွက်နေတာကတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကကိစ္စတွေကိုတော့ ကျွန်တော့်တာဝန်ထားပါဗျာ။ ခင်ဗျား အသက်ထက် ဘယ်အရာကမှ အရေးမကြီးနိုင်ပါဘူး။ မန္တလေးက ကုမ္ပဏီခွဲကိုသာ ဖိဖိစီးစီး လုပ်ကိုင်နေပါ။ ဒီမှာက အခြေကျနေပြီလေ"

ဦးစိမ်းအောင်သည် အားကိုးရသည့် သူ့ညာလက်ရုံးပါပဲ။ ဦးမင်းလွင်နောက်ဆံတင်းနေမိတာ ဘာကြောင့်လဲ။ အိမ်ပြန်မရောက်တာလည်း ငါးရက်ရှိပေပြီ။ ဘယ်နေရာ၊ ဘယ်အရပ်တွေမှာ ဘယ်လိုပဲ အဆင်ပြေနေနေ အချိန်တန်လျှင်တော့ အိမ်ပြန်ချင်စမြဲ။

ဦးမင်းလွင်မှာ ကိုယ့်အိမ်ကို ပြန်မည်ဟု စဉ်းစားထားခါမှ သက်မင်းသပီးက အိမ်ပေါ်တောင် ရောက်နေသတဲ့။

တဟုန်းဟုန်း တောက်လောင်ခဲ့သည့် ဒေါသများက အဘယ်ကြောင့် အင်အားပျော့သွားခဲ့ပါလိမ့်။

ဦးမင်းလွင်၏ မျက်ဝန်းထဲမှာ ပုလဲနှင့်သား၏ရုပ်သွင်တို့က တစ်ခါ တစ်ခါပေါ်လာ၊ အသနားခံနေကြသလို။ ဦးမင်းလွင်သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ဗျာ ကျုပ်အိမ်ပြန်လိုက်ဦးမယ်။ မေသက်လှယ်ဟာ မိန်းမသားပဲဗျာ။ သူကဘယ်လောက်တောင် အစွမ်းထက်မှာမို့လို့လဲ။ မန္တလေးကို ဦးစိမ်းအောင်ကို လွှတ်မယ်လို့ ကျုပ်စိတ်ကူးထားတာဗျ။ ခုလို ကုမ္ပဏီမှာ ဖြစ်သလိုနေ နေရတာလည်း မဟန်ပါဘူးဗျာ။ အိမ်မက်တွေလည်း မကောင်းဘူး"





ဟုတ်သည်။ ညကအိပ်မက်ထဲမှာ သူ့တစ်ကိုယ်လုံး သွေးသံရဲရဲ။ ဒါဟာအတိတ်နိမိတ်လား။

သူ့အဖြစ်က အတွင်းထရန်အပြင်ကား၊ အပြင်ထရန် အတွင်းကာသလိုများ ဖြစ်နေသလား။

ဦးမင်းလွင်၏စကားကြောင့် ဦးစိမ်းအောင် အခက်ကြုံသွားရသည်။ သူက အကျိုးလိုသလိုလိုနှင့် ဦးမင်းလွင်ကို အဝေးသို့ ပထုတ်ချင်နေသူ။

အိမ်ထောင်ပျက်တစ်ဦးဖြစ်သည့် ဦးစိမ်းအောင်သည် ဒေါ်ပုလဲ၏အလှကို မက်မောသလို ဦးမင်းလွင်၏ အလှကို မက်မောသလို ဦးမင်းလွင်၏ ပစ္စည်းဥစ္စာများကိုလည်း မက်မောသည်။

တစ်ချက်ခုတ် နှစ်ချက်ပြတ်။

သူ့အကြံအစည်သာ အောင်ခဲ့လျှင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပါပဲ။

ပြီး လောလောဆည် ဦးမင်းလွင်နှင့် ဒေါ်ပုလဲတို့ သေသေချာချာ တွေ့ဆုံကြလို့မဖြစ်။ သူကျူးလွန်ခဲ့သည့် ကိစ္စတွေကို သူတို့ဇနီးမောင်နှံချင်း စကားစပ်မိလျှင်မလွယ်။

သည်တော့ သူ့အလုပ်က ဦးမင်းလွင်ကို သွေးဆူနေအောင် လုပ်ပေးဖို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ဟုတ်လား ဘယ်လိုပျားမက်လို့လဲ ဦးမင်းလွင်ရယ်။ ကျွန်တော့်ကိုလည်း ပြောပြစမ်းပါဦး။ တစ်ချို့အိပ်မက်တွေဟာ အတိတ်နိမိတ်ပဲ"

"အိပ်မက်ထဲမှာ ကျုပ်တစ်ကိုယ်လုံး သွေးသံရဲရဲနဲ့။ ပုလဲက ကျုပ်ကိုပွေ့ပြီး အော်ဟစ်ငိုယိုလို့။ သူ့ရုပ်က ငယ်ငယ်တုန်းက ရုပ်ဖြစ်နေတဲ့အပြင် သနားစရာ ကောင်းလိုက်တာဗျာ။ ကျုပ်အတွေးတွေ အစွန်းရောက်ကုန်ပြီလား မသိဘူး။ မေသက်လှယ်ဟာ မိန်းမသားပဲ။ မိန်းမသားတစ်ယောက်က ကျုပ်ကို ဘယ်လိုအန္တရာယ်တွေများ ပေးနိုင်မှာလဲဗျာ။ ပြီးတော့ သူဟာ ကျုပ်ချွေးမဖြစ်နေပြီမဟုတ်လား။ ကျုပ်အဖြစ်တွေကို ဝန်ချတောင်းပန်ပြီး သူတို့နဲ့ပြေပြေလည်လည် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်ချင်လှပါပြီ"

ဦးမင်းလွင်၏ ခပ်ညည်းညည်း စကားကြောင့် ဦးစိမ်းအောင် ထိတ်လန့်၊ ဒေါသတွေ ထွက်သွားခဲ့သည်။

သူ့အကြံအစည်တွေတော့ ပျက်ကုန်တော့မှာပဲ။ သူတို့မိသားစု ပြန်လည်စည်းလုံးသွားလျှင် သူ့အတွက်နေရာ ရှိတော့မည်မဟုတ်။

သူ့ပုန်းတိုင်က ဦးမင်းလွင်၏နေရာကိုယူပြီး ပုလဲကိုပါ သိမ်းပိုက်နန်းသိမ်းပွဲခံဖို့ဖြစ်သည်။

ရက်စက်တယ်ပဲပြောပြော ဦးမင်းလွင် ကိုယ်တိုင်တောင် သက်မင်းကိုသတ်ပြီး ပစ္စည်းတွေ လုယူခဲ့သေးသည်ပဲ။





သည်တုန်းက သူကလက်ဦးသူ။ ကိုယ်က မျက်မြင်သက်သေ။ ဖော်ကောင်အဆင့်မျှသာ၊ ဒါကြောင့်လည်း ဦးမင်းလွင်က သူ့ကိုပစ်ပစ်ခါခါ မလုပ်ရဲခြင်းဖြစ်သည်။

လောကမှာ လျှင်သူစားစတမ်းပါပဲ။ ဦးမင်းလွင်ကို သူထိန်းထားနိုင်ရမည်။

"ခင်ဗျားဘယ်လိုဖြစ်တာလဲ ဦးမင်းလွင်။ ရန်သူဆိုတာ သေးတယ်၊ ငယ်တယ်ရယ်လို့ လျှော့မတွက်ရဘူးဗျ။ မြွေပွေးဆိုတာ အကောင်သေးလည်း အဆိပ်ပြင်းတယ်။ သူ့ရင်ထဲက အငြိုးအတေး၊ အာယာတတွေဟာ မီးလိုဟုန်းဟုန်းတောက်နေတယ်။ ခုဆို အဲဒီမြွေပွေးမနဲ့ ခင်ဗျားတစ်အိမ်ထဲနေရမှာ။ အချိန်မရွေး လုပ်ကြံသုတ်သင်လို့ရတယ်ဆိုတာလည်း ထည့်တွက်ပါ"

"ပြီး...ဦးမင်းလွင်ရဲ့ အိပ်မက်အတိုင်းဆိုရင် သူဟာ ဦးမင်းလွင်ကိုလုပ်ကြံမှာ အသေအချာပါပဲ။ အခြေအနေတွေ စောင့်ကြည့်ပါဦးဗျာ။ အကောင်းဆုံးကတော့ မေသက်လှယ်ကို အိမ်မှာလက်မခံဖို့ပါပဲ"

ဦးစိမ်းအောင် တက်ကြွစွာပြောနေလျှင် ဦးမင်းလွင် တွေဝေရပြန်သည်။ သူ့မှာ ကိုယ့်အိမ်လည်း ပြန်ချင်သည်။ သူငယ်ပြန်သည်ဟုပင်ဆိုဆို သူ ပုလဲကိုသတိရသည်။ သူ့ဒုက္ခ၊ သုခတွေကို အစဉ်အမြဲမျှဝေခံစားခဲ့သူဟာ ပုလဲပါပဲ။

အိပ်မက်ကြောင့်ပင်ဆိုဆို။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ သူ့ကိုမွေ့ပြီးအော်ဟစ် ငိုယိုနေသည့် ပုလဲ၏ ရုပ်သွင်လေးက သူ့မျက်လုံးထဲမှမထွက်။ သနားစရာကောင်းလိုက်တာ။ အို . . .သူ့စိတ်တွေလည်း ဝေဝါးချည့်နဲ့ကုန်ပါပြီ။

ဘာပဲဖြစ်ဖြစ် ဘဝကို လောဘ၊ ဒေါသ၊ မောဟတွေနှင့် ရင်ဆိုင်ခဲ့ အမှောင်ဖုံးခဲ့ရတာတွေကို သူပင်ပန်းလှပါပြီ။

သူ့အပေါ်မှာ အစဉ်အမြဲကျိုးနွံ၊ ချစ်ခင် သစ္စာရှိခဲ့သည့် ပုလဲရဲ့ရင်ခွင်မှာ သူပြန်ပြီး နားခိုချင်လှပါပြီ။

သူ ဦးစိမ်းအောင်ကို လှမ်းကြည့်သည့် မျက်ဝန်းများက အင်အားချည့်နဲ့လှ၏။

"ကျုပ်တော့ အိမ်ပဲပြန်ချင်တော့တယ်ဗျာ။ ဒီမှာ ဘယ်လိုပဲ အဆင်ပြေပြေ ဘဝဟာခြောက်သွေ့လှတယ်ဗျာ။ ပုလဲဟာ လင်ကို သိပ်ယုယတတ်၊ အလိုက်သိတတ်တဲ့ မိန်းမဗျ။ ကျုပ်သူ့ကိုသတိရတယ်။ မေသက်လှယ်ရဲ့ အနေအထားကိုလည်း ကျုပ်ပြန်ကြည့်လိုက်ဦးမယ်။ ကျုပ်လူ့ကဲခတ်တတ်ပါတယ်ဗျာ"

"ဦးမင်းလွင် ခင်ဗျားတော့ အမှောင်ဖုံးနေပြီ ကျွန်တော့်လို မိတ်ဆွေကောင်းတစ်ယောက် ရှိရဲ့နဲ့တော့ ဦးမင်းလွင်ကို အဆုံးရှုံးမခံနိုင်ဘူး။ တစ်ရက်၊ နှစ်ရက်လောက်တော့ နေစမ်းပါဦးဗျာ။ အားလုံး အဆင်ပြေသွားအောင် ကျွန်တော်ဖန်တီးပေးပါရစေအုံး"

ဦးစိမ်းအောင် သည့်မျှ အသည်းအသန်တားမြစ်နေသောအခါ





ဦးမင်းလွင်မှာ သူ့စေတနာကို လေးစားသောအားဖြင့် တစ်ရက်၊ နှစ်ရက် နေပေးရတော့မည်သာ။

တစ်ရက် . . .နှစ်ရက်ဝဲ့။

အိပ်မက်ဆိုးတွေမက်ပြီး ဘဝမှာ ခြောက်သွေ့ရဦးမှာပေါ့။

"ကောင်းပြီလေ ကျုပ်တစ်ရက်ပဲ စောင့်နိုင်မယ်ဗျာ။ ကဲ ကဲ ကိုစိမ်းအောင်လည်း လုပ်စရာရှိတာတွေ သွားလုပ်ပါတော့"

"ကျွန်တော်ဟာ ဦးမင်းလွင်အကျိုးအတွက်ဆိုရင် ဘယ်လောက် ရေငုံ၊ နှုတ်ပိတ်၊ စောင့်စည်းခဲ့တယ်ဆိုတာ ဦးမင်းလွင်သိပါတယ်။ ဒီ တစ်ရက်အတွင်း အခြေအနေတွေ အေးချမ်းအောင် ကျွန်တော်စီမံ ဖန်တီးစုံစမ်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ။ ကျုပ်ခေတ္တနားပါရစေတော့"

ကုမ္ပဏီရှိ နားနေခန်းထဲသို့ ဦးမင်းလွင် လေးတွဲ့စွာ ဝင်သွားခဲ့လျှင် ခေါင်းတညိတ်ညိတ်ဖြင့် ဦးစိမ်းအောင် ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

အိပ်မက်ဆိုတာ တကယ်ဖြစ်တတ်သလား။ ငယ်စဉ်ကတည်းက သူ့ကိုအနွံအတာခံခဲ့ရ၊ ချစ်ခဲ့ရသည့် ပုလဲသည် မြန်မာအမျိုးသမီးကောင်းတစ်ဦးပါပင်။

သူဆိုးလို့လည်း ပုလဲပစ်မသွားရက်ပါ။ သူနိမ့်ကျသွားလို့လည်း သူ့အပေါ်အချစ်တွေ မလျော့သွားနိုင်ပါ။

သစ္စာတရားတွေ၊ ဘာတွေရယ်လို့ စာမတတ်၊ ပေမတတ်မို့ ကြီးကြီးကျယ်ကျယ်တွေ မဟာစ်ကျွေးတတ်သော်ငြား ရိုးမြေကျအချစ်ဆိုတာ ကမ္ဘာမြေထဲမှာ ဟိုး သမိုင်းဦးဘုံမြေခေတ်၊ အဖိုးတို့အဖွားတို့ခေတ်ထဲက ကျင့်သုံးလာခဲ့သည့် အချစ်ပဲမဟုတ်လား။





ကိုမင်းလွင် ဘယ်လောက်ပင်ဆိုးဆိုး၊ မျက်ကန်းချစ်လို့ပင် စွပ်စွဲ၊ စွပ်စွဲ သူ့နဘေးမှာ အစဉ်အမြဲဖေးမပြီး သစ္စာရှိရှိ လက်တွဲခေါ်သွားလိုက်ချင်သည်မှာ သံသရာရေမြေ ဆုံးသည်အထိပါပဲ။

သူအိမ်ပြန်မလာတာ ငါးရက်တိတိပင် ရှိပါချေပြီ။

ကိုယ်က ကုမ္ပဏီပိုင်ရှင်ကတော် တစ်ယောက်ဖြစ်ပေမယ့် စာမတတ်၊ ပေမတတ်၊ ဘွဲ့မရသည့် တောသူမတစ်ယောက်ပေမို့ ကုမ္ပဏီကိုလိုက်သွားသည့် အလေ့အထလည်း မရှိခဲ့ပါပေ။

ဒီလိုပဲ တစ်သက်လုံးက ထားရာနေ စေရာသွားမို့ သူ့ကိုဆူပူခြင်း၊ စိတ်ကောက်ခြင်းဆိုတာတွေလည်း ပုလဲမလုပ်ခဲ့ဖူးပါ။

သူလက်ညှိုးညွှန်သလိုသာ နာခံခဲ့သူမို့ ယခုလို သူ ငါးရက်တိတိပြန်မလာသည့်အခါ ပုလဲရဲ့ရင်မှာ နေမထိ၊ ထိုင်မသာ။

ညက အိပ်မက်ဆိုးတွေ မက်ခဲ့သည်။ သွေးသံရဲရဲနှင့် သူ့ရုပ်သွင်က ယခုတိုင် ပုလဲမျက်ဝန်းထဲမှမထွက်။

သူ့ကိုသနားလိုက်တာလေ။

ဘယ်လို ဘာတွေပဲဖြစ်ဖြစ် ကိုမင်းလွင်ဟာ သားနဲ့မယားကိုကြင်နာသနားတတ်သူပါ။

တစ်ခုတော့ ရှိသည်ပေါ့။ သူကချစ်ခြင်းကို သာယာ[illegible]ချောင်းစွာဖော်ပြတတ်သူ မဟုတ်ပဲ၊ ဆူပူငေါက်ငန်းခြင်းဖြင့်သာ [illegible]ပြတတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှ ချစ်ခြင်းမေတ္တာတွေကို ပုလဲ အကြွေးမဲ့ယုံကြည်ဆဲ။

သွေးထိုးပေးသူရှိလို့ လောလောဆည် လမ်းလွဲနေသည့် ခင်ပွန်းသည်ကို အဆူအပူ၊ အငေါက်အငမ်းခံပြီး ပုလဲဖြောင်းဖြ ပေးချင်လှပါဘိ။

ယခုဆို သားရယ်၊ ချွေးမရယ်၊ နောက်မြေးလေးတောင် ရတော့မည်ဆိုတာ သူ့ကိုပြောပြချင်စမ်းပါဘိ။ အို...သူဝမ်းသာမှာပါ။

"ငါ့ ကုမ္ပဏီကို ဘယ်တော့မှ ဖုန်းမဆက်နဲ့။ ငါ့အလုပ်ကို ဘယ်တော့မှ ဝင်မရှုပ်နဲ့"

သူကဒီလိုမှာကြားခဲ့ဖူးပေမယ့် ပုလဲမလိုက်နာချင်တော့ပါ။

ညဆယ့်နှစ်နာရီခန့်ရှိနေပေမယ့် သူမအိပ်လို့မရပါ။ ချစ်ခင်ပွန်းကိုတသိမ့်သိမ့် သတိရ၊ လွမ်းဆွတ်နေမိသည်။

သားနှင့် ချွေးမလေးလည်း အိပ်မောကျနေရောပေါ့။ ဒါမှမဟုတ် ရှေ့ရေးတွေ၊ နောင်ရေးတွေ ပြောဆိုနေကြမှာပေါ့။

သူမိတ်ဆိုးလျှင်လည်း ခြေသလုံးဖက်ပြီး တောင်းပန်တော့မည်။ ပုလဲဆိုတာ ခင်ပွန်းသည်ရဲ့ရှေ့မှာ တာဝရရှိကျိုးခဲ့သူပဲလေ။

"ဟဲလို"

တစ်ဖက်မှအသံက ကိုမင်းလွင်ရဲ့အသံ...

အို...သာယာညွတ်ပျောင်းလိုက်တာ...

"အကို"





ငယ်ငယ်တုန်းကလို ခေါ်ချင်စိတ်ပေါ်လာအောင်ပဲ ပုလဲသူ့ကို လမ်းဆွတ်နေခဲ့မိသည်လေ။

"ပုလဲ...ပုလဲလား...ပုလဲ ဘာဖြစ်လို့လဲဟင်"

သူ့အသံက စိုးရိမ်တကြီး၊ ဒါဟာပဲ သူ့ရဲ့အကြင်နာ၊ မေတ္တာတွေပေါ့ ပုလဲဝိုရှိုက်မိတော့မတတ်။

"အကို...ပုလဲဆီပြန်လာခဲ့ပါတော့နော်။ ပုလဲ သူ့ကိုလွမ်းတယ်။ သူဖြစ်ချင်တာတွေအားလုံး မိသားစုနဲ့ ဆွေးနွေးတိုင်ပင်ကြရအောင်ပါ။ သူများသွေးထိုးတိုင်းလည်း မယုံပါနဲ့ အကိုရယ်။ မေသက်လုယ်လေးဟာ သနားစရာပါ။ အခုသူ့မှာ ကိုယ်ဝန်ရှိနေပြီ၊ အကိုနဲ့ ပုလဲ မြေးချီရတော့မယ်သိလား။ အညှိုး၊ အတေးတွေ၊ အာဃာတတွေဆိုတာ မကောင်းပါဘူးအကိုရယ်"

"အကို...ပုလဲပြောတာတွေ ကြားလားဟင်"

"အင်း"

သူ့အသံက မသက်မသာ။ အင်းလေ အကို မျက်နှာပူချင်ပူနေမှာပေါ့။

"နောက်ဆုံးအကိုရယ် ပုလဲဟာ အကို့ဖက်မှာပဲ အမြဲရှိနေမှာပါ။ သားနဲ့သမီးကို ချစ်တယ်ဆိုပေမယ့်လည်း ပုလဲဟာ အကို့ရဲ့ ...ဝရ ပုလဲပါနော်။ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ပေးသင့်ပေးထိုက်တာတွေ ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် အကို့အနားမှာ ပုလဲအမြဲ ရေပူရေချမ်း ကမ်းလှမ်းနေမှာပါ”

“ကိုယ် အခုချက်ချင်း ပြန်လာခဲ့တော့မယ်ကွာ”

“အို အကိုကားမောင်းလို့ ဖြစ်ပါ့မလား . . .ညကြီးမင်းကြီး ဒရိုင်ဘာတွေ ရှိသေးလို့လား”

“ရတယ် ကိုယ် . . .ပုလဲကို အရမ်းလွမ်းသွားပြီ”

တစ်ဖက်မှ ဖုန်းခွက်ချသံနှင်အတူ ခြေသံကြောင့် ပုလဲစိတ်ထဲ ပူသွား၏။

အင်းလေ အကိုဟာ အဖိုးကြီးတော့ မဟုတ်သေးပါဘူး။ သူ ကားမောင်းနိုင်မှာပါ။





## အခန်း(၁၂)

ဖုန်းဆက်ပြီး နာရီဝက်မျှပင်မကြာ။ အခန်းတံခါးခေါက်သံ ကြောင့် ညှိခန်းထဲမှာ အသင့်စောင့်ကြိုနေမိသည့် ဒေါ်ပုလဲ တံခါးကို အပြေးကလေး ဖွင့်ပေးမိခဲ့သည်။ ယယ်ယယ်တုန်းကလိုပင် သူမရင်တွေ ခုန်နေမိပါ၏။ အကိုလာပြီ။ သို့သော် . . .

“အမလေး”

သူမကို တွန်းထိုးပြီး ဝင်လာကြသည့် မျက်နှာဖုံးစွပ်နှင့် လူသုံး ယောက်ကြောင့် ဒေါ်ပုလဲ လိပ်ပြာလွင့်မတတ် ဖြစ်သွားခဲ့သည်။

“အဖွားကြီး သေချင်လို့လား”

သွားစေ့ပြီး ကြိမ်းမောင်းသံနှင့်အတူ တစ်ယောက်က ဒေါ်ပုလဲ ကိုသေနတ်နှင့် တေ့ချိန်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်ယောက်မှာ အိမ်အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။ သားနှင့်ချွေးမလေးအတွက် ဒေါ်ပုလဲစိုးရိမ်သွားမိပေမယ့် သူမ မတတ်နိုင်တော့ပါ။ ကိုယ်လည်း သေနတ်နှင့်အချိန်ခံထားရသည် မဟုတ်ပါလား။

"သွား"

တံခါးကိုပြန်ပိတ်ပြီး ဒေါ်ပုလဲကို အိမ်အပေါ်ထပ်သို့ တက်စေသည်။ ဒါဓားပြတိုက်တာပေါ့။

အိမ်မှာငွေတွေ များများမထားပေမယ့် ရွှေငွေ၊ လက်ဝတ်ရတနာတွေ ရှိသည်။

ဒေါ်ပုလဲ၏ခေါင်းထဲမှာ ပူထူနေလေ၏။ အကူအညီ ဘယ်က ရပါ့မလဲ။

"ဟုတ်ပြီ"

ဒေါ်ပုလဲ စိတ်ထဲမှ အားတက်သွားမိပါ၏။ အကို့ကို ဖုန်းဆက်ထားခဲ့တာပဲ။ သူလာမှာပေါ့။

သို့သော် တံခါးကိုအတွင်းမှ ပိတ်ထားတာခက်သည်။ အင်း ဘယ်သူမှဖွင့်မပေးကြရင် အကိုအခြေအနေတွေ ရိပ်စားမိမှာပါပဲ။

အမိကက သူမအချိန်ဆွဲထားဖို့ပါပဲ။

အတွေးဖြင့် ဒေါ်ပုလဲရဲတင်းသွားရ၏။ ပြီးတော့ ဒီပစ္စည်းတွေလည်း လွယ်လွယ်ကူကူ မပေးနိုင်ပါ။

"သော့ပေး"





ဓားပြသည် စကားနည်းလှပါ၏။ သည်စဉ် ကျန်ဓားပြနှစ်ယောက်ကလည်း ထိတ်လန့်နေသည့် သားနှင့်သမီးကို ဓားမြှောင်များဖြင့်ချိန်ရင်း ခေါ်ထုတ်လာခဲ့လေသည်။

ဒေါ်ပုလဲကို ချိန်ထားသည့် ဓားပြက သော့တောင်းလျှင် ဒေါ်ပုလဲ အူကြောင်ကြောင်လုပ်နေမိသည်။ အလွယ်တကူပေးချင်စိတ်မရှိ။ သူမ စစ်သူသာ မျှော်နေမိသည်။

"သော့ပေးလေ သေချင်လို့လား"

"ခွပ်"

"ဟော့လူ"

သေနတ်ဒင်ဖြင့် သူမ၏ ဦးခေါင်းကိုခတ်ဆတ်ဆတ် ရိုက်ချလိုက်လျှင် ဒေါ်ပုလဲခွေကျသွားသည်နှင့်အတူ ရဲဘုန်းမှာလည်း မျက်စိတွေပြာသွားပြီး မိခင်ထံသို့ ရန်းထွက်ပြေးသွားလေ၏။

အခန်းထဲမှာရုန်းရင်းဆန်ခတ်၊ သို့သော် အခြေအနေတွေကို ဓားပြများဖက်မှ ချက်ချင်းထိန်းလိုက်နိုင်ပါ၏။

"ဟော့ဒီမှာ သတ်ပစ်လိုက်ရမလား။ သူ့ကိုမသေစေချင်ရင် မီးခံသေတ္တာသော့ပေး။ မင်းလည်းမလှုပ်နဲ့"

မေသက်လှယ်၏ လည်ပင်းကို ဓားချွန်ဖြင့် ခပ်ဖိဖိထိုးစိုက်လိုက်လျှင် သွေးများက စို့ထွက်လာပါ၏။ ထို့အတူ ရဲဘုန်းကိုလည်း သေနတ်သမားက ပြောင်းချိန်လိုက်သည်။

ဒေါ်ပုလဲကိုတော့ တစ်ယောက်က ငုတ်တုတ်ထိုင်စေပြီး လက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကို နောက်သို့ စုချည်လိုက်၏။ သူမပါးစပ်ထဲသို့လည်း အဝတ်တစ်ခုထည့်ပြီး အပေါ်မှ စည်းပိတ်လိုက်သည်။

မေသက်လှယ်မအော်ပါ။ သူမလည်ပင်းဆီမှ သွေးများတစ်စက်စက် စီးကျနေသော်လည်း မေသက်လှယ်မအော်။

သို့သော် ရဲဘုန်းမှာ အံကြိုးကြိတ်လျက်။ သူ့ကိုယ်သူလည်း ဒေါသထွက်နေ၏။ မေသက်လှယ်ကို ဓားပြများက ဓားစာခံလုပ်ထားသလို သူ့မိခင်မှာလည်း အချုပ်အနှောင်ခံထားရလေပြီ။

လောလောဆည် သူ့ကိုသေနတ်ဖြင့် ချိန်ထားသူက တစ်ယောက်။

အားမတန် မာန်လျှော့ရတော့မည်လား။ အခြေအနေနှင့် အချိန်အခါကို သူစောင့်ရပေမည်။

ဒေါ်ပုလဲမှာလည်း သားနှင့်သမီးကို ဓားစာခံလုပ်ထားခံရသဖြင့် မီးခံသေတ္တာသော့ ပေးရပါချေတော့၏။

နှစ်ယောက်က ရဲဘုန်းနှင့် မေသက်လှယ်ကို ထိန်းထားပြီး တစ်ယောက်က သော့ဖွင့်သည်။

"ဟာ"

မီးခံသေတ္တာထဲမှာ ဘာမျှမရှိ။ ဓားပြများ ဒေါသထွက်နေကြသလို ဒေါ်ပုလဲနှင့် ရဲဘုန်းလည်း အံ့ဩနေကြပါ၏။ ဘယ်ရောက်ကုန်တာလဲ။

သို့သော် ဓားပြများ၏ ဒေါသက လောဘနှင့်ပေါင်းပြီး အစွမ်း





ကုန်မီးတောက်လျှက်။

တခွပ်ခွပ်အသံများက ဒေါ်ပုလဲ၏ ဦးခေါင်းနှင့် ရဲဘုန်း၏ ဦးခေါင်းပေါ်သို့ ကျရောက်လာကြသည်။

ရဲဘုန်း၏ ဒေါသများလည်း အထွတ်အထိပ်သို့ ရောက်လေ၏။

သေချင်သေ၊ ရှင်ချင်ရှင်။

သူ့ကိုချိန်ထားသည့် သေနတ်သမားကို ဝင်တိုက်ခိုက်လျှင် သေနတ်သံ ထွက်သွားသည်နှင့်အတူ ရဲဘုန်း၏ ပုခုံးမှာလည်း ပူခနဲ။

"ဒိုင်း"

"ကဲ အခြေအနေ မကောင်းဘူးဟေ့ ပြေးကြစို့"

ဘာပစ္စည်းမှလည်း မရရှိဘဲ၊ ပြဿနာတွေ တက်ရတော့မည်မို့ ဓားပြများမှာ အံတကြိတ်ကြိတ်။

မေသက်လှယ်ကို ဓားစာခံအဖြစ် ဒရွတ်တိုက် ဆွဲခေါ်ပြီး သူတို့အောက်ထပ်သို့ ဆင်းပြေးကြ၊ တံခါးဖွင့်လိုက်လျှင် အပေါက်ဝမှာ ဦးမင်းလွင်။

"ဟင်"

အားလုံး ခေတ္တကြက်သေ သေသွားကြစဉ် အခြေအနေတွေကို ဦးမင်းလွင် သိလိုက်၏။ သူလည်း လူဆိုး၊ လူကြမ်းတစ်ဦးပါပဲ။

မေသက်လှယ်ကို ဖျတ်ခနဲလှယူ လွတ်ရာသို့ တွန်းပို့လိုက်သည်ကလျှင်မြန်လှသည်နှင့်အမျှ ဓားပြများကိုဝင်တိုက်ခိုက်သည်မှာလည်း လျှပ်ပြက်သည့်နှယ်။

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

"အား"

မေသက်လှယ် အံ့အားသင့်နေစဉ် ဖွင့်ထားသောတံခါးမှ ရဲပတ္တ ရောင်များ ဝင်လာကြ၏။

ရှေ့မှ တိုက်ခိုက်နေကြသည့် လူထွေးကြီးကလည်း အလုံးလိုက်။

မေသက်လှယ် စကားမပြောနိုင်ပါ။ သူ့ကိုလွှတ်ရာသို့ တွန်းပို့ပြီး ဓားပြများနှင့် အသက်စွန့် တိုက်ခိုက်နေသူဟာ သူ့ဖေဖေရဲ့ရန်သူ၊ သူ့ရန်သူတော်ကြီးတဲ့လား။

လူဆိုတာ တစ်ခါတော့ မှားမှုကြမှာပဲ။ အဲဒီအမှားကို တစ်သက်လုံးမှတ်ပြီး အညှိုးအတေးကြီး နေခဲ့ရပေမယ့် သူဟာ မေသက်လှယ်ရဲ့ အသက်သခင်၊ ယောက္ခမလည်း ဖြစ်လို့နေပြန်သည်။

မကြာမီ ဓားပြများအားလုံး၊ ရဲများ၏လက်သို့ ရောက်ရှိသွားကြသည်။ ပြေးလို့မလွတ်တော့။

သည်စဉ် အိမ်ပေါ်မှ ဒေါ်ပုလဲနှင့် ရဲဘုန်းတို့လည်း သွေးသံရွှဲရွဲဖြင့်က ဒရွတ်ဆွဲဆင်းလာကြပေသည်။

"အမလေး . . . ကိုမင်းလွင်"

"ဖေဖေ"

မြက်ခင်းပေါ်မှာ ဦးမင်းလွင် လဲကျနေပါ၏။ သူ့ကိုယ်မှာလည်း အိပ်မက်ထဲကလို သွေးသံရဲရဲ။

ဓားပြများ၏ ဓားချက်တွေ၊ လက်သီးဒဏ်တွေ။ သုံးယောက်





နှင့် တစ်ယောက်ပေမို့ နှစ်ဖက်စလုံးမှာ ဒဏ်ရာတွေနှင့်။

ရဲများက ဓားပြများ၏ ခေါင်းစွပ်ကို ဆွဲချွတ်လိုက်သည်။

"ဟင်"

ဓားဒဏ်ရာများကြောင့် ဦးမင်းလွင် မမြင်နိုင်တော့သော်လည်း ဒေါ်ပုလဲနှင့် ရဲဘုန်းတို့ကတော့ မြင်လိုက်ရပါသည်။

"ဦးစိမ်းအောင်"

"တောက် ရက်စက်ယုတ်မာလိုက်တာဗျာ"

မကြာမီ ရဲကားများ ဝင်ရောက်လာကြပြီး ဆေးရုံသို့ လူနာများကို ပို့လိုက်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

BURMESE CLASSIC .com

"ဖေဖေ"

"သမီး"

ယခုတော့ ဆေးရုံ၏ အထူးလူနာခန်းထဲမှာ ကမ္ဘာမြေ၏ အချစ်တွေ ပွင့်ဖူးဝေဆာလျှက်။

အခန်းထဲမှာ ဦးမင်းလွင်ကပက်လက်၊ ယဲ့ယဲ့လေး ဖြစ်သော်လည်း ချစ်ခင်သူတွေ ဝိုင်းဝိုင်းလည်နေသဖြင့် နွမ်းကျေသော မျက်နှာမှာ ကြည်နူးပြုံးရွှင်လျှက်။

"မသေကောင်း၊ မပျောက်ကောင်း အကိုရယ်။ ပုလဲဖြင့် ငိုလိုက်ရတာ"





"ဘာလို့ ငိုရတာလဲကွာ . . . ပုလဲမှာလည်း ခေါင်းကဒဏ်ရာကြီးနဲ့၊ ခေါင်းတွေ ကိုက်ကုန်ပါဦးမယ်"

"ပုလဲဒဏ်ရာက သေးသေးလေးပါ အကိုရယ်။ ပုလဲရဲ့ အိပ်မက်ထဲကလို အကို့မှာ သွေးတွေရွှဲနေတော့ ပုလဲဖြင့်လေ ဘယ်လိုခံစားလိုက်ရတယ်ဆိုတာ ပြန်တောင်ပြောမပြချင်၊ မတွေးချင်တော့ပါဘူး။ ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်၊ ကွဲထွက်သွားပြီလားလို့တောင် ထင်မိတယ်"

ရဲဘုန်းနှင့် မေသက်လှယ်မှာ ဖေဖေနှင့် မေမေ၏ အကြင်နာ၊ မေတ္တာလေးများကို ဘေးမှရပ်ကြည့်ရင်း ပီတိတွေ ဝေဖြာလျှက်။

ဖေဖေနှင့် မေမေမှာလည်း အားလုံးကို မေ့သွားပြီး တစ်လောကလုံးမှာ သူတို့နှစ်ယောက်ထဲ ရှိနေသည့်အလား။

"ဘာဖြစ်လို့ လူဆိုးဓားပြတွေနဲ့ ပြိုင်မိုက်၊ ပြိုင်တိုက်ရတာလဲ အကိုရယ်၊ သူ့တို့က သုံးယောက်ကြီးဥစ္စာ။ ကံကောင်းလို့ အကိုမသေတာ။ ခုလည်း ဘယ်မှာ သက်သာလို့လဲကွယ်။ အသည်းအသန် ကုသပေးကြလို့သာ အကိုအသက်ရှင်ရတာ။ တော်သေးတယ်၊ ကိုယ်အင်္ဂါမချို့ယွင်းလို့"

"အကိုလည်း မေသက်လှယ်လေးကို သူတို့က လည်[illegible]ကို ဓားနဲ့စိုက်ထားတော့ မျက်စိတွေပြာဝေသွားပြီး ဝင်တိုက်[illegible]လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုယ့်သမီးပဲလေ။ ပြီး သမီးမှာ ကိုယ်တို့ရဲ့မြေး၊ ကိုယ်တို့ရဲ့သွေးလေး ရှိနေတယ်မဟုတ်လား"

ဦးမင်းလွင်၏စကားကြောင့် မေသက်လှယ်မှာ အသည်းနိုက် မတတ် ကြည်နူးသွားရခြင်းနှင့်အတူ ရင်ထဲမှာလည်း ကျဉ်ခနဲ ခံစားရ လိုက်၏။

ဖေဖေ့ကိုသတ်တဲ့ ရန်သူဟာ သမီးရဲ့အသက်သခင်လည်း ဖြစ်နေ သေးတယ်။ သမီးဘယ်လို ဆုံးဖြတ်ရမှာလဲ ဖေဖေ. . .

မေသက်လှယ် တွေဝေငေးငိုင်နေမိစဉ် ဦးမင်းလွင်၏ လက် များက သူမထံသို့ မရဲတရဲ ကမ်းလင့်လာခဲ့သည်။

"သမီးရယ် ဖေဖေ့ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုရက်ပါဘူး။ ဖေဖေ မိုက်ခဲ့မှားခဲ့ပါတယ်။ ဒါပေမယ့် ရန်သူပင်ဖြစ်ပစေ .တောင်းပန် ဝန်ချရင် ကျေအေးရတာပဲ မဟုတ်လား။ ဖေဖေ့ကို မချစ်တောင်မှ ဖေဖေ့သားနဲ့ ဖေဖေ့မြေးကို ချစ်မယ်ဆိုရင် ဖေဖေကျေနပ်ပါပြီကွယ်"

"ဖေဖေကတော့ ကိုယ့်အပြစ်နဲ့ကိုယ် သမီးပေးတဲ့ အပြစ်၊ သမီးပေးမယ့် အမုန်းကိုခံထိုက်ပါတယ်"

"တကယ်က ဦးစိမ်းအောင် သွေးထိုးပေးလို့လည်း ဖေဖေ ပိုပြီး မိုက်ဖြစ်၊ ဆိုးဖြစ်နေတာပါ။ ဒါကြောင့် ဘုရားရှင်က လူမိုက်ကိုမပေါင်း. နဲ့လို့ ဆိုဆုံးမတာပါ"





"သူလည်း သူ့အပြစ်နဲ့သူ သွားမှာပါလေ။ မိတ်ဆွေဟန်ဆောင် ပြီး ဖေဖေ့ကိုတလျှောက်လုံး ဒုက္ခပေးခဲ့တဲ့သူ့ကို ဖေဖေတကယ်ပဲ ကြောက် သွားခဲ့ပါပြီ"

"ဖေဖေ့အပေါ် ပေးချင်တဲ့အပြစ်သာပေးပါ၊ ချမှတ်ချင်တဲ့ အပြစ် သာချမှတ်ပါ။ ဖေဖေခံပါ့မယ်ကွယ်"

စကားတွေပြောပြီးလျှင် ဦးမင်းလွင်မျက်ဝန်းမှ မျက်ရည်များ စီးကျလာခဲ့ပါလျှင် ဒေါ်ပုလဲမှာလည်း ချစ်လင်၏လက်များကို ရင်မှာ အပ်ပြီး တရှိုက်ရှိုက်ငိုကြွေးရပါသည်။

ရဲဘုန်းမှာလည်း မိဘနှစ်ပါးကို စိတ်မကောင်းကြီးစွာဖြင့် ငေးကြည့်လိုက်၊ မေသက်လှယ်ကို ငေးကြည့်လိုက်ဖြင့် ခံစားနေရပါသည်။

အားလုံး၏မျက်နှာများကို တစ်ချက်ကြည့်လိုက်ပြီးလျှင် မေသက် လှယ် အံကိုတင်းတင်းကြိတ်မိပါ၏။ လက်သီးကို ကျစ်ကျစ်ဆုပ်မိပါ၏။

သူမဟာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်. . .

ဘုရားရှင်သည် အညိုးအတေး၊ အာဃာတတို့ကို အားမပေးပါ။

မေတ္တာတရားကိုသာ အားပေးခဲ့သည်။

ဘုရားရှင်သည် ကိုယ့်အပေါ် အမျိုးမျိုး သေကြောင်းကြံစည်၊ မကောင်းကြံစည် သူများကိုလည်း ခွင့်လွှတ်ခဲ့သည်ပင်။

မေတ္တာတရားသည်သာ အကောင်းဆုံးလက်နက်. . .



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ခြင်းသည်သာ အကောင်းဆုံးတရား . . .

ကမ္ဘာမြေပေါ်မှာ အချစ်တွေပဲ လွှမ်းခြုံရစ်ပတ်နိုင်ပါစေ။

ဖြူစင်သောချစ်ခြင်းများ။

သစ္စာတရားများသာ လွှမ်းခြုံရစ်ပတ်နိုင်ပါစေ။

ဖေဖေနှင့် မေမေ၏ မျက်နှာများကို ပြန်လည်မြင်ယောင်ကြည့်မိတော့လည်း ဖြူစင်ရိုးသားသည့် ကြည်လင်အေးချမ်းသည့် မျက်နှာများက မေတ္တာတရားကိုပဲ ညွှန်းပြဖွဲ့ဆိုနေသယောင်။

အားလုံး၏ ညှိုးငယ်သော အကြည့်များအောက်မှာပင် . . .

အညှိုးအတေး၊ အာဃာတတွေ ရစ်သန်းသည့် မေသက်လှယ်၏မျက်နှာလေးမှာ မေတ္တာတရားတို့ဖြင့် တစ်ရစ်ချင်း ကြည်လင်လာခဲ့သည်။

နူးညံ့လာသည့် မျက်နှာလေးမှာ မျက်ရည်များ ရစ်ဝိုင်းလာခဲ့ပြီးလျှင် သူမတရှိုက်ရှိုက် ငိုကြွေးခဲ့သည်မှာ အားလုံးကို ခွင့်လွှတ်နိုင်လိုက်လို့ပါပဲ။

"ဖေဖေဟာ သမီးရဲ့ အသက်သခင်ကျေးဇူးရှင်ပါ။ ပြီးတော့ သမီးရဲ့ ဖေဖေလည်း ဖြစ်သွားပါပြီ။ သမီး ဒီလိုသဘောထားလိုက်၊ မေတ္တာထားလိုက်နိုင်တာကို တမလွန်က ဖေဖေနဲ့မေမေကလည်း ဝမ်းသာပါလိမ့်မယ်လို့ သမီးယုံကြည်ပါတယ်ဖေဖေ"





လက်အုပ်ကလေးချီပြီး မေသက်လှယ် ခွင့်လွှတ်လိုက်လျှင် ဦးမင်းလွင် ပျော်ရွှင်သွားခဲ့သည်မှာ ပြောမပြတတ်အောင်ပါပင်။

"ဝမ်းသာလိုက်တာ သမီးရယ်။ ဖေဖေတို့ မိသားစုတွေ တစ်သက်လုံးမခွဲပဲ စိတ်ဝမ်းမကွဲကြဘဲ အတူတူနေသွားကြမယ်နော်။ သမီးရဲ့ မိဘတွေအတွက်လည်း ရည်စူးပြီး ဘုရား၊ ပုထိုး၊ စေတီတွေ အလှူအတန်းတွေ ပြုလုပ်အမျှဝေကြမယ်နော်"

ဆေးရုံလူနာခန်းလေးထဲမှာ ပြုံးရွှင်ကြည်နူးနေကြသည့် မိသားစုလေးယောက်၏အဖြစ်က ကမ္ဘာမြေရဲ့အချစ် ပြယုဂ် တစ်ခုပါပင်။

ဆက်လက်ကြိုးစားပါဦးမည်။

ကြယ်စင်မှူးဝေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်မျိုးဝေ

ကမ္ဘာမြေရဲ့အချစ်

www.burmeseclassic.com